The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအာဝင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 19 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 27, 2019

မြန်မာနိုင်ငံက တည်ထောင်ထားရှိသော National Trade Portal and Trade Repository Website ၏ မူရင်းကုတ် (Source Code) အား မိုဇမ်ဘစ်နိုင်ငံမှ ကူးယူသုံးစွဲခွင့်ပြုရေးဆိုင်ရာ မြန်မာ-မိုဇမ်ဘစ် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

စာမျက်နှာ - ၈ ➢



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂၃/၂၀၁၉) ထုတ်ပြန်

စာမျက်နှာ - ၆ ➢

ပြည်ပနိုင်ငံများသို့ ခြေဆန့်တော့မည့် မြန်မာ့ထန်းသီးဆန်

စာမျက်နှာ - ၂၇ ➢

သွင်းကုန်လိုင်စင် လျှောက်ထားရယူရန် လိုအပ်သောစာရင်း အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၉) ပြင်ဆင်ထုတ်ပြန်

စာမျက်နှာ - ၁၁ ➢

ZENITH POWER COMPANY LIMITED

Engineering | Procurement
Construction | Commissioning
Project Management

Room (11/B), Tower (B), Shwe Hin Thar Condo, Pyay Road, Hlaing Township 11051, Yangon, Myanmar.
Phone : (95-1) 652092, 652170, (95-9) 783697502, (95-9) 958254284
Facebook : ZenithPowerCoLtd
E-mail : info@zenithpower.com.mm www.zenithpower.com.mm

SMART SOLUTION RELIABILITY EVERYWERE

SAILUN TIRE

ATREZZO SH406
ATREZZO SVA1
S702
S911

Exclusive Distributor:

SAN NGWE YAUNG CO., LTD.

Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏(၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတက်ရောက် မိုဇမ်ဘစ်နိုင်ငံမှ Mr. Amilcar Carlos ARONE ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်သည် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏(၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများက ပေးအပ်သည့် ဖွံ့ဖြိုးမှုအကူအညီများ ရယူအသုံးပြုရာတွင် ပိုမိုထိရောက်မှုရှိစေရန် ဖွဲ့စည်းထားသည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့(DACU) ၏ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Sector Coordination Groups-SCG) (၁၀) ဖွဲ့တွင် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ **စာမျက်နှာ ၃၁ သို့**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်ထူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁ ရက်အထိ International Rubber Research & Development Board-IRRDB Annual Meeting နှင့် International Rubber Conference တို့အား နေပြည်တော်နှင့် ပုဂံမြို့တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားနိုင်ရေး၊ မြန်မာ့ရော်ဘာများအား နိုင်ငံတကာ စံချိန်စံညွှန်းမီအရည်အသွေးဖြင့်တိုးမြှင့်၍ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ မြန်မာ့သဘာဝ ရော်ဘာအရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်း၊ အရည်အသွေး ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ရယူခြင်းကိစ္စတို့အား ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက်မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ဆန်စပါး စျေးကွက်နှင့် စျေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်အတွက် လည်းကောင်း၊ အခြေခံစျေးနှုန်းအောက် စပါးစျေးနှုန်းနိမ့်ကျနေသည့်အတွက် ရေတိုဆောင်ရွက်မည့် နည်းလမ်းများ၊ ရေရှည်အစီအမံများ ရေးဆွဲထားနိုင်ရန်အတွက် လည်းကောင်း၊ စပါးများကို ဝယ်ယူသင့်သည့် စျေးနှုန်းကြိုတင်သတ်မှတ်ထားပြီး မဖြစ်မနေဝယ်ယူရန် လိုအပ်လာပါက ဝယ်ယူနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စပါးတစ်ဧကေ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တစ်တင်းထုတ်လုပ်မှု ကုန်ကျစရိတ်အား အတည်ပြုထားနိုင်ရန်အတွက် လည်းကောင်း၊ ယခုအစည်းအဝေးအား ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့်ဦးဆောင်အဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ ဆန်စပါးစျေးကွက်နှင့် စျေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီအား လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး ကော်မတီအောက်တွင် ဖွဲ့စည်းပြီး ပါဝင်ဖွဲ့စည်းသင့်သည့် ကိုယ်စားလှယ်အမည်စာရင်း၊ လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့် ကော်မတီဖွဲ့စည်းမိန့် (မူကြမ်း)အား အတည်ပြု သတ်မှတ်ပေးနိုင်ရန်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အခြေခံစျေးနှုန်းအောက် နိမ့်ကျနေမှုနှင့်စပ်လျဉ်း၍ ကာလတို၊ ကာလလတ် အစီအမံများ ရေးဆွဲထားရှိမှုအား ပြန်လည်တင်ပြပေးရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စပါးတစ်ဧကေ ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် တစ်တင်းထုတ်လုပ်မှု ကုန်ကျစရိတ်အား အတည်ပြုထားနိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းကြရန် စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီးနောက် တက်ရောက်လာကြသော လွတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **MOC (IR)**

Commerce
JOURNAL

အတိုင်ပင်ခံစာတည်း
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

စာတည်းမှူးချုပ်
အောင်သူရ

တာဝန်ခံစာတည်း
-

အုပ်ချုပ်ရေးမှူး
အေးအေးမော်

စာတည်းအဖွဲ့
ကြည်သာသစ်နိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၅၅၃)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၇/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၉)

ကွန်ပျူတာ
သင်းသိရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

ရေကြောင်းမှ ဆန်ပိုမိုတင်ပို့ပြီး ဟီတီသို့ ဈေးကွက်သစ်ရရှိ

မေ ၁ရက်မှ ၁၇ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ဧည့်မထဆန်နှင့် ငစိန်ဆန် တန်ချိန် ၅၀၀၀ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၄၆၀၀ ကျော်နှင့် ချင်းရွှေဟော်မှ တန်ချိန် ၄၀၀နီးပါး ဖြစ်သည်။

မေ ၁၂ရက်မှ ၁၈ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀သန်းကျော် တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန် နှင့် ပေါင်းဆန် တန်ချိန် ၃၃၈၀၀ခန့်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့သော နိုင်ငံများမှာ ဗီယက်နမ်၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ရုရှား၊ မက်ဒါဂါစကား၊ တိုဂို၊ ဘီနင်၊ ကင်မရွန်း၊ နီဂျာ၊ ဟီတီနှင့်အီးယူတို့ဖြစ်သည်။ တစ်ပတ်အတွင်း ဆန်အများဆုံး တင်ပို့သောနိုင်ငံမှာ ကင်မရွန်းဖြစ်ပြီး တန်ချိန် ၁၁၀၀၀ တင်ပို့ခဲ့သည်။ ကျန်နိုင်ငံများအလိုက် တင်ပို့မှုမှာ အီးယူနိုင်ငံများသို့ တန်ချိန် ၄၈၆၀၊ နီဂျာသို့ တန်ချိန် ၄၀၀၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၃၈၈၀၊ ဘီနင်သို့ တန်ချိန် ၃၀၀၀၊ မက်ဒါဂါစကားသို့ တန်ချိန် ၂၄၃၀ကျော်၊ တရုတ်နိုင်ငံသို့ တန်ချိန် ၂၃၄၀ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာဈေးကွက်သစ်ဖြစ်သော ဟီတီနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၅၀၀ တင်ပို့နိုင်ကြောင်းသိရသည်။ ယခင်တစ်ပတ်က ရေကြောင်းမှ ဆန်တန်ချိန်၁၃၀၀၀ ကျော် တင်ပို့ခဲ့သည့်အတွက် ယခုတစ်ပတ် ဆန်တင်ပို့မှု တန်ချိန် ၂၀၀၀၀ကျော် ပိုမိုကြောင်း သိရသည်။

ရေကြောင်းမှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၂၀၀၀ကျော်တင်ပို့ပြီး စင်ကာပူနှင့်အီးယူနိုင်ငံများသို့ တင်ပို့ခဲ့သည်။ စင်ကာပူသို့ ဆန်ကွဲ ၇၅တန်နှင့်အီးယူသို့ တန်ချိန် ၁၁၀၀၀ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် ဆန်ကွဲတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်တစ်ထောင်ကျော် လျော့ကျခဲ့သည်။

ယခုတစ်ပတ်အတွင်း ကုန်းလမ်းနှင့်ရေလမ်းနှစ်ခုမှ ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန်တန်ချိန် ၃၈၈၀၀ နှင့်ဆန်ကွဲတန်ချိန် ၁၂၀၀၀ကျော်ဖြစ်သည်။ ရေကြောင်းမှ ဟီတီနိုင်ငံသို့ဈေးကွက်သစ်ရရှိခဲ့ပြီး ရေကြောင်းတင်ပို့မှုမှ ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရသည်။

ယဉ်ယဉ်အေး

သာယာဝတီခရိုင်အတွင်း စပါး/ ဆန်ဈေးနှုန်းအခြေအနေ

ပဲခူးတိုင်း(အနောက်) သာယာဝတီခရိုင်အတွင်း စပါး/ ဆန်ဈေးနှုန်းများအနေဖြင့် မိုးစပါးဈေးနှုန်းများမှာ ၄၆ ပေါင်တင်း ၁၀၀ လျှင် ကျပ် ၅၄၂၈၀၀ ခန့်နှင့် (မိုး)ဆန်ဈေးနှုန်းမှာတော့ တစ်အိတ်လျှင် အနိမ့်ဆုံးကျပ် ၂၁၅၀၀ နှင့် အမြင့်ဆုံး ကျပ် ၂၂၀၀၀ ခန့်ရှိကာ ဈေးနှုန်းများမှာ အပြောင်းအလဲမရှိဘဲ ဈေးငြိမ်နေသည်။ ထိုသို့ဈေးအေးပြီး ငြိမ်နေရခြင်းမှာ မိုးစပါးလက်ကျန်မရှိတော့သလောက် နည်းပါးခြင်း၊ နွေစပါးများလည်း ပေါ်လာပြီဖြစ်သောကြောင့် ဈေးငြိမ်နေရခြင်းဖြစ်သည်။

နွေစပါးမှာလည်း ခရိုင်အတွင်းမြို့နယ်များ၌ ပေါ်ထွက်လာကာဈေးနှုန်းမှာတော့ စတင်ထွက်ရှိချိန်တွင် ၄၆ ပေါင်တင်း ၁၀၀ လျှင်ကျပ် ၄၃၂၄၀၀ ခန့်ရှိကာ ယခုသီတင်းပတ်တွင် တင်း ၁၀၀ လျှင် ကျပ် ၄၁၄၀၀၀ ခန့်ရှိပြီး ယခင်သီတင်းပတ်ထက်စာလျှင် ဈေးနှုန်းကျဆင်းလာသည်ကိုတွေ့ရသည်။ (နွေ)ဆန်ဈေးနှုန်းများမှာ တစ်အိတ်လျှင်ကျပ် ၁၆၅၀၀ ခန့်ရှိကြောင်း သိရသည်။

ဝေဝေဖြိုး(သာယာဝတီ)

ရောဝတီတိုင်းအတွင်း ဧည့်မထနွေစပါးဈေးနှုန်း အနည်းငယ်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုတွင် ဧည့်မထနွေစပါးဈေးနှုန်း ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းလျက်ရှိပြီး ပုသိမ်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များတွင် ယခင်တစ်ပတ်ကနွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကိုကျပ် ၄၆၀၀၀၀ မှ ယခု ၄၅၀၀၀၀၊ မြောင်းမြ၊ အိမ်မဲ ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် ယခင်တစ်ပတ်ကနွေစပါး ၄၆ ပေါင်၊ တင်း ၁၀၀ ကို ကျပ် ၄၆၄၀၀၀၊ ၄၆၈၀၀၀ မှ ယခု ကျပ် ၄၅၅၀၀၀၊ ၄၆၀၀၀၀ ဈေးဖြစ်သွားရ၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းလျက်ရှိသည်။

လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်ဝပူမြို့နယ်များတွင် နွေစပါး ၄၆ ပေါင်၊ တင်း ၁၀၀ ကို ယခင် ကျပ် ၄၆၀၀၀၀၊ ၄၇၀၀၀၀ မှ ယခု ကျပ် ၄၄၀၀၀၀၊ ၄၄၅၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀၊ ၂၅၀၀၀ ဝန်းကျင်ခန့်ဈေးနှုန်းကျဆင်း လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

ဧည့်မထနွေစပါးဈေးနှုန်းကျဆင်းရခြင်းမှာ ရန်ကုန်နှင့် အထက်အညာဒေသများမှ ဝယ်လိုအားနည်းပါးခြင်း၊ ဆန်ဈေးကွက်အေးနေခြင်းတို့ကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းရခြင်းဖြစ်ကြောင်း ဆန်၊ စပါးဈေးကွက်သတင်းများအရ သိရသည်။

မင်းမင်းဦး(ပုသိမ်)

အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂၄-၅-၂၀၁၉ ဒေါ်လာ/တန်

	ထိုင်း			ဗီယက်နမ်			အိန္ဒိယ			ပါကစ္စတန်		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
ဆန်ပြူ ၁၀၀%	၃၉၅	၃၉၅	□	-	-	-	-	-	-	-	-	-
ဆန်ပြူ ၅%	၃၈၅	၃၈၅	□	၃၆၂	၃၅၃	▽	၃၈၀	၃၉၀	△	၃၆၉	၃၆၂	▽
ဆန်ပြူ ၁၀%	၃၈၄	၃၈၄	□	၃၅၇	၃၄၉	▽	-	-	-	၃၆၄	၃၅၇	▽
ဆန်ပြူ ၁၅%	၃၈၁	၃၈၁	□	၃၅၂	၃၄၅	▽	-	-	-	၃၅၉	၃၅၂	▽
ဆန်ပြူ ၂၅%	၃၇၂	၃၇၂	□	၃၃၉	၃၃၅	▽	၃၆၀	၃၆၅	△	၃၃၀	၃၂၆	▽
ပေါင်းဆန်	၄၁၉	၄၁၃	▽	-	-	-	၃၆၃	၃၆၃	□	-	-	-

Source: liverice

ပြည်တွင်းမြို့ကြီးများ၏ (၂၄-၅-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

မြို့	ဧည့်မထအုပ်စု				ပေါ်ဆန်းအုပ်စု			
	စပါး		ဆန်		စပါး		ဆန်	
	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်
အနိုပိုဒေသများ								
မြည်	၅၁၅၂	▽	၂၀၀၀၀	▽	၉၁၅၀	□	၄၀၀၀၀	▽
ပုသိမ်	၅၇၀၀	□	၂၂၀၀၀	□	၈၉၀၀	□	၄၁၀၀၀	□
ပဲခူး	၅၄၅၀	□	၂၂၀၀၀	▽	-	-	၄၃၀၀၀	□
ရွှေဘို	-	-	၃၂၀၀၀	□	၁၄၅၀၀	□	၄၆၀၀၀	□
စစ်တွေ	၅၃၀၀	▽	၂၃၀၀၀	▽	၉၀၀၀	▽	၃၉၀၀၀	□
အနိုလိုဒေသများ								
နေပြည်တော်	၇၀၀၀	□	၂၇၅၀၀	□	-	-	၄၇၅၀၀	□
ရန်ကုန်(ပါးတန်း)	၅၂၀၀	□	၂၈၀၀၀	□	-	-	၅၂၀၀၀	△
မန္တလေး	၇၅၀၀	□	၂၅၀၀၀	□	-	-	၅၀၀၀၀	□
မကွေး	၇၀၀၀	□	၂၃၅၀၀	□	-	-	၅၂၅၀၀	□
မော်လမြိုင်	၅၇၀၀	□	၂၂၀၀၀	□	၉၆၆၀	□	၃၈၀၀၀	□
လှိုင်ကော်	၉၅၈၅	□	၄၃၀၀၀	□	-	-	၆၈၀၀၀	□
မြိတ်	၅၆၀၀	□	၂၄၅၀၀	□	-	-	၄၄၀၀၀	□
ဘားအံ	၅၃၀၀	□	၂၃၀၀၀	□	-	-	၄၈၅၀၀	△

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြိုနယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

၁၇-၅-၂၀၁၉ မှ ၂၃-၅-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း							
No	Form Tpye	New	Amend	Extension	Cancel	True Copy	Total
1.	Certificate of Origin (COs)						
	Form A	251	8	-	-	1	260
	Form AANZ	10	-	-	-	-	10
	Form AI	96	8	-	-	1	105
	Form AJ	14	-	-	-	-	14
	Form AK	90	4	-	-	-	94
	Form CNINA	-	-	-	-	-	-
	Form D	102	9	-	-	-	111
	Form DFTP	6	1	-	-	-	7
	Form E	131	8	-	-	1	139
	Form Korea	9	-	-	-	-	9
2.	Product Card	-	-	-	-	-	-
3.	Certified Exporter	-	-	-	-	-	-
	Total	709	38	-	-	2	749

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၅-၂၀၁၉ ကျပ်/ပိဿာ

ပဲအမျိုးအမည်	ရန်ကုန်			မန္တလေး			မုံရွာ			မကွေး		
	အ၀/၅	၂၄/၅	ပြောင်းလဲမှု	အ၀/၅	၂၄/၅	ပြောင်းလဲမှု	အ၀/၅	၂၄/၅	ပြောင်းလဲမှု	အ၀/၅	၂၄/၅	ပြောင်းလဲမှု
မတ်ပဲ	၁၃၇၅	၁၄၁၇	▲	၁၃၃၃	၁၃၈၃	▲	၁၃၇၅	၁၃၀၀	▼	၁၃,၂၅	၁၄၀၀	▲
ပဲစင်းငုံ	၁၅၃၅	၁၅၈၂	▲	၁၆၁၇	၁၇,၃၃	▲	၁၆,၂၅	၁၇၅၀	▲	၁၆၀၀	၁၇,၂၅	▲
ပဲတီစိမ်း	၁၅၈၀	၁၅၈၀	■	၂၀၄၄	၂၀၀၉	▼	၂၀၆၇	၂၀၀၀	▼	-	၁၉,၅၀	-
ကုလားပဲရိုးရိုး	၁၉၀၀	၁၉၀၀	■	၁၄,၅၀	၁၄,၇၆	▲	၁၄,၄၇	၁၄,၀၄	▲	၁၄,၆၅	၁၅၀၀	▲
ပဲလွန်းပြား	၁၀၀၀	၁၀၀၀	■	၁၁,၃၃	၁၁,၃၃	■	၁၀၀၀	၁၀၀၀	■	၉,၅၀	၁၀,၅၅	▲
ထောပတ်ပဲ	၁၇,၃၅	၁၇,၃၅	■	၁၈၆၇	၁၈၆၇	■	၁၇,၆၃	၁၇,၁၁	▼	၁၈,၁၅	၁၇,၉၀	▼

* မှတ်ချက်။ ဇယားပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအ၀ယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

ပဲအမျိုးအစား	ပြည်ပတင်ပို့မှု		ပြည်ပတင်ပို့မှု
	ယခင်တစ်ပတ်	ယခုတစ်ပတ်	(၁.၁.၁၉) မှ
	(၁၁.၅.၁၉)ထိ	(၁၈.၅.၁၉)ထိ	(၁၈.၅.၁၉) ထိ
မတ်ပဲ	၁၁၇၆၅၅	၉၈၄၀	၁,၇၄၄,၉၅
ပဲတီစိမ်း	၁၁၁၅၅,၂	၅,၂၅၆	၁၁၆၈၀၈
ပဲစင်းငုံ	၃,၃,၇၀	၁၉,၉၀	၃,၅,၇,၉
ကုလားပဲ	၄,၄,၁၆၅	၅၀	၄,၄,၂၁၅
ပဲလွန်းပြား	၂,၃၆၅,၉	၁,,,၃	,,,၈၀,,
မြေထောက်ပဲ	၆,,,၈	၁,,	၆,,,၁

ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲသီးနှံ လက်လီရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်အတွင်း လက်လီ၊ လက်ကား ပဲမျိုးစုံရောင်းဝယ်လျက်ရှိကာ မတ်ပဲ၊ ပဲတီ စိမ်း၊ ပဲကြီး၊ ကုလားပဲ၊ ပဲစင်းငုံသီးနှံများသာ လက်ကားဝယ်ယူမှုအများဆုံးဖြစ်ခဲ့ပြီး ကျန်ပဲများကတော့ လက်လီ၊ လက်ကား အရောင်းအ၀ယ်ဖြစ်သော်လည်း ပဲအ၀င် ပါးသွားချိန်မှစ၍ လက်လီသာ ရောင်းဝယ်မှုဖြစ်ခဲ့ကြောင်းသိရသည်။ ဘိုကိတ်ပဲသီးနှံအနေဖြင့်လည်း ယခုလအတွင်း လက်လီသာ ရောင်းဝယ်မှုဖြစ်နေပြီး တစ်ရက်အိတ် ၄၀/၅၀ ကျော် ရောင်းဝယ်နေကြကာ ပဲဈေးမှာ တစ်တင်းကျပ် ၁၈၀၀၀ ဖြင့် ဈေးကွက်အတွင်း ဈေးနိမ့်သာရနေခဲ့ကြောင်း သိရသည်။

ခင်ဆွေ၀င်း

ပြည်ဈေးကွက်တွင် ကုလားပဲဈေးငြိမ်ပြီး မတ်ပဲဈေး မြင့်တက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲဈေးကွက်တွင် ကုလားပဲသီးနှံ အ၀င်နေ့စဉ်ရှိနေသလို အရောင်းအ၀ယ်လည်း နေ့စဉ်ဖြစ်နေကြောင်း သိရသည်။ ဝယ်လိုအားအနေဖြင့် ဒေသတွင်း ခွဲစက်သမားများ၊ အဓိကထားဝယ်ယူမှုရှိကြ သည်။ ကုလားပဲဈေးမှာ တစ်တင်း ကျပ် ၃၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ မတ်ပဲ ဝင်ရောက်မှု နေ့စဉ်ရှိနေပြီး ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ကြောင်း သိရသည်။ မတ်ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ရရှိလာခဲ့သည့်အတွက် ပဲဈေးနှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် က မတ်ပဲသီးနှံဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၇၅၀၀ သာရရှိခဲ့ကြောင်း သိရသည်။

ခင်ဆွေ၀င်း

ပြည်ပဲစင်းငုံသီးနှံ အရည်အသွေးလိုက် ဈေးကွာခြားမှုရှိ

ပြည်ပဲဈေးကွက်အတွင်း ပဲစင်းငုံ သီးနှံမှာ အ၀င်မရှိပေမယ့် လက်ကျန်လျှောင်ပဲများရှိသည့်အတွက် ဝယ်လိုအားရှိသောရက်တွင် လိုသလောက် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အရောင်းအ၀ယ်ဖြစ်သည့်ရက်တွင် အိတ် ၄၀၀/၅၀၀ကျော် ရောင်းချမှုရှိပြီး ရန် ကုန်ဝယ်လက်ဝယ်ယူမှုရှိကြောင်း သိရသည်။

ပဲဈေးမှာ အရည်အသွေးပေါ်မူတည်၍ ရောင်းချမှုရှိသည့်အတွက် ပဲသစ်ဈေးအနေဖြင့် တစ်တင်း ကျပ် ၃၄၅၀၀၊ ပဲဟောင်းအနေဖြင့် ၃၁၀၀၀အသီးသီးရရှိကာ ယခုနှစ် ပဲစင်းငုံသီးနှံသည် ဈေးကောင်းဝင် သီးနှံဖြစ်နေကြောင်း လေ့လာသိရှိရသည်။

ခင်ဆွေ၀င်း

ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၉ခုနှစ် မေ ၁၁ ရက်မှ ၁၇ ရက်အထိ မယ်စဲ့နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၃၀ တန်ဖိုးရှိ ကြက်သွန်နီ ၂၀၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှ တစ်ဆင့်ပြန်လည်တင်သွင်းမှု မှာ အမေရိကန်ဒေါ်လာ ၉၃၆၀ ဒသမ ၀၀ တန်ဖိုးရှိ ဟင်ချိမှုန့် ၇၈၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၁၈ ဒသမ ၀၀ တန်ဖိုးရှိ ပဲနို့ဘူး ၂၀၀ ကီလိုဂရမ်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏတန်ဖိုး ၉၉၀၈ ဒေါ်လာကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

မေ ၁၆ ရက်မှ ၂၂ ရက်အထိ ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၁၁၀၀အိတ်တန်ချိန်အားဖြင့် ၅၅ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၁၈၂၀ အိတ်၊ မန္တလေးမြို့မှ ၈၀၀ အိတ်၊ ရွှေဘိုမြို့မှ ၂၈၂၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၅၄၄၀အိတ် တန်ချိန်အားဖြင့် ၂၇၃ ဒသမ ၁၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၂၄၃၁၅ အိတ် တန်ချိန်အားဖြင့် ၁၁၉၁ ဒသမ ၁၁ တန်နှင့် ကြက်သွန်နီ တင်ပို့မှုအနေဖြင့် ၇၉၀ အိတ် တန်ချိန်အားဖြင့် ၃၉ တန်ခန့်၊ ပဲစင်းငုံ တင်ပို့မှုအနေဖြင့် ၁၀၁၅ အိတ် တန်ချိန်အားဖြင့် ၅၀ တန်ခန့်၊ ဖာလာတင်ပို့မှုအနေဖြင့် ၈၈၈ အိတ် တန်ချိန်အားဖြင့် ၄၄ တန်ခန့် တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၃၃၀ ၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ ၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၉၀၀ ၊ စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး)စပါးတင်း(၁၀၀)လျှင် ကျပ်၉၅၈၅၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၇၀၀၀ ၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၄၃၀၀၀ ၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူ ကုန်ဈေးနှုန်းသတင်းများအရ သိရသည်။

ဖြိုးဝေအောင်(ကယား)

ဟသ်ာတမြို့တွင် မတ်ပဲတက်ဈေးဖြင့် အရောင်းအ၀ယ်သွက်ပြီး ပဲတီစိမ်း(ဝါးခယ်မ) ဈေးအနည်းငယ်တက်

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတကုန်စည်ဒိုင်တွင် မေ ၉ ရက် ညနေက ကျပ် ၂၇၁၀၀ ဈေးဖြစ်ခဲ့သော မတ်ပဲသည် ကျပ် ၁၀၀၊ ကျပ် ၂၀၀ နှုန်းဖြင့် ဈေးအနည်းငယ်စီမြင့်တက်လာခဲ့ရာ မေ ၁၄ ရက်တွင် ကျပ် ၂၈၀၀၀၊ မေ ၂၁ ရက်တွင် ကျပ် ၂၈၅၀၀၊ မေ ၂၃ ရက်တွင် ကျပ် ၂၈၇၀၀ ဈေးထိ မြင့်တက်လာပြီး နေ့စဉ်အိတ် ၃၅၀၀ မှ ၅၀၀၀ ကြား အရောင်းအ၀ယ်ဖြစ်လျက်ရှိသည်။ ပဲတီစိမ်း(ဝါးခယ်မ)ဈေးမှာလည်း တစ်တင်းလျှင် ကျပ် ၃၀၀၀၀ဖြင့် ပုံမှန်အရောင်းအ၀ယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရသည်။

မောင်မောင်မြတ်ခိုင်

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ အရောင်းအ၀ယ်သွက်၍ ဈေးကောင်းနေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီမှာ ယခင်တစ်ပတ်ထက်ဈေးကောင်းရနေပြီး အရောင်းအ၀ယ်သွက်လျက်ရှိသည်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၃ ၂၆၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ၂၀၁၉ခုနှစ်ထွက် ပဲစင်းငုံနီ အသစ်တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၁၀၀၊ ယခင်တစ်ပတ်က ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၂၈၉၀၀ ရှိခဲ့ကာ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၃၁၁၀၀ ဖြင့်အိတ် ၅၀ မှ ၁၀၀ထိ အရောင်းအ၀ယ်ဖြစ်နေသည်။

ကုလားပဲမှာလည်း အနည်းငယ်ဈေးမြင့်လျက်ရှိပြီး ကုလားပဲ၀ါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲ၀ါ HLတစ်တင်းလျှင် ကျပ် ၂၇၇၀၀ ဖြင့် အိတ် ၅၀၊ မြစ်ခြေဒေသထွက် ပဲယင်းတစ်တင်းလျှင် ကျပ် ၂၅,၂၀၀ ဖြင့် အိတ် ၅၀၊ စွန်တာနီ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၇,၈၀၀ အိတ် ၅၀၊ ပဲလွန်းပြာတစ်တင်းလျှင်ကျပ်၁၉,၅၀၀ အိတ် ၅၀၊ ပဲတီစိမ်းကြီးမှာ အနည်းငယ်ဈေးကျနေပြီး တစ်တင်းလျှင် ကျပ် ၃၆,၅၀၀ အိတ် ၅၀ မှ ၁၀၀၊ ထောပတ်ပဲဖြူ(ကျွန်း)တစ်တင်းလျှင် ကျပ် ၃,၁၀၀,,, အိတ် ၅၀ ၊ ပြောင်းဖူးစေ့(CP)တစ်တင်းလျှင် ကျပ် ၇,၂၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ဥပုသ်နေ့မှလွဲ၍ အရောင်အ၀ယ်ဖြစ်နေသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

တည်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ မေ ၁၃ ရက်မှ ၁၉ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့်သစ်သီး၀လံပန်းမန်များ အများဆုံး၀င်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ၀င်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၁၃၃၀ မှ ၁၄၀၀အတွင်း၊ ခရမ်းချဉ်သီး(ကိုင်း)(ပိဿာ)ကျပ် ၉၀၀ မှ ၁၄၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၅၀၀ မှ ၉၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်) ကျပ် ၇,၅၀မှ ၈,၅၀အတွင်း၊ အာလူး(ပိဿာ) ကျပ် ၆,၅၀၊ မုန်လာဥနီ(ပိဿာ) ကျပ် ၁,၂၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၁,,၀၀ မှ ၂,,၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၂၀၀၀၊ ကြက်သွန်နီ(မြစ်သား) (ပိဿာ) ကျပ် ၈၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၁,,၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၂,,၀၀၊ ချင်း (ပိဿာ) ကျပ် ၂,,၀၀၊ဆလပ်ရွက် (စီး) ကျပ် ၁,,၀ မှ ၂,,၀ အတွင်း၊ ရုံပတီသီး (တောင့်) ကျပ် ၁၀ မှ ၁,, အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂,,၀ မှ ၂,,၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၇,,၊ ခရမ်းသီး (မီးဖုတ်ခရမ်း)(လုံး) ကျပ် ၁,,၀ မှ ,,၀ အတွင်း၊ သံပုရာသီး (လုံး)ကျပ် ၄,, မှ ,,, အတွင်း၊ ပဲသီး(စီး) ကျပ် ,,၀ မှ ,,, အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ) ကျပ် ၁,,၀ မှ ၁,,၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) (၁)တောင်းကျပ် ၁,,၀,,၊ သရက်သီးမှည့်(ရင်ကွဲ/လတ်) (၁)တောင်းကျပ် ,,,,, မှ ,,,,, အတွင်း၊ သရက်သီးမှည့်(ရင်ကွဲ/ကြီး) (၁)တောင်းကျပ် ,,,,, မှ ,,,,, အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

ခိုင်ရွှေ(ရန်ကုန်)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၂၃ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ် ၊ မေလ ၂၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရောင်းချခြင်း (ကုန်သွယ်ခြင်း) ဆောင်ရွက်လျက်ရှိသည့် ကုမ္ဏီများအနေဖြင့် လက်လီ/ လက်ကား ရောင်းချခွင့်မှတ်ပုံတင်ရန်ကိစ္စ

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် နိုင်ငံခြားသားကုမ္ဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခြင်းလုပ်ငန်းကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တစ်ပြေးညီမှတ်ပုံတင်ခြင်းစနစ်ဖြင့်ဆောင်ရွက်နိုင်ရေးအတွက် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ ဖြင့်လည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ် (SOP) ကို သတင်းလွှာ ၂ / ၂၀၁၈ ဖြင့်လည်းကောင်း၊ ဦးစားပေးရောင်းချခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု (၂၄) မျိုးစာရင်းကို သတင်းလွှာ ၃/၂၀၁၈ ဖြင့် လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ဖြစ်၍ ယခင်ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၅၊ ၁၁/၂၀၁၆၊ ၅၆/၂၀၁၆၊ ၈၅/၂၀၁၆ ၊ ၃၆/၂၀၁၇ ၊ ၅၅/၂၀၁၇ ၊ ၆၃/ ၂၀၁၇ အရ ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာများ စသည့်ကုန်ပစ္စည်းခြောက်မျိုးကို ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ရယူ၍ တင်သွင်းရောင်းချခြင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသားကုမ္ဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ဏီများသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း လက်လီ၊ လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်ကို အမိန့်ကြော်ငြာစာအမှတ် ၂၅/ ၂၀၁၈ နှင့် သတင်းလွှာ ၂/၂၀၁၈ တို့ပါ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

၃။ အဆိုပါကုမ္ဏီများသည်အမိန့်ကြော်ငြာစာအမှတ်၂၅/၂၀၁၈ နှင့်သတင်းလွှာ ၂/၂၀၁၈ ပါ သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ရောင်းချသည့်ကုန်ပစ္စည်းအပေါ် ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ရောင်းချသည့်ဆိုင်၏ အကျယ်အဝန်းတို့သည် ပြဋ္ဌာန်းထားသည့် ပမာဏကိုပြည့်မီမှုမရှိသေးလျှင် ယင်းလိုအပ်ချက်များကို မှတ်ပုံတင်ပြီး(၅)နှစ်အတွင်း ပြည့်မီစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၄။ ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော ကုမ္ဏီများကို သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

၅။ အမိန့်ကြော်ငြာစာအမှတ် ၉၆/ ၂၀၁၅ ၊ ၁၁/ ၂၀၁၆ ၊ ၅၆/ ၂၀၁၆ ၊ ၈၅/ ၂၀၁၆၊ ၃၆/ ၂၀၁၇ ၊ ၅၅/ ၂၀၁၇ နှင့် ၆၃/ ၂၀၁၇ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာ့ဆိပ်ကမ်းတွင် ၂၃.၅.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

ဆိပ်ကမ်းအမည်	သင်္ဘောအမည်	ကုန်တင်/ကုန်ချအခြေအနေ
ထီးတန်းဆီဆိပ်ကမ်း	- MT PRIMER ROSE	P.Oil(In Bulk)၄၃၀၀ချဆဲ
ထီးတန်းဆိပ်ကမ်း(၁)	- SINAR BANDA	TEU 765 တင်TEU 647 ချဆဲ
ထီးတန်းဆိပ်ကမ်း(၂)	- MITRA BHUM	TEU 705 တင်TEU 523 ချဆဲ
အေးရူးဝေါလ်ဆိပ်ကမ်း(၁)	- ALS SUZURAN	TEU 350 တင်TEU 760 ချဆဲ
အလုံဆိပ်ကမ်း(၁)	- BISCAYNE LIGHT	ဆန်တန် ၂၀၀၀၀ တင်ဆဲ
အလုံဆိပ်ကမ်း(၂)	-DYNAMIC OCEAN 02	Yellow Mize တန် ၆၆၀၀ တင်ဆဲ
စက်မှုဆိပ်ကမ်း(၂)	- KUO TAI	TEU 85 တင်TEU 836 ချဆဲ
စက်မှုဆိပ်ကမ်း(၃)	- RHL AQUA	TEU930 တင်TEU 580 ချဆဲ
ဘူးလေဆိပ်ကမ်း(၇)	- BUDVA	ဆန်တန်ချိန် ၂၃၀၀၀ တင်ဆဲ
ဝိုလ်အောင်ကျော်ဆိပ်ကမ်း(၁)	- TRUONG MINH STAR	Urea(In Bulk) 8546 ချဆဲ
ဝိုလ်အောင်ကျော်ဆိပ်ကမ်း(၃)	- MAERSK WIESBADEN	TEU439 တင်TEU 682 ချဆဲ
MIPL ဆိပ်ကမ်း	- MOONDANCE.11	Steel&12 Unit Vehicle ၂၇၄၅၂ ချဆဲ
သီလဝါဆိပ်ကမ်း(၁)	- MCC MERGUI	TEU 472 တင်TEU 578 ချဆဲ
သီလဝါဆိပ်ကမ်း(၄)	- CO CO GYUN	Steel Bar ၉၅၉ ၂ ချဆဲ
Thilawar Multipurpose International Terminal	- ATLANTIS DISCOVERY	Coal(In Bulk)တန် ၂၆၀၀၀ချဆဲ
MMTM JETTY	- MT FLY MARLIN	Mogas 92RON ၈၆၁၄ ချဆဲ
Green Asia JETTY	- MT YU HAI	Mogas 92RON+ Diesel OIl ၁၈၄၅၅ ချဆဲ

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

သင်္ဘောအမည်	ကုန်အမျိုးအစား	လာ/သွားရောက်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
MODERN LINK	Unit Vehicle (RO/RO) ၃၆၄တန်ချရန်	-	၂၄.၅.၂၀၁၉
ATLANTIC TRADE	ဆန်တန် ၂၅၀၀၀ တင်ရန်	WEST AFRICA	၂၅.၅.၂၀၁၉
ZEA FAST	Vehicle & Container ၄၄၀ ချရန်	RUSSIA	၂၅.၅.၂၀၁၉
TRUONG MINH DRAGON	Urea(In Bulk) ၁,၂၅၀၀ချရန်	MALAYSIA	၂၅.၅.၂၀၁၉
JIN ZHOU HAI	Steel တန် ၂၀၀၀၀ ချရန်	CHINA	၂၅.၅.၂၀၁၉
ARION	Steel& Fertilizer တန် ၂၆၅၅၄ ချရန်	EAST AFRICA	၂၅.၅.၂၀၁၉
VENUS TRIUMPH	Steel Project Cargo ၂၇၈၈ ချရန်	MALAYSIA	၂၅.၅.၂၀၁၉
OCEAN GLORY	AmmoniumNitrate ၇,၂၀၀ချရန်	MALAYSIA	၂၈.၅.၂၀၁၉
RAINBOW SYMPHONY	AmmoniumNitrate ၆၅၇၀ချရန်	THAI	၂၈.၅.၂၀၁၉
PROMISE-1	Steel & Fertilizer တန် ၂၆၀၀၀ ချရန်	CHINA	၃၀.၅.၂၀၁၉
MINO	Steel Coil တန် ၅၁၈၈ ချရန်	JAPAN	၆.၆.၂၀၁၉
BBC U TAH	Machines တန် ၁,၂၁ ချရန်	GERMAN	၁၅.၆.၂၀၁၉

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

သင်္ဘောအမည်	လာမည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
OCEAN BROBE	SINGAPORE	စက်မှုဆိပ်ကမ်း	၂၃.၅.၂၀၁၉
MOUNT KELLETT	SINGAPORE	သီလဝါဆိပ်ကမ်း	၂၄.၅.၂၀၁၉
UNI ANGLE	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂၅.၅.၂၀၁၉
PACITA	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂၆.၅.၂၀၁၉
GSS YANGON	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂၆.၅.၂၀၁၉
ISEACO GENESIS	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂၆.၅.၂၀၁၉
TOVE MAERSK	SINGAPORE	သီလဝါ/စက်မှု ဆိပ်ကမ်း	၂၇.၅.၂၀၁၉
SINAR BALI	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂၉.၅.၂၀၁၉
CAPE FLORES	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂၉.၅.၂၀၁၉
CHERRY VESTA	SINGAPORE	စက်မှုဆိပ်ကမ်း	၃၀.၅.၂၀၁၉
ISEACO FORTUNE	SINGAPORE	စက်မှု/သီလဝါဆိပ်ကမ်း	၃၀.၅.၂၀၁၉
PACAO	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂.၆.၂၀၁၉
NINO	SINGAPORE	အေးရူးဝေါလ်ဆိပ်ကမ်း	၂.၆.၂၀၁၉
AREZOO	SINGAPORE	သီလဝါဆိပ်ကမ်း	၃.၆.၂၀၁၉

(ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

သင်္ဘောအမည်	ကုန်ပစ္စည်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ရောက်မည့်သန့်မှန်းရက်
MT.OCEAN MANTA	MOGAS 92 RON	-	၂၄.၅.၂၀၁၉
MT. KIRANA HASTA	DIESEL OIL	-	၂၄.၅.၂၀၁၉
MT. GLORY OCEAN	DIESEL OIL	SINGAPORE	၂၅.၅.၂၀၁၉
MT. OCEAN MARLIN	DIESEL OIL	SINGAPORE	၂၅.၅.၂၀၁၉
MT.VIET TIN LUCKY	P.Oil(In Bulk)	INDONESIA	၂၅.၅.၂၀၁၉
MT. VL-21	P.Oil(In Bulk)	INDONESIA	၂၅.၅.၂၀၁၉
MT. GLORY STAR	DIESEL OIL	SINGAPORE	၂၅.၅.၂၀၁၉
MT. OCEAN MARLIN	MOGAS 92 RON	SINGAPORE	၂၅.၅.၂၀၁၉
MT.SENNA -3	LPT Gas	SINGAPORE	၂၅.၅.၂၀၁၉
MT.YU TONG	DIESEL OIL	SINGAPORE	၂၆.၅.၂၀၁၉
MT.OCEAN SEAL	MOGAS	SINGAPORE	၂၆.၅.၂၀၁၉
MT.KANG HUA WAN	ASPHALT	MALAYSIA	၂၇.၅.၂၀၁၉
MT.SK LINE-1	P.Oil(In Bulk)	INDONESIA	၂၈.၅.၂၀၁၉
MT.ORCA PACIFIC	DIESEL OIL	SINGAPORE	၃၁.၅.၂၀၁၉
MT.YU HAI	DIESEL OIL+MOGAS 92	SINGAPORE	၂.၆.၂၀၁၉
MT.GLORY STAR	DIESEL OIL	SINGAPORE	၄.၆.၂၀၁၉
MT.CHAO ANOMA	P.Oil(In Bulk)	INDONESIA	၄.၆.၂၀၁၉

တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာဥပဒေမူကြမ်း ပြင်ဆင်ဖြည့်စွက်နိုင်ရေး သုံးသပ်ဆွေးနွေး

ပြည်ထောင်စုလွှတ်တော်တွင်ပြဋ္ဌာန်းနိုင်ရေးတင်သွင်းထားသော တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာ ဥပဒေမူကြမ်းပါ အချက်များအား ပြန်လည်သုံးသပ်ဖြည့်စွက်နိုင်ရေး ဒုတိယအကြိမ်သုံးသပ်ဆွေးနွေးပွဲကို မေ၂၀ရက် မွန်းလွဲ၁နာရီက ချမ်းအေးသာစံမြို့နယ်၇စလမ်းနှင့်၃၄လမ်းထောင့်ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးဥက္ကာ ကျော်က တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာ ဥပဒေမူကြမ်းပါအချက်များအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသောအောင်မြေသာစံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါက်တာအောင်မြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှကိုယ်စားလှယ်များ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအဖွဲ့ဝင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များက အကြံပြုဆွေးနွေးကြသည်။

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူးနှင့်အမှုဆောင်များ၊ ညီနောင်အသင်းများမှဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

မောင်ပြည်သူ(မန္တလေး)

ကြက်သွန်

ပြည်စျေးကွက်အတွင်း ကြက်သွန်နီ(အသေးစ)များ အရောင်းသွက်

ယခုတစ်ပတ် ပြည်စျေးကွက်အတွင်းသို့ ပခုက္ကူ၊ဆိပ်ဖြူ၊ အောင်လံ၊ သရက်၊ ကံမစသည့် နယ်များမှ ကြက်သွန်နီများ ပိုသာ ၃၀၀၀ အိတ် ၄၀၀-၅၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။

ဝင်ရောက်မှုအနေဖြင့် ယခင်တစ်ပတ်ထက် အိတ် ၁၀၀ မှ ၁၅၀ ထိ ပိုမိုဝင်ရောက်လာပြီး ကြက်သွန်နီ(အလုံးကြီး)များ ဝင်ရောက်မှုနည်းကာ (အလတ်စ)နှင့် (အသေးစ)များ ပိုမို ဝင်ရောက်လာကြောင်း သိရသည်။ နေ့စဉ်အစားအသောက်ချက်ပြုတ်ရောင်းချသူများနှင့် စားသုံးသူပြည်သူများမှ သုံးစွဲရာတွင် အလေအလွင့်မဖြစ်စေရန် စျေးနှုန်းချိုသာသော ကြက်သွန်နီ(အသေးစ)များကို ပိုမိုဝယ်ယူသုံးစွဲမှုရှိသောကြောင့် စျေးကွက်အတွင်း(အသေးစ)များ အရောင်းသွက်လျက်ရှိသည်။

အရောင်းအဝယ်မှာ ဝင်ရောက်မှု၏ အားလုံးနီးပါး အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စျေးနှုန်းအနေဖြင့် တစ်ပိသာလျှင် ပွဲရုံထွက် လက်ကားစျေး (ကြီး/လတ်/သေး) ကျပ် (၆၀၀/ ၅၅၀/၅၀၀)နှင့် လက်လီစျေးအသေးများတွင် (ကြီး/ လတ်/သေး)(၈၀၀/၇၀၀/၆၀၀)နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။

ဝင်းလဲ့ဝါ(ပြည်)

ပခုက္ကူနှင့် ဆိပ်ဖြူ ကုန်စည်ဒိုင်များ၏ ကြက်သွန်နီစျေးကွက်

ပခုက္ကူခရိုင် ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာဒေသများဖြစ်သော ပေါက်၊ ကမ္မ၊ ရေပြာ၊ ယောဒေသများသာမက အခြားနယ်များဖြစ်သော မန္တလေး တိုင်းဒေသကြီး အတွင်းမှာရှိသော ညောင်ဦးနယ်မှာရှိသော ရွာများ၊ပုလဲ၊ကျတက်နယ်များမှလည်းဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကြက်သွန်နီစျေးနှုန်းမှာ ထိပ်စတစ်ပိသာလျှင် ကျပ် ၄၂၀၊ အလတ်စ တစ်ပိသာလျှင် ကျပ် ၃၀၀၊ အနိမ့်စတစ် ပိသာလျှင် ကျပ် ၂၀၀ ဖြင့် နေ့စဉ်ကုန်ဝယ်ဒိုင်သို့ ကုန်ချိန် ၅၀၀၀၀ မှ ၁၀၀၀၀၀ ထိ ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်နှင့်အခြားမြို့များသို့ တင်ပို့လျက်ရှိသည်။

ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီစျေးနှုန်းမှာ ထိပ်စတစ်ပိသာလျှင်ကျပ် ၄၅၀၊ အလတ်စတစ်ပိသာလျှင် ကျပ် ၄၀၀၊ အနိမ့်စတစ်ပိသာလျှင် ၃၆၅ ကျပ်စျေးဖြင့် ကုန်ချိန် ၅၀၀၀ မှ ၁၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြဝတီ၊ နှင့် အခြားမြို့များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

ပြည်ကြက်သွန်ဖြူ အဝင်နည်းပြီး စျေးမြင့်တက်လာ

မေလ တတိယပတ်တွင် ပြည်ပွဲရုံများသို့ ရှမ်းပြည်တောင်ပိုင်းထွက် ကြက်သွန်ဖြူ(ရှမ်းမြွှာ)များအဝင်နည်းလာပြီး စျေးနှုန်းများလည်း ယခင်တစ်ပတ်ကထက် တစ်ပိသာလျှင် ကျပ် ၃၀၀ထိ မြင့်တက်လာကြောင်း ကြက်သွန်ရောင်းဝယ်ရေးသမားတစ်ဦးက ပြောသည်။ ဒေသတွင်း အိတ်ဆွဲသမားများ အဆွဲနည်းလာသောကြောင့် အရောင်းအဝယ်အေးနေသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူစျေးနှုန်း(ပွဲရုံစျေး) ရှမ်းမြွှာ ကျပ် ၁၅၀၀၊ ကျပ် ၁၇၀၀နှင့် (ကြူကုတ် စ) ကျပ် ၃၀၀တို့ဖြစ်သည်။ ဒေသတွင်း လက်လီစျေးကွက်တွင် ကြက်သွန်ဖြူ(ရှမ်းမြွှာ)ကျပ် ၂၀၀၀- ၂၅၀၀နှင့် (ကြူကုတ်) ၃၄၀၀ဖြင့် အသီးသီး ရောင်းဝယ်နေသည်။

နီနီဝင်း

စျေးကွက်ပျက်နေတဲ့ ရှမ်းကြက်သွန်ဖြူ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ကြက်သွန်ဖြူစျေးကွက်က ပျက်နေခဲ့တာနှစ်နှစ်၊ သုံးနှစ်ခန့်ရှိနေပြီဖြစ်ပါတယ်။ ဝယ်လက်တွေပျောက်နေပြီး စျေးကွက်ကလည်းပျက်နေပါတယ်။

တရုတ်ကြက်သွန်ဖြူတွေ စျေးကွက်ကို ဝင်ရောက်မှုများလာတာကြောင့် ရှမ်းကြက်သွန်ဖြူက စျေးကွက်ကို မထိုးဖောက်နိုင်ဘူး လို့သိရပါတယ်။ ကြက်သွန်ဖြူစိုက် တောင်သူတွေကလည်း စျေးကွက်ပျက်နေတာကြောင့် အခြားသီးနှံတွေကို ပြောင်းပြီးစိုက်သလို အချို့တောင်သူတွေကတော့ ဘာမှပြန်မစိုက်ဘဲ မြေလွတ်သာထားတော့တယ်လို့ သိရပါတယ်။ ဒီနှစ်ကစိုက်ဧကလည်း လျော့သွားပါတယ်။ အထွက်နှုန်းကလည်း လျော့နေပြီး ပေါ်ကာစ(မတ်/ ဧပြီ)မှာစျေးအတော်နိမ့်ခဲ့ပါတယ်။

မေလရဲ့ဒုတိယပတ်ကစပြီးတော့ ကြက်သွန်ဖြူစျေးက အနည်းငယ် ပြန်လှုပ်လာပါတယ်။ အတက်စျေးလေးရှိလာပြီး အရောင်းအဝယ်ကလည်း ပြန်ပြီးကောင်းလာတယ်လို့လည်း စျေးကွက်က သိရပါတယ်။ ယခင်တစ်ပတ်က ကြက်သွန်ဖြူ စျေးနှုန်းက (လတ်ခြား) ကျပ် ၄၀၀- ကျပ် ၄၅၀၊ (ထူး-၁) ကျပ် ၄၅၀-၅၀၀၊ (ထူး-၂)ကျပ် ၇၀၀၊ (ထူး-၃) ကျပ် ၉၀၀နဲ့ (ထူး-၄) က ကျပ် ၁၂၀၀ စျေးရှိပါတယ်။

ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ နေပြည်တော်၊ မော်လမြိုင်၊ ပြည်စတဲ့ မြို့တွေက ဝယ်ယူမှုရှိနေပါတယ်။ ရန်ကုန်ဝယ်လက်ကအများဆုံးဝယ်ယူပြီး ဘုရင့်နောင်ကတစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ်များထံကို စီးဆင်း တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် တောင်ကြီးစျေးကွက်မှာ ကြက်သွန်ဖြူတစ်ပိသာ ပေါက်စျေးက (လတ်ခြား) ကျပ် ၆၀၀ -၊ ထူး - (၁) ကျပ် ၇၀၀၊ (ထူး-၃)ကျပ် ၁၀၀၀၊ (ထူး-၄) ကျပ် ၁၂၀၀ - ၁၃၀၀ စျေးရှိပါတယ်။

ဧခိုင်၊ တောင်ကြီး

မန်ကျည်း

မန်ကျည်းတန်ချိန် ၃၀၀ကျော်သာ တင်ပို့

မေ ၁၂ ရက်မှ ၁၈ ရက်သီတင်းပတ်အတွင်း မန်ကျည်း၃၂၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံသို့ ၉၈ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၁၉၉ တန် နှင့် ယီမင်နိုင်ငံသို့ ၂၅ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်တစ်ပတ်က မန်ကျည်းတန်ချိန် ၇၃၀ကျော် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၀၀ကျော် တင်ပို့မှုလျော့နည်းခဲ့သည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၅၉၇၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

သီတာဝင်း(DOT)

ချင်း

ပြည်ချင်း ဝယ်လက်ကောင်း၍ စျေးကောင်းနေ

ပြည်ပွဲရုံသို့ အောင်ပန်းမှ ဝင်ရောက်နေသော ချင်းတက်မှာ ယခုတစ်ပတ် အဝင် နည်းလာပြီး ရခိုင်ဝယ်လက်များ ဝယ်လက်အားကောင်း၍ စျေးနှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။ ယခုချင်းစျေးသည် ယခင်တစ်ပတ်ကထက် တစ်ပိသာပေါ်တွင် ကျပ် ၂၀၀စျေးမြင့်တက်နေပြီး ပွဲရုံစျေး ကျပ် ၂၀၀၀၊ ၂၂၀၀ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ဒေသတွင်း လက်လီစျေးကျပ် ၂၅၀၀ဖြင့် ရောင်းချနေပြီး ဓားလှီး ချင်းတစ်ပိသာ ကျပ် ၃၂၀၀ဖြင့် ရောင်းချလျက်ရှိသည်။

နီနီဝင်း

ယခုတစ်ပတ် ချင်းတင်ပို့မှုလျော့

မေ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း ချင်း ၁၈၇ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ သာတင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ချင်းတန်ချိန်၆၄၀ ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၅၀ ကျော် တင်ပို့မှုလျော့နည်းခဲ့သည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၅၀၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

သီတာဝင်း(DOT)

အရောင်းအဝယ်သွက်နေတဲ့ ရှမ်းချင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ချင်းစျေးကွက်တစ်ခုဖြစ်တဲ့ ဟိုပုံးစျေးကွက်မှာတော့ ဒီနှစ်ထွက်တဲ့ ချင်း(စို)က ကုန်သလောက်ဖြစ်သွားပြီလို့သိရပါတယ်။ ဒီနှစ်မှာလည်း ချင်းစျေးက အတော်ကောင်းပါတယ်။ စျေးကွက်ကိုအဝင်ရှိသလောက်ဝယ်လိုအားလည်း ကောင်းနေလို့ပစ္စည်းတွေက စောစောပဲ ပြတ်သွားပါတယ်။ အရင်နှစ်ကလက်ကျန်တွေတောင် မရှိတော့ဘူးလို့သိရပါတယ်။ ဒီနှစ်လည်း ဟိုပုံးချင်းကို ဘင်္ဂလားဒေ့ရှ် ဝယ်လက်တွေက နောက်ဆုံးပိတ်သိမ်းကျုံးပြီး ဝယ်ယူသွားတယ်လို့ သိရပါတယ်။

ဒီနှစ်ချင်း(စို)စျေးကတော့ တစ်ပိသာကို ကျပ် ၁၅၀၀ နဲ့စျေးပိတ်သွားပါတယ်။ အရောင်းအဝယ်အေးနေတဲ့ ချင်းခြောက်ကလည်း ဒီတစ်ပတ်မှာတော့ ချင်းခြောက်က တစ်ပိသာ ကျပ် ၂၀၀၀ နဲ့ ပိသာချိန်တစ်သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဟိုပုံးချင်းပွဲရုံတွေထံက သိရပါတယ်။

အောင်ပန်းစျေးကွက်မှာလည်း ချင်းက အရောင်းအဝယ်သွက်နေပါတယ်။ စျေးကွက်မှာလည်း အဝင်နည်းနေပါပြီ။ လျှောင်လက်ထဲမှာတော့ တန်ချိန် ၂၀ ခန့်သာ ကျန်ရှိတော့တယ်လို့လည်း သိရပါတယ်။ ချင်းစိုကတော့ လက်ကျန်လည်းနည်း၊ အရောင်းအဝယ်ကလည်း ကောင်းနေတော့ စျေးကထပ်တက်ချင်နေတယ်လို့ သိရပါတယ်။ ချင်းခြောက်ကတော့ အရောင်းအဝယ်အေးနေပြီး ချင်း(စို)စျေးထက်တောင် စျေးကနိမ့်သွားပါတယ်။ ဒီတစ်ပတ် အောင်ပန်းစျေးကွက်မှာတော့ ချင်းတစ်ပိသာ ပေါက်စျေးက ချင်း(စို)ဆိုရင် အနိမ့်ဆုံး ကျပ် ၁၀၀၀ မှ အမြင့်ဆုံး ကျပ် ၁၇၀၀ စျေးရှိပြီး ချင်းခြောက် တစ်ပိသာကို ကျပ် ၁၄၀၀ မှ ၁၅၀၀ စျေးရှိပါတယ်။

ဧခိုင်၊ တောင်ကြီး

နန္တင်း

နန္တင်းကို ယခင်တစ်ပတ်ကထက် ပိုမိုတင်ပို့နိုင်

မေ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း နန္တင်း ၅၈၉ ဒသမ ၄၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဂျာမနီနိုင်ငံသို့ ၁၈ တန်၊ အိန္ဒိယနိုင်ငံသို့ ၄၇၁ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၈၃ ဒသမ ၅တန်နှင့် ယီမင်နိုင်ငံသို့ ၁၆ ဒသမ ၉၇၅ တန် တင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်ကနန္တင်း၃၃၅ တန်ကျော် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ် နန္တင်းတင်ပို့မှုမှအမေရိကန်ဒေါ်လာ ၃၃၃၉၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

သီတာဝင်း(DOT)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြန်မာနိုင်ငံကတည်ထောင်ထားရှိသော National Trade Portal and Trade Repository Website ၏ မူရင်းကုတ် (Source Code) အား မိုဇမ်ဘစ်နိုင်ငံမှ ကူးယူသုံးစွဲခွင့်ပြုရေးဆိုင်ရာ မြန်မာ-မိုဇမ်ဘစ် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

DOT

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူညီချက်ကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၎င်းသဘောတူညီချက်၏ အခန်း (၁)၊ ပုဒ်မ (၁၃) အရ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကုန်သွယ်မှုသတင်းအချက်အလက်များ ပွင့်လင်းမြင်သာဖြစ်စေရန် National Trade Repository များတည်ထောင်၍ အာဆီယံ၏ ASEAN Trade Repository သို့ ချိတ်ဆက်ထားကြရမည်ဖြစ်သည်။

အဆိုပါ အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်ရမည့် တာဝန်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် USAID ၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၁၆ ခုနှစ် မေ ၂၆ ရက်တွင် မြန်မာနိုင်ငံ ကုန်သွယ်မှု သတင်းအချက်အလက်များ ဘဏ္ဍာတိုက် - National Trade Portal and Trade Repository Website - www.myanmartradeportal.gov.mm ကို တရားဝင်လွှင့်တင်ခဲ့ပါသည်။

၎င်း ကုန်သွယ်မှု သတင်းအချက်အလက်များဘဏ္ဍာတိုက်တွင် ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်နှုန်းထားများနှင့် ကုန်သွယ်မှု ဆိုင်ရာ သတင်းအချက်အလက်များအား မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖော်ပြထားသည်။ ထို့ပြင် ကုန်စည်များတင်သွင်းရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများမှ စည်းကြပ်ထားသော အကောက်ခွန်မဟုတ်သည့် စီမံဆောင်ရွက်မှုများ (Non-tariff Measures-NTMs) ကိုလည်း ကုန်စည်များအလိုက် ခွဲခြား၍ လုပ်ထုံးလုပ်နည်းများနှင့် ချိတ်ဆက်ဖော်ပြပေးထားပါသည်။

အဆိုပါ Website ကို တည်ထောင်စဉ်က လာအိုနိုင်ငံမှ Source Code ကိုကူးယူ၍ ဆောင်ရွက်ခဲ့ပြီး Website ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် USAID ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပြီး မူလ Website နေရာတွင် အဆင့်မြှင့်တင်ထားသော Website အား အစားထိုးလွှင့်တင်ခြင်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ပြီးဖြစ် သည်။ ဤကဲ့သို့ ဆောင်ရွက်ထားရှိမှုကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများသို့ လည်း အသိပညာဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုကဲ့သို့ Website ကို တည်ထောင်နိုင်ခြင်းဖြင့် အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူညီချက် (ASEAN Trade in Goods Agreement – ATIGA) ၏ အခန်း (၁)၊ ပုဒ်မ (၁၃)အတိုင်း လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ခြင်းသာမက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးသဘောတူညီချက်ပါ ကုန်သွယ်မှုအချက်အလက်များ ပွင့်လင်းမြင်သာဖြစ်စေရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ခြင်းနှင့် Ease of Doing Business ကိုလည်း မျှားစွာအထောက်အကူ ဖြစ်စေသည်။

ယခုအခါ အဆင့်မြှင့်တင်ထားသော Website ၏ မူရင်းကုတ် (Source Code) အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization – WTO) ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မိုဇမ်ဘစ်နိုင်ငံသည် WTO ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement – TFA) ပါ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိစေရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် Mozambique Trade Portal တည်ထောင်နိုင်ရေးအတွက် ကူးယူသုံးစွဲခွင့်ပြုပါရန်နှင့် Trade Portal ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ အတွေ့အကြုံနှင့် အောင်မြင်မှုများကို လာရောက်လေ့လာလိုကြောင်း မေတ္တာရပ်ခံလာခဲ့ပါသည်။

မြန်မာနိုင်ငံက တည်ထောင်ထားရှိသော အဆင့်မြှင့်တင်ထားသည့် National Trade Portal and Trade Repository Website မူရင်းကုတ် (Source Code) အား မိုဇမ်ဘစ်သမ္မတနိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ ကူးယူသုံးစွဲခွင့်ပြုရေးဆိုင်ရာ မြန်မာ-မိုဇမ်ဘစ် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ (Memorandum of Understanding - MOU) ကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် မိုဇမ်ဘစ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ National Director, Mr. Amilcar Carlos Arone တို့လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ USAID မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် မိုဇမ်ဘစ်နိုင်ငံ Trade Portal စတင်တည်ထောင်နိုင်ရေးအတွက် အကူအညီပေးခြင်းအားဖြင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြင့်စေပြီး ကုန်သွယ်မှုအလားအလာများ ဖန်တီးနိုင်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လာစေနိုင်မည်ဟု မျှော်မှန်းထားပါသည်။

♦

KSCCI နှင့် ကုမ္ပဏီလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေး

ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများအခွင့်အရေး အပြည့်အဝရရှိနိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ တိကျမှန်ကန် ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်း ဆောင်ရွက်နိုင်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်ဘက်ကလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်ရည်ရွယ်၍ စားသုံးသူကာကွယ်ရေးဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များ အထူးသဖြင့် အခန်း(၁၈)ပါ ကုန်အည္ဆန်းအမှတ်အသားပြဋ္ဌာန်းချက်များအား ထုတ်လုပ်/တင်သွင်း၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းရှင်များ သိရှိနိုင်စေရန်အတွက် ကချင်ပြည်နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း(KSCCI) နှင့် ကုမ္ပဏီလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေးခြင်းကို မေ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်တွင်ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ပါ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊အခန်း(၁၈)ပါ ကုန်အည္ဆန်းအမှတ်အသား ပြဋ္ဌာန်းချက် ပုဒ်မ (၄၁)၊ (၄၂)၊ (၄၃)ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များသည် စားသုံးသူကာကွယ်ရေးဥပဒေ ထုတ်ပြန်သည့်နေ့မှ တစ်နှစ်ပြည့်မြောက်ပြီးသည့် ၂၀၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် စတင်အာဏာတည်မည်ဖြစ်၍ တက်ရောက်လာသော လုပ်ငန်းရှင်များအနေဖြင့် သိရှိလိုက်နာဆောင်ရွက်သွားရန်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်ဦးက စီးပွားရေးလုပ်ငန်းရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် ကုန်စည်/ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံပေးခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ တားမြစ်ချက်များ၊ ပြစ်မှု/ပြစ်ဒဏ်တို့ကို အသေးစိတ် ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေဆိုခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေသစ်စာအုပ်များကို ဝေငှခဲ့သည်။

ခွာညို(မနောမြေ)

ယခုတစ်ပတ် ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပို

မေ ၁၂ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၀၄၄၄၀ တန်ဖိုးရှိ ဒီဇယ် ၄၉၆၁၂ တန်နှင့် အမေရိကန်ဒေါ်လာ ၂၅၀၆၅၂၈၈ တန်ဖိုးရှိဓာတ်ဆီ ၄၇၇၉၅ ဒသမ ၉၁ တန်၊ စုစုပေါင်း ၉၇၄၀၇ ဒသမ ၉၁ တန် ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ကြောင်းသိရသည်။

ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၅၀၀၂၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်တစ်ပတ်တင်သွင်းခဲ့သည့် ဓာတ်ဆီတန်ချိန် ၄၆၉၆၀ ကျော်နှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၈၃၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့သည်။ ထို့ကြောင့်ယခုတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ပြီးဓာတ်ဆီအဝင်ပိုခဲ့ကြောင်းသိရသည်။ **သီတာဝင်း(DOT)**

လယ်ယာသုံးစက်ကိရိယာဆိုင်များသို့ အသိပညာပေးဟောပြော

သာစည်မြို့နယ်ရှိ လယ်ယာသုံးစက်ကိရိယာပစ္စည်း အရောင်းဆိုင်များသို့ မေ ၁၆ ရက်တွင် သာစည်မြို့နယ် တာဝန်ခံ ဦးသက်ချိုဦးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ သွားရောက်၍ လယ်ယာသုံးစက်ကိရိယာ အရောင်းဆိုင်ပိုင်ရှင်များနှင့်တွေ့ဆုံကာ ၎င်းတို့ရောင်းချနေသော ကုန်စည်များနှင့်ပတ်သက်၍ အာမခံချက်နှင့်အညီရောင်းချရန်၊ ကုန်စည်နှင့်ပတ်သက်သော သတင်းအချက်အလက်အား တိကျမှန်ကန်စွာပေးရန်နှင့် စားသုံးသူများအား ခွဲခြားဆက်ဆံခြင်းမရှိဘဲ မျှတသောဝန်ဆောင်မှုပေးရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး မိမိတို့အနေဖြင့်လည်း စားသုံးသူအခွင့်အရေးနစ်နာ ဆုံးရှုံးမှုရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)သို့ ဆက်သွယ် တိုင်ကြားနိုင်သည်ဟု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သိမ့်သူဇာမောင် - ထီလာ)

တာချီလိတ် ကုန်သွယ်ရေးစခန်း၌ မေ ၄ ရက်မှ ၁၀ ရက်အထိ ယခင်နှစ် ကာလတူထက် ပို့ကုန်ပိုမို တင်ပို့နိုင်ခဲ့

တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၄ ရက်မှ ၁၀ ရက်အထိ ပို့ကုန်လုပ်ငန်းဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၃၂၆ သန်းဖြစ်ပြီး ယခင်နှစ်ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေ ၄ ရက်မှ ၁၀ ရက်အထိ ပို့ကုန်လုပ်ငန်းဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၆ သန်းဖြစ်၍ ကာလတူထက် ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ သုညဒသမ ၂၃၀ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ယခုဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန်ပိုမိုတင်ပို့နိုင်ခဲ့သည့် အမည်များမှာ လယ်ယာထွက်ကုန်ကဏ္ဍ၌ နာနတ်သီး၊ တစ်သျှူးဌက်ပျော၊ လိမ္မော်သီး၊ ထောပတ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့်ပြောင်းတို့ဖြစ်ပြီး သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၌ Managanese Dioxide တို့ဖြစ်ကြောင်း သိရှိရသည်။ **စံပယ်ခိုင်**

Energy NYMEX

24-5-2019

	Price	Change	Change %
WTI Crude Future (USD/bbl.)	58.56	0.65	1.12
Brent Crude Futr (USD/bbl)	68.39	0.63	0.93
Gasoline Rbob Fut (Cent/gal)	193.09	1.76	0.92
Natural Gas Futr (USD/MMBtu)	2.58	0.00	0.08
Heating Oil Futr (Cent/gal)	197.30	1.06	0.54

World Metal Price (US$)

Date	Silver/Oz	Zinc/Ton	Aluminium/Ton	Copper/Ton	Platinum/Oz
20-May	14.38	2728.33	2408.75	6007.66	821.00
21-May	14.40	2729.87	2367.76	6015.38	814.00
22-May	14.40	2708.06	2370.40	5938.24	809.00
23-May	14.43	2694.83	2357.84	5893.50	800.00
24-May	14.54	2681.83	2376.35	5823.91	801.00

ပြည်တွင်းငွေလဲနှုန်း ဈေးငြိမ်ခဲ့သော ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင်ကျပ်၁၅၃၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၆ ကျပ်သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ၁၅၃၇ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင်အမေရိကန်ဒေါ်လာ ရောင်းလိုအားပုံမှန်ရှိခဲ့သလို ဝယ်လိုအားပုံမှန်ရှိနေခြင်းကြောင့် ဈေးအတက်အကျနည်းခဲ့သလို အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း၊ ယခုအချိန်မှာ ကျောင်း ဖွင့်ရာသီဖြစ်ခြင်းကြောင့် ပညာရေးသုံးပစ္စည်းများဈေးကွက်အတွင်းသို့ တင်သွင်းလေ့ရှိကြောင်း၊ ထို့ကြောင့် အမေရိကန်ဒေါ်လာမှာ အရောင်းအဝယ်ရှိနေခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်မှာတော့ အမေရိကန်-တရုတ်ကုန်သွယ်ရေးတင်းမာမှုအရှိန်မြင့်တက်လာသည်နှင့်အမျှ အာရှအစုရှယ်ယာများဈေးနှုန်း ထိုးကျလာခြင်းနှင့်အတူ အမေရိကန်ဒေါ်လာကို လူကြိုက်နည်းလာခဲ့ကြောင်း၊ ယခုလိုအခြေအနေမျိုးနှင့်သာ ဆက်လက်ဖြစ်ပေါ်နေပါက ရေရှည်တွင် တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံလုံးထိ ခိုက်နစ်နာမှုများ ရှိလာနိုင်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မေ ၂၀ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၃၆ကျပ်၊ဝယ်ဈေး ၁၅၃၂ ကျပ်မှ မေ ၂၂ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၃၂ကျပ်၊ဝယ်ဈေး ၁၅၂၈ကျပ်သို့ကျဆင်းခဲ့ပြီး မေ ၂၄ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်း ဈေး ၁၅၃၀ကျပ်၊ ဝယ်ဈေး ၁၅၂၆ကျပ် ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်း

ယခုလဆန်းပိုင်းမှစ၍ ဈေးမြင့်ခဲ့သော ပြည်တွင်းရွှေသည်ယခုရက်သတ္တပတ်တွင် အနည်းငယ်ဈေးကျဆင်းခဲ့ပြီး ယခင်တစ်ပတ်က ပြည်တွင်းရွှေဈေးမှာအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၃၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၀၄၇၀၀၀သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

“ ဒီတစ်ပတ်ထဲ ပြည်တွင်းရွှေဈေးရော ကမ္ဘာ့ရွှေဈေးပါကျတယ်ဆိုပေမယ့် ပြန်လည်မြင့်တက်နိုင်မယ့်အလားအလာတွေရှိနေတယ်။ ပြောရမယ်ဆိုရင် ကမ္ဘာ့ရွှေဈေးက ဒီတစ်ပတ်ထဲမှာကို တရိပ်ရိပ်ပြန်တက်လာတာမျိုးရှိတယ်။ အဓိကကတော့ တရုတ်-အမေရိကန်ကုန်သွယ်ရေးတင်းမာမှုပဲ။ပထဝီနိုင်ငံရေးတင်းမာမှုတွေကြောင့် နိုင်ငံတိုင်းက ဗဟိုဘဏ်တွေက အမေရိကန်ဒေါ်လာအစား ရွှေကိုပိုပြီး တိုးဝယ်တာမျိုးတွေ ရှိလာတော့ ရွှေဈေးက မြင့်လာတာမျိုးရှိနိုင်တယ်။ ရေနံဈေးက အကျပိုင်းမှာပဲ ရှိနေဆဲပဲဆိုတော့ ရွှေကလုံးဝကိုခိုင်မာနေတယ်လို့ပြောလို့ရတယ်” ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၂၀ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၇၀၀၀ရှိခဲ့ရာမှ မေ ၂၂ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၅၀၀၀ သို့ ကျဆင်းခဲ့ပြီး မေ ၂၄ရက်တွင် ကျပ် ၁၀၄၇၀၀၀ သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်မှာတော့ မေ ၂၀ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၅ရှိခဲ့ရာမှ မေ ၂၂ ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၂၇၄ သို့ပြန်ကျခဲ့သော်လည်း မေ ၂၄ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၂ ဒေါ်လာဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

ရန်ကုန်အစုရှယ်ယာဈေး မြင့်တက်ခဲ့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ရှိ အစုရှယ်ယာများမှာယခုရက်သတ္တပတ်ဈေးကွက်ပိတ်ချိန်တွင် ဈေးမြင့်တက်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း(YSX)က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယခုရက်သတ္တပတ်အတွင်း မေ ၂၀ရက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာအရေအတွက်မှာ ၈၆၇၅စုဖြစ်ပြီး မေ ၂၁ရက်တွင်၄၂၇၅စု၊ မေ ၂၂ရက်တွင် ၁၀၆၂၄စု၊မေ ၂၃ရက်တွင်၈၅၁၅စုနှင့်မေ ၂၄ရက်တွင်၁၇၀၅စု အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။ ရန်ကုန်စတော့အိတ်ချိန်း၏ ယခုရက်သတ္တပတ်ဈေးကွက်ပိတ်ချိန် စာရင်းများအရ FMIအစုရှယ်ယာတစ်စုလျှင် ကျပ် ၁၁၅၀၀၊MTSHအစုရှယ်ယာတစ်စုလျှင် ကျပ် ၃၁၅၀၊MCBအစုရှယ်ယာတစ်စုလျှင် ကျပ် ၇၇၀၀၊ FPBအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၂၅၀၀နှင့် TMHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၉၅၀ဖြင့် ဈေးပိတ်ခဲ့ရာ ယခင်ရက်သတ္တပတ်ဈေးကွက်ပိတ်ချိန်နှင့်နှိုင်းယှဉ်ပါက FMI အစုရှယ်ယာသည် ကျပ် ၁၀၀၀၊ MTSH အစုရှယ်ယာသည် ကျပ် ၅၀၊ MCBအစုရှယ်ယာသည် ကျပ် ၄၀၀၊FPBအစုရှယ်ယာသည် ကျပ် ၁၀၀၀ အဖြစ်ဈေးမြင့်တက်ခဲ့ပြီး TMH အစုရှယ်ယာသည် ဈေးငြိမ်ခဲ့ကြောင်းသိရသည်။

ယခုနှစ်အတွင်း ရန်ကုန်အစုရှယ်ယာဈေးကွက်သို့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုဝင်ရောက်ရန် ပြင်ဆင်နေကြောင်း ရန်ကုန်စီးပွားရေးလောကတွင် သတင်းများထွက်ပေါ်နေသည်။

သန်းထိုက်အောင်

Currency Exchange Rate

May 24, 2019
Base Currency is
United States Dollar - USD

Currency Unit		Units per USD
AUD	Australia Dollars	1.45
BDT	Bangladesh Taka	84.10
CAD	Canada Dollars	1.35
CNY	China Yuan Renminbi	6.91
EUR	Euro	0.89
H KD	Hong Kong Dollars	7.85
I NR	India Rupees	69.75
I DR	Indonesia Rupiahs	14454.44
JPY	Japan Yen	109.57
MYR	Malaysia	4.19
PKR	Pakistan Rupees	151.87
PHP	Philippines Pesos	52.38
RUB	Russia Rubles	64.78
SGD	Singapore Dollars	1.38
KRW	South Korea Won	1189.61
LKR	Sri Lanka Rupe	176.50
THB	Thailand Baht	31.92
GBP	United Kingdom Pounds	0.78
VND	VietnamDon	23409.21

Source:xe.com

World Gold Price

May- 2019 (USD/OZ)

Date	NY	London	Zurich
20	1279	1277	1277
21	1279	1277	1277
22	1276	1275	1276
23	1277	1276	1276
24	1287	1286	1286

Domestic Gold Price

Kyats(Thousand)

Date	Yangon	Mandalay
20-5- 2019	1051.00	1050.40
21-5- 2019	1047.50	1046.50
22-5- 2019	1045.00	1044.00
23-5- 2019	1045.50	1046.00
24-5- 2019	1049.00	1048.50

နယ်စပ်ငွေလဲလုယ်နှုန်း

(1US$)

ရက်	၂၀၁၉ မေလ တရုတ် (ယွမ်)	ထိုင်း (ဘတ်)	ဘင်္ဂလားဒေ့ရှ် (တာကာ)	အိန္ဒိယ (ရူပီး)
20	6.91	31.85	84.24	69.51
21	6.90	31.91	84.36	69.69
22	6.91	31.99	84.32	69.77
23	6.91	31.96	84.57	69.65
24	6.91	31.92	84.10	69.74

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဘိလပ်မြေ

ရေလမ်းရော နယ်စပ်လမ်းကပါ ဘိလပ်မြေ အဝင်လျော့နည်း

မေ ၁၂ ရက်မှ ၁၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၅၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။ ယခင်တစ်ပတ်က ဘိလပ်မြေတန်ချိန် ၂၄၇၃၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၆၀၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။

မေ ၄ ရက်မှ ၁၀ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၁၃၅၆ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ ၁၄၂၃၉ တန်ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၈၈၀ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းကပါ တင်သွင်းမှုလျော့ခဲ့ကြောင်းသိရသည်။

ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

မော်လမြိုင်ဘိလပ်မြေဈေးကွက်၌ ယခုတစ်ပတ်မှာ အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့နှစ်ကောင် (အပြာ)ကျပ် ၆၂၀၀၊ ဆင်မြန်မာ ကျပ် ၆၃၀၀၊ ကြံ့နှစ်ကောင်(နီ(စိမ်း) ကျပ် ၆၃၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

မန္တလေးဘိလပ်မြေဈေးကွက်၌ အရောင်းအဝယ်သွက်နေကြောင်းသိရသည်။ ယခုတစ်ပတ် အေသုံးလုံးဘိလပ်မြေက ကျပ် ၃၀၀ ၊ အယ်လ်ဖာဘိလပ်မြေက ကျပ် ၂၀၀ဈေးမြင့်လာပြီး ကြံ့နှစ်ကောင်နှင့်ခရောင်းဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျလာကြောင်းနှင့် အေသုံးလုံးဘိလပ်မြေက ပစ္စည်းပြတ်နေကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၃၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၄၀၀၊ အပါချီကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မကွေးဘိလပ်မြေဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ရှိသော်လည်း ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာကျပ် ၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

တောင်ကြီးဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် အပါချီနဲ့ ကမ္ဘောဇ ဘိလပ်မြေက ကျပ် ၁၃၀၀ဈေး မြင့်လာပြီး စိန် (ထိုင်း) ကကျပ် ၂၀၀ ဈေးကျလာကြောင်းသိရသည်။ ယခုတစ်ပတ်ဈေးကွက်ထဲ စိန်(ထိုင်း) က ပစ္စည်းပြတ်နေကြောင်းသိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေ သည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၅၄၀၀၊ဆင်(ထိုင်း) ကျပ် ၆၄၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေသြဇာ

ယခင်တစ်ပတ်ထက် မြေသြဇာတင်သွင်းမှုလျော့နည်း

မေ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၅၅၀၇၇၅ တန်ဖိုးရှိ မြေသြဇာ ၁၈၂၇၉ ဒသမ ၆၇၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ကနေဒါနိုင်ငံမှတန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၁၈၃၂ တန်၊ အီဂျစ်နိုင်ငံမှ ၄၅၁ ဒသမ ၄၈ တန်၊ ဂျာမနီနိုင်ငံမှ ၁၅၄၈ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ အစ္စရေးနိုင်ငံမှ ၇၂ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅တန်၊ ကိုရီးယားနိုင်ငံမှ ၁၃၃ တန်၊ နယ်သာလန်နိုင်ငံမှ ၄၂ တန်၊ နော်ဝေနိုင်ငံမှ ၁၁၃၉ ဒသမ ၅၂ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၄၁ ဒသမ ၇တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၈၉၉၄ ဒသမ ၄၇၆ တန် တင်သွင်း ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် အာရပ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့် အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း၊ ယူရီးယား(၄၆%)၊ ဖလော်ရာ၊ အော်ဂဲနစ်တို့ဖြစ်သည်။ ယခင်တစ်ပတ်က မြေသြဇာတန်ချိန် ၃၃၆၃၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၅၃၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

မြေသြဇာဈေးကွက် အရောင်းအေး

မေ ၁၁ ရက်မှ ၁၇ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၂၇၄၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာတန်ချိန် ၁၈၁၁၀ကျော် ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၉၂၈၀ ကျော် အဝင်ပိုခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မန္တလေးနှင့် တောင်ကြီးတို့မှာ အရောင်းပုံမှန်ရှိပြီး မော်လမြိုင်မှာ အရောင်းအေးကြောင်း သိရသည်။

မော်လမြိုင်ဈေးကွက်မှာ ယခင်တစ်ပတ်မှာ အရောင်းအဝယ်အေးနေသော်လည်း ယခုတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးတွေ့ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း) မြင်းပျံ့ ကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ (အမ်ဝီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၅၀၀၀၀၊ မြန်မာ့သြဘာ (ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း(၁၆း၁၆း၈)(မြင်းပျံ့-ထိုင်း) ကျပ် ၄၇၀၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀ပိုတက် (မြန်မာသြဘာ) ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြှားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမိုး) ကျပ် ၃၁၅၀၀နဲ့ အရောင်းအဝယ် ဖြစ်နေကြောင်းသိရှိရသည်။

တောင်ကြီးဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် တီစူပါ ၂၀%က ကျပ် ၄၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃ ၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ်၃၀၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၆၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြှား ကမ္ဘာ ကျပ် ၁၉၅၀၀၊ ရွက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

မန္တလေးဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ရွှေတောင်)က ကျပ် ၅၀၀၊ ယူရီးယား(ပန်းဖူး)က ကျပ် ၂၀၀၊ တီစူပါ (၄۶%)က ကျပ် ၄၀၀၀၊ အာမိုး(၁၀း၁၀း၅)က ကျပ် ၆၀၀၊ အာမိုး ၁၅ ပတ်လည်က ကျပ် ၃၀၀ ဈေးမြင့်ပြီး ပိုတက် က ကျပ် ၃၀၀ ဈေးကျပြီး ကျန်မြေသြ ဇာများက ဈေးငြိမ်ကာဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေသည့် ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၅၀၀၊ ယူ ရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၇၀၀၊ သံကွင်း(၄۶%-တရုတ်) ကျပ် ၂၈၅၀၀၊ မြှားသီးစုံ ကျပ် ၁၈၂၀၀၊ ပန်းသီးစုံ ကျပ် ၁၈၃၀၀၊ အာမိုး ၁၀း၁၀း၅ ကျပ် ၂၀၀၀၀၊ အာမိုး၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ ပိုတက်ကျပ် ၂၈၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

နို့ဆီ/နို့မှုန့်

ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပို

မေ ၁၂ ရက်မှ ၁၈ ရက်အတွင်း အမေရိကန်ဒေါ်လာ ၆၀၅၈၂၄၄ဒေါ်လာ တန်ဖိုးရှိ နို့ဆီ ၅၅၇ ဒသမ ၃၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၈၄ ဒသမ ၅၄၄ တန်နှင့် မလေးရှားနိုင်ငံမှ ၂၇၂ ဒသမ ၈၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့် တံဆိပ်များမှာ ကောင်းဘဲလ်၊ ဒွန်းနဲ့ Hawk တို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၅၃၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းခဲ့သည့် နို့ဆီတန်ချိန်နှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရ သည်။

အမေရိကန်ဒေါ်လာ ၆၃၇၂၀၆ ဒေါ်လာတန်ဖိုးရှိ နို့မှုန့်၂၂၁ ဒသမ ၆၀ တန်ကိုလည်း တင်သွင်းခဲ့ကြောင်း သိရ သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ကြောင်း သိရ သည်။ ယခင်သီတင်းပတ်က နို့မှုန့်၁၉၅ တန်ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၀ ကျော် ပိုမိုတင်သွင်းခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ကြောင်းသိရသည်။

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၅ မှ ၁၇/၅	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၅ မှ ၁၀/၅	နှိုင်းယှဉ်ချက် (ပို/လို) +/-
၁။	မူဆယ်	၁၃၁၊၁၀	၅၆၊၃၀	(+) ၇၄၊၀၀
၂။	လွယ်ဂျယ်	-	-	-
၃။	ချင်းရှေဟော်	-	-	-
၄။	ကန်ပိုက်တီး	၁၁၀၊၀၀	၁၂၅၊၀၀	(-) ၁၅၊၀၀
၅။	တာချီလိတ်	၅၀၀၀၊၀၀	၃၀၅၅၊၀၀	(+) ၂၀၅၀၊၀၀
၆။	မြဝတီ	-	-	-
၇။	ကောဇောင်း	၅၀၊၀၀	-	(+) ၅၀၊၀၀
၈။	မြိတ်	၁၅၀၀၊၀၀	၇၄၂၅၊၀၀	(-) ၅၉၂၅၊၀၀
	စုစုပေါင်း	၇၅၉၁၊၁၀	၁၁၃၅၆၊၃၀	(-) ၃၇၆၅၊၂၀

မော်မော်အောင်

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၅ မှ ၁၇/၅	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၅ မှ ၁၀/၅	နှိုင်းယှဉ်ချက် (ပို/လို) +/-
၁။	မူဆယ်	၉၉၀၂၊၄၅	၅၅၅၄၊၅	(+) ၄၃၄၇၊၉၅
၂။	လွယ်ဂျယ်	၁၇၂၀၊၀၀	-	(+) ၁၇၂၀၊၀၀
၃။	ချင်းရှေဟော်	၅၇၀၆၊၀၅	၃၆၀၂၊၀၅	(+) ၂၂၀၄၊၀၀
၄။	ကန်ပိုက်တီ	၅၀၇၃၊၀၀	၄၉၄၁၊၀၀	(+) ၁၃၂၊၀၀
၅။	မြဝတီ	-	-	-
၆။	ကောဇောင်း	-	၁၉၊၉၄	(-) ၁၉၊၉၄
၇။	မြိတ်	-	-	-
၈။	ရိုဒ်	၄၈၀၀၊၀၀	၄၀၀၀၊၀၀	(+) ၈၀၀၊၀၀
၉။	တမူး	-	-	-
	စုစုပေါင်း	၂၇၄၀၁၊၅၉	၁၈၁၁၇၊၄၉	(+) ၉၂၈၄၊၀၁

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

သွင်းကုန်လိုင်စင် လျှောက်ထားရယူရန် လိုအပ်သောစာရင်း အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၉) ပြင်ဆင်ထုတ်ပြန်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သွင်းကုန်လိုင်စင် လျှောက်ထားရယူရန် လိုအပ်သော ကုန်စည်လိုင်း (၃၉၈၈)လိုင်းအား H.S Code 2017 Version အရ ကုန်စည်လိုင်း ၄၈၁၈ လိုင်းသို့ ပြင်ဆင်၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၇)ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကုန်စည်လိုင်းများမှ လိုင်စင်လျှောက်ထားရန် မလိုသော ကုန်စည်လိုင်း ၂၃၄ လိုင်းကို ထပ်မံဖြေလျှော့၍ လည်းကောင်း၊ လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်စာရင်းမှ ကုန်စည်လိုင်း ၂၉ လိုင်းအား သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသည့် စာရင်းသို့ပြန်လည်ထည့်သွင်း၍လည်းကောင်း၊ လိုင်စင်လျှောက်ထားရန်လိုသည့် စုစုပေါင်း ကုန်စည်လိုင်း ၄၆၁၃ လိုင်းအား Automatic Import Licensing နှင့် Non-Automatic Import Licensing အဖြစ် ခွဲခြားသတ်မှတ်၍ ၁-၆-၂၀၁၉ရက်မှ စတင်ပြောင်းလဲကျင့်သုံးရန် ထုတ်ပြန်ကြေညာထားသည်။

ယခင် သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုသောစာရင်းအဖြစ် သတ်မှတ်ရာမှ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူမည့် ကုန်စည်အဖြစ် ပြန်လည်သတ်မှတ်ခဲ့သော ကုန်စည်လိုင်းများအတွက် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ပြည့်မြောက်ပြီးပါက သွင်းကုန်လိုင်စင်လျှောက်ထားပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

ယခု အမိန့်ကြော်ငြာစာအရ လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်းများနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လိုင်စင်လျှောက်ထားရန်မလိုသော်လည်း သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်/အသိအမှတ်ပြုလက်မှတ်ရယူရန် လိုအပ်မည်ဆိုပါက သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သည့် ကုန်စည်လိုင်း (Negative List)အပေါ် ဖြေလျှော့ဆောင်ရွက်မှု အခြေအနေများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် အပြည့်အစုံဝင်ရောက်ကြည့်ရှုနိုင်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

မြဝတီကုန်သွယ်ရေးဇုန်တွင် Online CO Application System မိတ်ဆက်ဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက တာဝန်ယူထုတ်ပေးလျက်ရှိသော အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (CO Form) များအား မြဝတီကုန်သွယ်ရေးဇုန်တွင် Manual စနစ်ဖြင့် ထုတ်ပေးလျက်ရှိရာမှ Online မှတစ်ဆင့် Online CO Application System ဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန်လ တစ်လအား Transition Period အဖြစ် (Manual + Online) နှစ်မျိုးစလုံးဖြင့် အသုံးပြုဆောင်ရွက်မည်ဖြစ်သည်။

ဇူလိုင် ၁ ရက်မှစ၍ Online တစ်မျိုးတည်းဖြင့်သာ အသုံးပြုဆောင်ရွက်သွားရန်အတွက် Online စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်သည်လုပ်ငန်းရှင်များ အခက်အခဲမရှိစေရန် အသိပညာပေး (Awareness) မိတ်ဆက်ဆွေးနွေးပွဲကို မေ ၁၈ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပြီး OSS ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများ၊ ကုန်သည်အသင်းတာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ လုပ်ငန်းဆောင်ရွက်သူကိုယ်စားလှယ် Agent များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မိတ်ဆက်ဆွေးနွေးပွဲ အခမ်းအနားတွင် မြဝတီကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (CO Form) ခွင့်ပြုထုတ်ပေးသော ဌာနဖြစ်ကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြောင်းလဲတိုးတက်လာသော ခေတ်နှင့်လျော်ညီအောင် CO Form များအား Online မှတစ်ဆင့် ခွင့်ပြုထုတ်ပေးနိုင်ရေး၊ GIZ ၏ကုန်သွယ်မှု အထောက်အပံ့အစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှစ၍ နေပြည်တော်၊ ရန်ကုန်၊ MIC၊ သီလဝါတို့တွင် စမ်းသပ်အသုံးပြုခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှစ၍ Online တစ်မျိုးတည်းသာ အသုံးပြုဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မူဆယ်ကုန်သွယ်ရေးဇုန်နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့တွင် ဒုတိယအဆင့်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာဌာနခွဲ၊ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲမှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ၊ Information Matrix Co မှ Programmer၊ ကမ္ဘောဇာဏ် တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီကုန်သွယ်ရေးဇုန်

အင်းတော်ခ္ဍ ခေတ်မီခေါက်ဆွဲစက်များ အသစ်တည်ဆောက်လာ၍ အလုပ်အကိုင်များရ

အင်းတော်မြို့ပေါ် ရပ်ကွက်များ၌ ခေတ်မီခေါက်ဆွဲစက် တိုးချဲ့တည်ဆောက်လာကြသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရကြပြီး ဒေသထုတ်ကုန် ဆန်စီးခေါက်ဆွဲကို တခြားမြို့နယ်များ ဗျူဟာကားလမ်းတစ်လျှောက် ကားရပ်နားစျေးဆိုင်များက မှာယူမှုများသောကြောင့် ရောင်းအားကောင်းနေကြောင်း သိရသည်။

"အင်းတော်မြို့ပေါ်မှာ ခေတ်မီခေါက်ဆွဲစက် သုံးခုရှိပါတယ်။ အားလုံးအလုပ်ဖြစ်နေကြပါတယ်။ ကျွန်တော်တို့ ရွှေသစ္စာခေါက်ဆွဲကတော့ တစ်ရက် ဆန်လေးတင်းခွဲအမှုန့်ကြိတ်ထုတ်လုပ်ပါတယ်။ တစ်တင်းကို ၂၇ ပိဿာ ထွက်ပါတယ်။ တစ်ရက် ပိဿာ ၁၂၀ ကျော် ထုတ်လုပ်ရောင်းချနေပါတယ်။ တစ်ပိဿာ ၁၂၀၀ ကျပ် ရောင်းပါတယ်။ အဓိကဗျူဟာကားလမ်းပေါ်က စျေးဆိုင်များကို ပို့ရပါတယ်။ ကျောက်တန်း၊ ရွှေညောင်ပင် ကားရပ်နားစခန်းများကို အများဆုံးပို့ရပြီး ဗန်းမောက်မြို့၊ မဲဇာ၊ မော်လူး၊ ဒေသများကို လည်း ပုံမှန်တင်ပို့ရောင်းချနေရတဲ့အတွက် ရောင်းအားကောင်းပါတယ်။ တိုက်ရိုက်စားသောက်ကုန်ဖြစ်လို့ သန့်ရှင်း သပ်ရပ်အောင်အလေးထားဆောင်ရွက်ပါတယ်။ ဓာတုဆေးဝါးကတော့ လုံးဝမသုံးပါဘူး။ ရပ်ကွက်ထဲက အလုပ်သမား ခုနစ်ယောက်ဌားထားရပါတယ်။ လုပ်အားခကို ကျွမ်းကျင်မှုပေါ်မူတည်ပြီးပေးတဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းရကြပါတယ်"ဟု ရွှေသစ္စာခေါက်ဆွဲစက်ပိုင်ရှင် ဦးမြင့်သိန်းနှင့် ဒေါ်ချစ်တို့က ပြောဆိုသည်။

ကြည်နိုင်ဦး-အင်းတော်

ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၅-၂၀၁၉)

ကျပ်/ပိဿာ

မြို့အမည်	ပဲဆီ			နှမ်းဆီ			စားအုန်းဆီ		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
နေပြည်တော် (ပျဉ်းမနား)	၆၀၀၀	၆၀၀၀	□	၆၆၀၀	၆၆၀၀	□	၁၈၀၀	၁၈၀၀	□
ရန်ကုန်	၇၀၀၀	၇၀၀၀	□	၇၅၅၀	၇၅၅၀	□	၁၇၅၀	၁၇၅၀	□
မန္တလေး	၆၀၀၀	၆၀၀၀	□	၇၂၀၀	၇၂၀၀	□	၁၈၀၀	၁၈၀၀	□
ပဲခူး	၆၄၀၀	၆၄၀၀	□	၆၄၀၀	၆၄၀၀	□	၁၈၀၀	၁၈၀၀	□
မကွေး	၇၀၀၀	၇၀၀၀	□	၇၅၅၀	၇၅၅၀	□	၁၆၀၀	၁၆၀၀	□
မုံရွာ	၅၈၀၀	၅၈၀၀	□	၅၅၅၀	၅၅၅၀	□	၁၈၅၀	၁၇၀၀	▽
စစ်တွေ	၇၀၀၀	၇၀၀၀	□	၅၅၅၀	၅၅၅၀	□	၂၂၀၀	၂၂၀၀	□

မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၂၄-၅-၂၀၁၉ US$/Ton

အမျိုးအစား	မေဒုတိယပတ်	မေတတိယပတ်	နှိုင်းယှဉ်ချက်
RBD P.Oil	၄၉၆.၅၀	၄၈၈.၅၀	▽
RBD P.Olein	၅၀၀.၅၀	၅၀၂.၅၀	△
RBD P.Stearin	၄၅၅.၅၀	၄၆၃.၅၀	△

Source: bepi.mpob

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၂၄-၅-၂၀၁၉) ရက်

အကြောင်းအရာ	တွက်ချက်နှုန်း	တစ်ပိဿာကုန်ကျစရိတ် (ကျပ်)
		Cloud Point 8˚CMax
CIF စျေး	(CIFx USD)/ 612	၁၃၄၅.၃၇
FDA ထောက်ခံစာ	58 .20/ 612	၀.၁၀
သွင်းကုန်လိုင်စင်ကြေး	50/ 612	၀.၀၈
L/C စရိတ်	(CIF x 0.25% x USD)/612	၃.၃၆
Bill စရိတ်	(CIF x 0.50% x USD)/612	၆.၇၃
စားအုန်းဆီအလျှော့	0.5% x လက်ကားစျေး	၇.၂၅
ဆီကန်သိုလှောင်ထိန်းသိမ်းခ	5/ -1%	၄.၉၅
ကုန်သွယ်လုပ်ငန်းခွန်	(FOB x USD x 1.0 x 5%)/612	၇၆.၉၅
ဆိပ်ကမ်းခွန်	(50000/ 1000)/612	၀.၀၈
MITS စစ်ဆေးခ (FDA အပါအဝင်)		၀.၆၀
အမြတ်ခွန်	(CIF x 35/-)/ 612	၃၀.၆၀
ဆိပ်ကမ်းကပ်ခ	(3x USD)/ 612	၇.၅၄
	ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး	၁၄၇၃.၆၀၅

မှတ်ချက်။ ၁။ အထက်ပါတွက်ချက်မှုမှာ ၂၄-၅-၂၀၁၉ နေ့ (CIF စျေး Cloud Point 8 ˚C Max 535 ဒေါ်လာနှင့် USD စျေး ၁၅၃၉ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၄-၅-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၅၃၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Re-Export စနစ်ဖြင့် သင်္ကြား တင်သွင်း/တင်ပို့ခဲ့သည့် ကုမ္ပဏီများအား အသိပေးအကြောင်းကြားခြင်း

Re-Export စနစ်ဖြင့် သင်္ကြားတင်သွင်း/တင်ပို့ခွင့်ပြုခဲ့သောကုမ္ပဏီများအနက် ပူးတွဲပါ ကုမ္ပဏီ ၁၄၁ ခု အနေဖြင့် မိမိတို့ ကုမ္ပဏီ၏ Re-Export သင်္ကြားတင်သွင်း/တင်ပို့ထားမှုအခြေအနေများအား ၂၁. ၇. ၂၀၁၉ ရက် နောက်ဆုံးထား၍ အမှန်တင်သွင်း/ တင်ပို့အထောက်အထား စာရွက်စာတမ်းများ(မူရင်း+မိတ္တူ) အပြည့်အစုံဖြင့် ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲသို့ လာရောက်စာရင်းရှင်းလင်းနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

ကုန်သွယ်ရေးဦးစီးဌာန
ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ
Re-Export သင်္ကြားအား အမှန်တင်သွင်း/တင်ပို့
အထောက်အထားများဖြင့် စာရင်းရှင်းလင်းရန် ကျန်ရှိသည့် ကုမ္ပဏီ (၁၄၁)ခုစာရင်း

စဉ်	ကုမ္ပဏီအမည်
1.	All States International Co., Ltd.
2.	All Win Trading Co.,Ltd.
3.	ALMA AUNG FAMILY COMPANY LIMITED.
4.	ANANDA STEEL COMPANY LIMITED.
5.	Aries Family Trading Co.,Ltd.
6.	Asia Hline Kyaw Family Co.,Ltd.
7.	Aung Tha Pyay Tun Co., Ltd.
8.	Aye Yadanar Moe Co.,Ltd.
9.	Aye Yar Phoenix Trading Co., Ltd.
10.	Ayeyar Hinthar Holdings Co., Ltd.
11.	AYEYAR HINTHAR TRADING COMPANY LIMITED.
12.	Ayeyarwun Co., Ltd.
13.	B O B Co., Ltd.
14.	BLISS RAIN COMPANY LIMITED.
15.	BO BO SAN COMPANY LIMITED.
16.	CAR A TO Z COMPANY LIMITED.
17.	Chit Moe Yan Co., Ltd.
18.	Control Star Export & Import Co.,Ltd.
19.	DAMMAR PINE FAMILY COMPANY LIMITED.
20.	DANA SUWAI COMPANY LIMITED.
21.	Dana Theingi Int'l Co. Ltd.
22.	Diamond Crown Co., Ltd.
23.	Diamond Eye Co.,Ltd.
24.	DREAM HOME COMPANY LIMITED.
25.	Easy Rider Motorbike Co.,Ltd.
26.	EMPEROR SUCCESS TECHNOLOGY COMPANY LIMITED.
27.	ETERNAL VICTORY GENERAL TRADING CO., LTD
28.	Excel International Trading Co.,Ltd.
29.	Famous Hero Co., Ltd.
30.	FOUR SEA INTEGRATED COMPANY LIMITED.
31.	Fresh Idea Co., Ltd.
32.	Global Myanmar Trading Co,Ltd.
33.	Global Ways Travels & Tours Co., Ltd.
34.	Golden Everest Co., Ltd.
35.	Golden Sparkles Co.,Ltd.
36.	Golden Sparrow Trading Co.,Ltd.
37.	GOLDEN SUN-AUNG CHAN WIN COMPANY LIMITED.
38.	Great Deal Co.,Ltd.
39.	Great Momentum International Trading Co.,Ltd.
40.	Hein Global Trading Co., Ltd.
41.	Hein Htet San Trading Co., Ltd.
42.	HNIN MYITTAR COMPANY LIMITED.
43.	Hyacinth Ltd.
44.	International Venture Co.,Ltd.
45.	KAUNG KA LAY INTERNATIONAL COMPANY LIMITED.
46.	Kaung Su Co., Ltd.
47.	Khetan Co., Ltd.
48.	Kittayar Hinthar Co.,Ltd.
49.	Kyaw Tha Co., Ltd.
50.	LION KING GROUP LIMITED.
51.	LOVE DECEMBER AUTO TRADING COMPANY LIMITED.
52.	LWIN MOE AUNG TRADING COMPANY LIMITED.
53.	MAHA SUCCESSFUL FAMILY COMPANY LIMITED.
54.	MAHAR DECEMBER FAMILY COMPANY LIMITED.
55.	MAY KHALAR SERVICES COMPANY LIMITED.
56.	Mega Marine Frozen Seafood Co., Ltd.
57.	MIN KAN THAR COMPANY LIMITED.
58.	Min Khant Co., Ltd.
59.	Minhla Agricultural Products Trading Special Rice Paddy Co.,Ltd.
60.	Moon Princess Co., Ltd.
61.	MYANMA SOIL & ARCHITECT COMPANY LIMITED.
62.	Myanmar Confident Group Co.,Ltd.
63.	MYANMAR DONG FENG COMPANY LIMITED.
64.	Myanmar Golden Seeds Co.,Ltd.
65.	Myanmar Pipes & Accessories Trading Co., Ltd.
66.	MYANMAR PULSES ZONE COMPANY LIMITED.
67.	Myat Mi Ba Co.,Ltd.
68.	MYAT MYITTAR MON GEMS & JEWELLERY CO.,LTD.
69.	Myawaddy Trading Ltd.
70.	Myint Htet Wai Co,Ltd.
71.	NAN OO THIRI COMPANY LIMITED.
72.	Nang Yan Co., Ltd.
73.	New Blaze Co., Ltd.
74.	New Golden Gate (1991) Co., Ltd.
75.	NOBLE SAPPHIRE COMPANY LIMITED.
76.	NWE THAR KI MIN COMPANY LIMITED.
77.	PEARL MYINT MYAT COMPANY LIMITED.
78.	PERFECT DAYS TRAVEL AND TOUR COMPANY LIMITED.
79.	PHYO DANA WAI COMPANY LIMITED.
80.	Phyu Sin Thit Sar Trading Co., Ltd.
81.	PIONEER DRAGON OFFSHORE COMPANY LIMITED.
82.	PYAE THU TA INTERNATIONAL CONSTRUCTION COMPANY LIMITED.
83.	REGAL MAJESTIC COMPANY LIMITED.
84.	Regis International Co.,Ltd.
85.	Rich Hero Co., Ltd.
86.	ROYAL GALAXY STAR COMPANY LIMITED.
87.	ROYAL KING LAND MANUFACTURING & DISTRIBUTION COMPANY LIMITED.
88.	Royal Nay Nan Taw Business Group Co.,Ltd.
89.	Sein Htan Pin Co., Ltd.
90.	SHINNING DIAMOND LIGHT COMPANY LIMITED.
91.	Shwe Byain Phyu Co., Ltd.
92.	SHWE GREEN LAND TRADING COMPANY LIMITED.
93.	SHWE LATT PHYO WAI COMPANY LIMITED.
94.	Shwe Me Co., Ltd.
95.	Shwe Me Industry Co., Ltd.
96.	SHWE MIN HLA COMPANY LIMITED.
97.	SHWE PHYU SAN COMPANY LIMITED.
98.	SHWE PWINT SAN COMPANY LIMITED.
99.	Shwe Sin Nan Taw Trading Co.,Ltd.
100.	Shwe Taw Win International Trading Co., Ltd.
101.	SHWE WAH MANDAING CO.,LTD.
102.	SHWE YEE HTEIK HTAR COMPANY LIMITED.
103.	Silver Corona Co.,Ltd.
104.	Sky Glory Co., Ltd.
105.	Special Manufacturing Co., Ltd.
106.	Standard Int'l Manufacturing Co., Ltd.
107.	Su Paung Family Co.,Ltd.
108.	SUCCESSFUL RAIN COMPANY LIMITED.
109.	Successful Trade Co., Ltd.
110.	Super Shine Trading Co.,Ltd.
111.	Super Technology Products Trading Co., Ltd.
112.	Than Lwin Shwe Pyi Co., Ltd.
113.	The Tharyarwady District Myanmar General Trading Co-operative Society Ltd.
114.	Theint Win Htet Manufacturing Co., Ltd.
115.	Thitsar Tun Trading Co., Ltd.
116.	Thuwunna Nadi Trading Ltd.
117.	Two Birds Manufacturning Co., Ltd.
118.	UAT Group Construction Co.,Ltd.

စာမျက်နှာ (၁၃)သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

တရုတ်သို့ ကြက်သွန်နီ တင်ပို့မှုလျှော့နည်း

ယခုရက်သတ္တပတ်အတွင်း မေ ၁၅ ရက်မှ ၂၁ ရက်ထိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိသော ကြက်သွန်နီစျေး နှုန်းမှာ တစ်ပိသာလျှင် ကျပ် ၄၅၀ ဝန်းကျင်ဖြင့်စျေးငြိမ်နေသည်။ မေ ၈ ရက်မှ ၁၄ ရက်ထိတင်ပို့မှုမှာ ကားအစီးရေ ၁၂၀ စီး၊ တင်ပို့တန် ချိန် ၂၂၇၀ တန်ဖြစ်ကာ စျေးနှုန်းမှာ ကျပ် ၄၅၀ ဝန်းကျင်ဖြစ်သည်။ မေ ၁၅ ရက်မှ ၂၁ ရက်ထိ ကားစီးရေ ၁၀၉ စီး၊ တင်ပို့တန်ချိန် ၁၈၉၃ တန် အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှ တရုတ်သို့ ကြက်သွန်နီတင်ပို့မှု တန်ချိန် ယခင်ရက်သတ္တပတ်နှင့်နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းပြီး စျေးနှုန်းမှာ ကျပ် ၄၅၀ ဝန်းကျင်ဖြင့်ပုံမှန်ဖြစ်နေသည်။

မေ ၁၅ ရက်မှ ၂၁ ရက်အတွင်း တရုတ်ငွေစျေးမှာ တစ်ယွမ်လျှင် ၂၂၁ ကျပ်စျေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာငွေကျပ် ၂၇၈၀၀၀-၂၈၅၀၀၀ ကျပ်ရရှိသည်။ တစ်ပိသာစျေးနှုန်းမှာ မြန်မာငွေကျပ် ၄၅၀ ဝန်း ကျင်ရရှိပြီး တရုတ်ယွမ် နှစ်ယွမ်ခန့်ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင် စာရင်းအရ သိရှိရသည်။

စိုးသန္တာထွန်း (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)

မူဆယ်နယ်စပ်တွင် ပိတ်မိနေသည့် ဆန်နှင့် သကြား သုံးလကျော်ကြာသည်အထိ ပြန်မဖွင့်နိုင်သေး

မူဆယ်နယ်စပ်တွင် ပိတ်မိနေသည့် ဆန်၊ သကြားနှင့် ပြောင်းများ သုံးလကျော်ကြာသည်အထိ ပြန်မဖွင့်နိုင်သေးကြောင်း မူဆယ်ဆန်ကုန်သည် ဦးမင်းသိန်းက မေ ၂၃ ရက်တွင် ပြောသည်။ ယခုနှစ် ဖေဖော်ဝါရီလမှစ၍ မူဆယ်နယ်စပ်တွင် ဆန်အိတ်ရေ ၁၀ သိန်းနှင့် သကြားအိတ်ရေ ၁၆ သိန်းခန့် သောင်တင်နေခြင်းဖြစ်ကာ ယခုအချိန်အထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်း ဦးမင်းသိန်းက ပြောသည်။

"ဖေဖော်ဝါရီလကတည်းက ပိတ်တာ သုံးလလောက်ရှိပြီ။ လောလောဆယ်တော့ ဂိုဒေါင်ထဲပဲ ထည့်ထားရတယ်။ သကြားကတော့ တစ်နှစ်လောက်ထားလို့ရတယ်။ ဆန်ကတော့သိပ်မလွယ်ဘူး။ လောလောဆယ်တော့ ပျက်စီးမှုမရှိသေးဘူး။ တချို့ကလည်း မန္တလေးကိုပြန်ပို့ဖို့ စီစဉ်နေကြတယ်"ဟု ဦးမင်းသိန်းက ပြောသည်။

တရုတ်နိုင်ငံက မှောင်ခိုပစ္စည်းတိုက်ဖျက်ရေး စီမံချက်နှင့် လုပ်ဆောင်နေသည့်အတွက် အဖမ်းအဆီးများသောကြောင့် ကုန်သည်များက အရောင်းအဝယ်ပြုလုပ်၍ မရသဖြင့် ယင်းကဲ့သို့ သောင်တင်နေခြင်းဖြစ်သည် ဟုဆိုသည်။

"အဖမ်းအဆီးများတာကြောင့် ဒီဘက်က မသွားရဲတာပါ။ သွားရင် ဖမ်းတယ်ဆိုတော့ မသွားရဲကြတော့ဘူး။ ဝယ်တဲ့သူကလည်း ဖမ်းတယ်ဆိုတော့ လာမဝယ်ရဲဘူး" ဟု ဦးမင်းသိန်းကပြောသည်။ ယင်းသို့ ပိတ်မိနေခြင်းတွင် ဆန် ကုန်သည် ၄၀ ခန့်နှင့် သကြားကုန်သည် ၃၀ ခန့် ပါဝင်ပြီး အဆိုပါကိစ္စကြောင့် ပြည်တွင်း၌ ဆန်စပါးစျေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် တရုတ်-မြန်မာ ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် ကုန်သွယ်မှုပြုလုပ်ရာတွင် မူဆယ်၌ ပိတ်မိနေသည့် ဆန်များကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

"မေလထဲမှာ စပြီးလုပ်နိုင်အောင်လုပ်မယ်။ ဦးစားပေးကတော့ လတ်တလော မူဆယ်ကိုရောက်နေတဲ့ ဆန်တွေကို အဓိက ဦးစားပေးအနေနဲ့ ဆောင်ရွက်ဖို့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ယူနန်ပြည်နယ် ကူမင်းပြည်သူ့အစိုးရနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ ကုန်ဖလှယ်မှုစနစ် (Barter System) ဖြင့် ကုန်သွယ်မှု ပြုလုပ်ရန် ဧပြီ ၂၁ ရက်က နေပြည်တော်တွင် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ အဆိုပါ MoU ကို အောင်မြင်စွာ ညှိနှိုင်းအကောင်အထည်ဖော်နိုင်ပါက ဆန်စပါး အပါအဝင် မြန်မာ့လယ်ယာသားငါးထွက်ကုန်များကို မူဆယ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ တွင်ကျယ်စွာ တင်ပို့ ရောင်းချနိုင်မည် ဖြစ်ကြောင်း သိရသည်။

ပန်းဆု

မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့ သရက်သီးတင်ပို့မှုများ၍ စျေးအနည်းငယ်ကျ

ယခုရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲကျားသီးတစ်မျိုးသာ တင်ပို့ပြီး စျေးအေးသွားကာ သရက်သီးတင်ပို့မှု များလာပြီး စျေးလည်း အနည်းငယ်လျော့နည်းခဲ့သည်။

မေ ၁၅ ရက်မှ ၂၁ ရက်ထိဖရဲကား၅၅ စီး၊ တန် ၆၁၀၊ သရက်သီး ၁၁၀၀ စီး၊ ၆၄၈၂ ဒသမ ၅ တန်၊ ကန်စွန်းဥ ကိုးစီး၊ တန်ချိန် ၁၃၁ တန် တင်ပို့ရောင်းချခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။

ဖရဲကျားသီးမှာ တစ်တန်လျှင် ယွမ် ၁၀၀၀-၂၂၀၀ ကြားကျပ် ၂၁၇၀၀၀-၆၄၈၀၀၀ စျေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

ကန်စွန်းဥတင်ပို့မှုမှာ တစ်တန်လျှင် ယွမ် ၁၀၀၀-၁၅၀၀၊ ကျပ် ၂၁၇၀၀၀-၃၂၆၀၀၀ ရရှိပြီး ယခင်ရက်သတ္တပတ်စျေးနှင့် စျေးတူရရှိခဲ့သည်။

သရက်သီးတင်ပို့မှုမှာများလာသော်လည်း တစ်တန်လျှင် ယွမ် ၂၀၀၀-၉၂၀၀၊ ကျပ် ၄၃၄၀၀၀ -၁၈၇၇၀၀၀ ဖြင့် ယခင်ရက်သတ္တပတ်နှင့်နှိုင်းယှဉ်လျှင် စျေးအနည်းငယ်လျော့နည်းခဲ့သည်။

တစ်ပတ်အတွင်း ငွေစျေးနှုန်းမှာ တစ်ယွမ် ၂၂၁ ကျပ်မှ ၂၂၆ ကျပ်ထိ ပေါက် စျေးရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ လေ့လာသိရှိရသည်။

စုစုသာ(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)

လက်ရှိဘဏ္ဍာနှစ် ပထမခြောက်လပတ် ကာလအတွင်း ကုန်သွယ်မှုလိုင်ငွေ ကန်ဒေါ်လာ သန်း ၆၅၀ ကျော်ဖြစ်ပေါ်

ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်ကာလအတွင်း ကုန်သွယ်မှုလိုင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကျော် ဖြစ်ပေါ်ခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။ မေ ၂၃ ရက်က ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ၎င်းက လွှတ်တော်သို့ ရှင်းလင်းရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

"ကုန်သွယ်မှု ပိုင်ငွေ လိုင်ငွေ အနေအထားမှာ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပထမခြောက်လပတ်မှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၃၀၆ ဒသမ ၂ သန်းနဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၉၆၅ ဒသမ၇ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုလိုင်ငွေ အမေရိကန်ဒေါ်လာ ၆၅၉ ဒသမ ၅ သန်းဖြစ်ပေါ်ခဲ့ပါတယ်"ဟု ဦးမောင်မောင်ဝင်းက ပြောသည်။

အဆိုပါ ကုန်သွယ်မှုလိုင်ငွေပမာဏသည် ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၁၃၁၅ ဒသမ ၃ သန်း လျော့နည်းခဲ့သည်ကို တွေ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပထမခြောက်လပတ်တွင် ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၈၃၀၆ ဒသမ ၂ သန်း တင်ပို့နိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၅၄ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကာ အများဆုံး တင်ပို့သော ကုန်ပစ္စည်းများမှာ ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့၊ ပဲအမျိုးမျိုး၊ သတ္တုနှင့် သတ္တုရိုင်း၊ ဆန်တို့ဖြစ်ပြီး အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၈၉၆၅ ဒသမ ၇ သန်း တင်သွင်းခဲ့သောကြောင့် ရည်မှန်းချက်၏ ၅၆ ဒသမ ၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး အများဆုံးတင်သွင်းသော ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများဖြစ်သည်။ အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါကာလအတွင်း ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃ ဘီလျံ ကုန်သွယ်နိုင်ခဲ့သောကြောင့် ရည်မှန်းချက်၏ ၅၅ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရသည်။

ပန်းဆု

စာမျက်နှာ (၁၂) Re-export စနစ်ဖြင့် သကြား တင်သွင်း/တင်ပို့ခဲ့သည့် . . . မှအဆက်

119.	UNITED MYANMAR ENERGY COMPANY LIMITED.
120.	Vimal Co., Ltd.
121.	Win Pine Kyaw Trading Enterprise Co., Ltd.
122.	WIN SHWE WAH MANDAING COMPANY LIMITED.
123.	Wood World Trading Enterprise Ltd.
124.	X.Y Trading Co.,Ltd.
125.	Yadanar Family International Co., Ltd.
126.	Yangon Technical And Trading Co, Ltd.
127.	Yo Tha Co., Ltd.
128.	Young Generation Trading Co., Ltd.
129.	ZENITH CORONA COMPANY LIMITED.
130.	Golden Rice Co.,Ltd.
131.	Great Value Co., Ltd.
132.	BRIGHT LIGHT COMPANY LIMITED.
133.	Elephant Construction Group Ltd.
134.	SALSIN SHWE COMPANY LIMITED.
135.	Shwe Manaw Myay Trading Co, Ltd.
136.	Star Union Investment Ltd.
137.	Shwe Me Logistics Services Co.,Ltd.
138.	Unidata Technology Co.,Ltd.
139.	Shu San Trading Enterprise Co., Ltd.
140.	Rixs International Co.,Ltd.
141.	RIXS AUTO COMPANY LIMITED.

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ကျွဲနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေကို လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Aruba နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ အီဂျစ်၊ ဂျော်ဒန်၊ ကူဝိတ်၊ ပိုလန်၊ စပိန်၊ ဆွီဒင်နှင့် တောင်အာဖရိက စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၅ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကမ္ဘာ့ဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဂျပန်၊ အီတလီ၊ဘရာဇီ၊ ကနေဒါ၊ ဆွစ်ဇာလန်၊ ဂရိ၊ နယ်သာလန်နှင့် တူရကီ စသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Moldova နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ အာဂျင်တီးနား၊ အီဂျစ်၊ အီတလီ၊ ဆွီဒင်၊ ကူဝိတ်နှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၇၃ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဂျပန်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ ဂျာမနီ၊ ကင်ညာ နှင့် ဒိန်းမတ် စသည့်နိုင်ငံ ၁၆ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	မြန်မာ	လီတာ	၀.၆၃	၀.၆၅
၂	အင်ဒိုနီးရှား	လီတာ	၀.၇၁	၀.၈၆
၃	ထိုင်း	လီတာ	၁.၁၇	၀.၈၈
၄	ဗီယက်နမ်	လီတာ	၀.၉၄	၀.၇၆

ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မေ ၂၀ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၉ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဒေါ်လာဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၉ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့် မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၉ ဒေါ်လာဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းများ အနည်းငယ် ဈေးမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ် ဆန်ဈေးအနည်းငယ် မြင့်တက်ခဲ့ပြီး ဧည့်မထ ၂၅ မှတ် ဆန်ဈေးနှုန်းများ ဈေးကျခဲ့သည်ကို တွေ့ရှိရသည်။ ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်မှာ ဈေးအနည်းငယ်ဈေးမြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာ အနည်းငယ်ဈေးမြင့်တက်ခဲ့ပြီး ပေါင်းဆန်အမျိုးအစားမှာ ဈေးကျဆင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် အာဖရိကနိုင်ငံများ၏ဝယ်လိုအား လျော့နည်းမှုကြောင့် အိန္ဒိယဆန်ဈေးနှုန်းသည် ခုနစ်လအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ဗီယက်နမ်နှင့် ထိုင်းဆန်ဈေးနှုန်းများမှာလည်း ကျဆင်းလျက်ရှိကြောင်းသိရှိရသည်။ အိန္ဒိယမှ ဆန်ကို အများဆုံးဝယ်ယူနေသော အနောက်အာဖရိကနိုင်ငံများထံသို့ တရုတ်နိုင်ငံက လက်ကျန်သိုလှောင်ဆန်ဟောင်းများကို လျှော့ဈေးဖြင့် ရောင်းချနေသည့် အတွက် အဆိုပါနိုင်ငံများ၏ အိန္ဒိယဆန်ဝယ်ယူမှု လျော့နည်းလာခြင်းနှင့် အိန္ဒိယရူပီးငွေတန်ဖိုး ဆက်တိုက်ကျဆင်းနေခြင်း အစရှိသည့် ဂယက်များကြောင့် ယခုရက်သတ္တပတ်အတွင်း အိန္ဒိယ ၅မှတ် ပေါင်းဆန်တစ်တန်၏ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ကိုးဒေါ်လာခန့်ကျဆင်းခဲ့ပြီး တစ်တန်လျှင် အနိမ့်ဆုံး အမေရိကန်ဒေါ်လာ ၃၆၂ ဒေါ်လာနှင့် အမြင့်ဆုံး ဈေး အမေရိကန်ဒေါ်လာ ၃၆၅ ဒေါ်လာအကြားသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယဆန်ဈေးနှုန်း ကျဆင်းနေချိန်တွင် ဗီယက်နမ်နိုင်ငံ၌ လည်း နွေစပါးရိတ်သိမ်းချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ပြည်တွင်းဆန် ပိုလျှံမှုများနှင့်အတူ ယခုရက်သတ္တပတ်အတွင်း ဗီယက်နမ် ၅ မှတ်ဆန်ဖြူတစ်တန်၏ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာခန့် ကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဗီယက်နမ်ဆန်များကို အများအပြား ဝယ်ယူရန် စီစဉ်နေသော်လည်း ဗီယက်နမ်ဆန်လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာ၌ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော အတားအဆီးများရှိနေခြင်းကြောင့် အများအပြား တင်ပို့ရန် အခက်အခဲများရှိနေကြောင်း သိရှိရသည်။

အိန္ဒိယဆန်နှင့် ဗီယက်နမ်ဆန်ဈေးနှုန်းများ ကျဆင်းနေချိန်တွင် ထိုင်း ၅ မှတ်ဆန်ဖြူ တစ်တန်၏ ဈေးနှုန်းမှာမူ အပြောင်းအလဲမရှိဘဲ ယခင်ရက်သတ္တပတ်အတွင်းဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းအတိုင်း တစ်တန်လျှင် အနိမ့်ဆုံးဈေး အမေရိကန်ဒေါ်လာ ၃၈၅ နှင့် အမြင့်ဆုံးဈေး အမေရိကန် ဒေါ်လာ ၄၀၀ အကြား၌ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းသည် လက်ရှိအချိန်၌ အိန္ဒိယဆန်နှင့် ဗီယက်နမ်ဆန်တို့ထက် ဈေးနှုန်းပိုမိုများပြားနေသောကြောင့် ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာ၌ ထိုင်းဆန်ရောင်းအား ကျဆင်းသွားမည့်အရေးကို ထိုင်းဆန်ကုန်သည်များက စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း၌ ပြည်ပသို့ဆန်တန်ချိန် ၁၁ သန်းခန့် တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်၌ ဘတ်ငွေတန်ဖိုး အားကောင်းလွန်းနေသည့်အတွက် ဘတ်ငွေနှင့် ချိတ်ဆက် အရောင်းအဝယ်ပြုသည့် ထိုင်းဆန်ဈေးနှုန်း မြင့်မားနေမှုကြောင့် ပြည်ပသို့ဆန်တန် ချိန် ၉ ဒသမ ၅ သန်းခန့်သာ တင်ပို့နိုင်ဖွယ်ရှိကြောင်း www.reuters.com အင်တာနက် website တွင် ဖော်ပြထားသည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ Tien Giang ပြည်နယ်မှ တောင်သူများသည် ရေရှားပါးမှုကြုံနေရသဖြင့် ၂၀၁၈-၂၀၁၉ ရာသီတွင် စပါးစိုက်ပျိုးနေကျ စိုက်ဧရိယာအနက် ဟက်တာ ၂၀၀၀ နီးပါးကို ပြောင်းသီးနံ့များ အစားထိုးစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ တောင်သူများသည် တစ်ဟက်တာလျှင် ပြောင်း ၂ ဒသမ ၆ တန်နှုန်း ထုတ်လုပ်ကာ တစ်ဟက်တာမှ အမြတ်ဝင်ငွေ ဗီယက်နမ်ဒေါင် ၅၆ သန်း (အမေရိကန်ဒေါ်လာ ၂၄၀၀) ရရှိရာ စပါးစိုက်ပျိုးမှုထက် အမြတ်ငွေ ၃ ဒသမ ၁ ဆ ပိုမိုရရှိခဲ့ကြသည်ဟု ပြည်နယ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။

စပါးအစား ပြောင်းစိုက်ပျိုးခဲ့ကြသည့် ဧရိယာအများစုသည် Go Cong ကမ်းရိုးတန်းဒေသအပါအဝင် မိုးခေါင်ဒေသနှင့် ပင်လယ်ရေဝင်ဒေသများဖြစ်ကြပြီး စပါးနှင့်ပြောင်းအလှည့်ကျ စိုက်ပျိုးနေသည့် Go Cong မြို့မှ တောင်သူ Hai Cau က ယခင်က တစ်နှစ်လျှင် စပါးသုံးသီး စိုက်ပျိုးခဲ့စဉ်ရောဂါကျရောက်မှု၊ ထုတ်လုပ်စရိတ်မြင့်မားမှုနှင့် အမြတ်ကျဆင်းမှုတို့ ရင်ဆိုင်ခဲ့ရကြောင်း၊ ဒေသအာဏာပိုင်များ၏ အားပေးမှုအရ စပါးနှင့်ပြောင်းသီးလှည့် စိုက်ပျိုးခဲ့ရာတွင် ပြောင်းစိုက်ပျိုးရာမှ မြင့်မားသော အမြတ်ဝင်ငွေ ရရှိခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

၂၀၁၈-၂၀၁၉ ရာသီတွင် နွေသီးနံ့အဖြစ် ပြောင်းကို စိုက်ပျိုးခဲ့ရာမှ အမြတ်ဝင်ငွေ ဗီယက်နမ်ဒေါင် ၁၅ သန်း နီးပါးရရှိ ခဲ့ပြီး Hai Cau သည် ၎င်း၏ စပါးစိုက်ခင်းအားလုံးကို ပြောင်းသီးနံ့ စိုက်ပျိုးရန် ပြင်ဆင်ထားကြောင်း၊ ပြောင်းသီးနံ့သည် စပါးထက် သက်တမ်းတိုသဖြင့် တစ်နှစ် လျှင်လေးသီးအထိ စိုက်ပျိုးနိုင်ကြောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသည် ရေရှားပါးမှုကြုံတွေ့နေရသော ဆန်စပါးတောင်သူများအနေဖြင့် ရေငတ်ဒဏ်ခံသီးနှံ၊ အထူးသဖြင့် ပြောင်းသီးနှံကို အစားထိုးစိုက်ပျိုးကြရန် ပြီးခဲ့သည့် နှစ်များအတွင်း တိုက်တွန်းခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးဌာနသည် ပြောင်းအစားထိုးစိုက်ပျိုးမှုကို အားပေးသည့်အနေဖြင့် ကွင်းဆင်းပညာပေးခြင်း၊ စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးခြင်းနှင့် တောင်သူများကြည့်ရှုနိုင်ရန် စံပြစိုက်ကွက်များ စိုက်ပျိုးခြင်းတို့ပြုလုပ်ခဲ့ပြီး ပြည်နယ်စိုက်ပျိုးရေးပညာပေးဌာနသည် စပါးနှင့်ပြောင်းစံပြစိုက်ကွက်များစိုက်ပျိုးကာ တောင်သူများ သီးနှံအထွက်တိုးစေရေး နည်းပညာများ မျှဝေလျက်ရှိပါသည်။

စာမျက်နှာ ၁၇ သို့

ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၅	စက်ဘူ	လီတာ	၁.၆၀	၁.၃၃
၆	မလေးရှား	လီတာ	၀.၅၀	၀.၅၂
၇	ဖိလစ်ပိုင်	လီတာ	၁.၀၆	၀.၈၇
၈	ကမ္ဘောဒီးယား	လီတာ	၀.၉၉	၀.၈၇
၉	လာအို	လီတာ	၁.၂၅	၁.၀၀
၁၀	ဘရူနိုင်း	Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။		

၂၀၁၉ ခုနှစ် မေ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃ ဒေါ်လာနှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဒေါ်လာရှိပြီး စက်သုံး ဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၃ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်းတစ်လီတာ သုည ဒသမ ၆၅ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	ဗင်နီဇွဲလား	လီတာ	၀.၀၁	ဟောင်ကောင်	လီတာ	၂.၂၂
၂	ဆုဒန်	လီတာ	၀.၁၄	Monaco	လီတာ	၁.၉၆
၃	အီရန်	လီတာ	၀.၂၉	Iceland	လီတာ	၁.၉၆
၄	ကူဝိတ်	လီတာ	၀.၃၄	နော်ဝေ	လီတာ	၁.၉၅
၅	အယ်ဂျီးရီးယား	လီတာ	၀.၃၅	ဒိန်းမတ်	လီတာ	၁.၉၃

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	အီရန်	လီတာ	၀.၀၇	Monaco	လီတာ	၁.၈၈
၂	ဆုဒန်	လီတာ	၀.၀၉	Iceland	လီတာ	၁.၈၇
၃	ဆော်ဒီအာရေဗျ	လီတာ	၀.၁၃	ဟောင်ကောင်	လီတာ	၁.၈၄
၄	အယ်ဂျီးရီးယား	လီတာ	၀.၁၉	နော်ဝေ	လီတာ	၁.၈၀
၅	Ecuador	လီတာ	၀.၂၇	အီဆရေး	လီတာ	၁.၇၄

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	တရုတ်	လီတာ	၁.၀၉	၀.၉၈
၂	ဂျပန်	လီတာ	၁.၃၃	၁.၁၅
၃	အိန္ဒိယ	လီတာ	၁.၀၆	၀.၉၈

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကြယ်စင်(တန့်ဆည်မြေ)

ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ရက်စွဲ	ရေတွက်ပုံ	ဈေးနှုန်း
၁	၁၇.၅.၂၀၁၉	စည်း	၆၂.၈၇
၂	၂၀.၅.၂၀၁၉	စည်း	၆၃.၁၀
၃	၂၁.၅.၂၀၁၉	စည်း	၆၂.၉၉
၄	၂၂.၅.၂၀၁၉	စည်း	၆၁.၄၂
၅	၂၃.၅.၂၀၁၉	စည်း	၅၇.၉၁

source : http://www.oil-price.net/

၂၀၁၉ ခုနှစ်၊ မတ် ၂၅ ရက်မှ ၂၀၁၉ ခုနှစ် မေ ၂၀ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း ဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



စာမျက်နှာ ၃၁ သို့

ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာခဲ့သော်လည်း ကမ္ဘာ့ရွှေဈေးမှာ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးမှာ မေလ ၁၅ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၂၉၈ ဒေါ်လာ ဖြစ်ပေါ်ခဲ့ရာမှ မေ ၂၃ ရက်တွင် ၁၂၇၆ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး တစ်ပတ်အတွင်း ရွှေတစ်အောင်စလျှင် ၂၂ ဒေါ်လာ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရှိရသည်။ ကမ္ဘာ့ရွှေဈေး ကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေးနှုန်းသည်လည်း အနည်းငယ် ပြန်လည်ကျဆင်းလာကြောင်း၊ ပြည်တွင်းရွှေဈေးနှုန်းအနေဖြင့် မေလ ၁၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၅၇၅၀၀ ဖြစ်ပေါ်ခဲ့ရာမှ မေ ၂၃ ရက်တွင် ကျပ် ၁၀၄၇၅၀၀ ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်အတွင်း ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၀၀၀ ခန့် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။

ဥရောပသမဂ္ဂပါလီမန်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်၊ မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲအပြီးတွင် ဥရောပသမဂ္ဂ ဗဟိုဘဏ်ဥက္ကဋ္ဌနေရာကို ပြောင်းလဲခန့်အပ်ခြင်း၊ ယူရိုငွေနှင့်ပတ်သက်သည့် ငွေကြေးမူဝါဒများကို ဖြေလျှော့ဖွယ်ရှိခြင်းတို့ကြောင့် ငွေကြေးဈေးကွက်အတွင်း၌ ယူရိုငွေတန်ဖိုးကျဆင်းပြီး ယူရိုအစား အမေရိကန်ဒေါ်လာကို စုဆောင်းသူ များပြားလာသည့်အတွက် အမေရိကန်ဒေါ်လာတန်ဖိုး ဆက်တိုက်မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုရှိ သြဇာကြီးမားသော မီချီဂန်တက္ကသိုလ်က ၂၀၁၉ ခုနှစ်၊ မေ ၁၇ ရက်တွင် ထုတ်ပြန်သည့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးစာရင်း အချက်အလက်များ အသေးစိတ်အစီရင်ခံစာ၌ အမေရိကန်၏ စီးပွားရေး အခြေအနေမှာ လက်ရှိအချိန်၌ အားကောင်းနေကြောင်း ဖော်ပြထားခြင်းသည်လည်း အမေရိကန်ဒေါ်လာတန်ဖိုးကို မြင့်တက်စေသည့် အခြားအချက်အလက်တစ်ခု ဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၆ သို့

သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံး ထုတ်လုပ်သောနိုင်ငံများမှ International Sugar Organization (ISO) website တွင် ဖော်ပြချက် စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အမေရိကန် ပြည်ထောင်စုတို့ဖြစ်ကြသည်။ ၂၀၁၈ ခုနှစ်တွင် သကြား တင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျာမနီ၊ မက္ကဆီကို၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဂွါတီမာလာ၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ပိုလန်၊ ကိုလံဘီယာ၊ Eswatini နှင့် ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး၊ ကမ္ဘာ့သကြားတင်သွင်းမှုအများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ မလေးရှား၊ အီတလီ၊ အယ်လ်ဂျီးရီးယား၊ တောင်ကိုရီးယား၊ UAE၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် စပိန်နိုင်ငံတို့ဖြစ်ကြသည်။

Date	ISA Daily Price	15 Day Average	White Sugar Price Index	
22-May-19	12.24 cts/lb	12.39 cts/lb	325.20 $/T	14.75 cts/lb
21-May-19	12.38 cts/lb	12.42 cts/lb	328.65 $/T	14.91 cts/lb
20-May-19	12.21 cts/lb	12.46 cts/lb	325.45 $/T	14.76 cts/lb
17-May-19	12.14 cts/lb	12.46 cts/lb	323.70 $/T	14.68 cts/lb
16-May-19	12.36 cts/lb	12.49 cts/lb	332.75 $/T	15.09 cts/lb
15-May-19	12.40 cts/lb	12.51 cts/lb	328.80 $/T	14.91 cts/lb
14-May-19	12.49 cts/lb	12.55 cts/lb	330.40 $/T	14.99 cts/lb
13-May-19	12.41 cts/lb	12.58 cts/lb	328.35 $/T	14.89 cts/lb
10-May-19	12.28 cts/lb	12.60 cts/lb	325.75 $/T	14.78 cts/lb
9-May-19	12.33 cts/lb	12.65 cts/lb	326.80 $/T	14.82 cts/lb
8-May-19	12.24 cts/lb	12.67 cts/lb	324.15 $/T	14.70 cts/lb
7-May-19	12.51 cts/lb	12.70 cts/lb	330.45 $/T	14.99 cts/lb
3-May-19	12.58 cts/lb	12.76 cts/lb	330.05 $/T	14.97 cts/lb
2-May-19	12.77 cts/lb	12.78 cts/lb	332.20 $/T	15.07 cts/lb
1-May-19	12.77 cts/lb	12.79 cts/lb	334.05 $/T	15.15 cts/lb



Source: www.isosugar.org

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့်နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် သုံးနိုင်ငံမြောက်အဖြစ် ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းကျော် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင်တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် တန်ချိန်ခြောက်သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့ သကြားဈေးနှုန်းများ အနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် မေ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၀၅ ပေါက်ဈေးရှိခဲ့ရာမှ အတက် အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မေ ၂၂ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၂၅ ဒသမ ၂၀ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်-

စာမျက်နှာ ၁၆ သို့

စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

၂၀၁၉ ခုနှစ်၊ မေလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၇ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ ဒေါ်လာ ၂၃၇၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၁၁-၄၃၆၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၅၅-၅၇၆ ဖြစ်ပြီး ယခင် တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကာ တရုတ်နှင့် ပါကစ္စတန် နိုင်ငံတို့ တွင် သကြားဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၂၇ ဒေါ်လာဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေလလယ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၄၆ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၇ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၃၁ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ် တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၃ ဒေါ်လာဝန်းကျင်ရှိပြီး ထိုင်း နိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၇ ဒေါ်လာဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ တောင်ကြီး၊ ဘားအံ၊ ထားဝယ်၊ ပျဉ်းမနားနှင့် ကလေးမြို့တို့ တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်း ဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ မေ ၂၃ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ် နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၇၈ ရာခိုင်နှုန်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မေလ တတိယပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

စဉ်	မြို့အမည်	သကြား(ကျပ်/ပိဿာ)				
		မေ ၁၇	မေ ၂၀	မေ ၂၁	မေ ၂၂	မေ ၂၃
၁	၂	၃	၄	၅	၆	၇
၁	မြစ်ကြီးနား	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၂	လားရှိုး	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၃	ကျိုင်းတုံ	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၄	တောင်ကြီး	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
၅	လွိုင်ကော်	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၆	ဘားအံ	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
၇	မော်လမြိုင်	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀
၈	ထားဝယ်	၁၅၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
၉	မြိတ်	၁၅၀၀	၁၄၀၀	၁၄၀၀	၁၄၀၀	၁၅၀၀
၁၀	ရန်ကုန်	၁၈၀၀	၁၈၀၀	၁၈၀၀	၁၈၀၀	၁၈၀၀
၁၁	ပုသိမ်	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀
၁၂	စစ်တွေ	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
၁၃	ဟားခါး	၁၉၀၀	၁၉၀၀	၁၉၀၀	၁၉၀၀	၁၉၀၀
၁၄	မုံရွာ	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀
၁၅	မန္တလေး	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
၁၆	ဗခုက္ကူ	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀
၁၇	မကွေး	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၁၈	ပြည်	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၁၉	ဗဲခူး	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၂၀	ပျဉ်းမနား	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
၂၁	နေပြည်တော်	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀
၂၂	ကလေး	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀

Source:DACA-Domestic

စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

၂၀၁၉ ခုနှစ်၊ မေ ၁၈ ရက်တွင် အမေရိကန်ဒေါ်လာ တန်ဖိုးမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ရက်သတ္တပတ် နှစ်ပတ်အတွင်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာတန်ဖိုး ဆက်တိုက်မြင့်တက်နေသည့်အတွက် ရွှေအစားအမေရိကန်ဒေါ်လာဈေးကွက်သို့ ပြောင်းလဲရင်းနှီးမြှုပ်နှံမှု များပြားလာသောကြောင့် ကမ္ဘာ့ရွှေဈေးနှုန်းမှာ သုည ဒသမ ၈၂ ရာခိုင်နှုန်း ကျဆင်းပြီး ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၆ ဒေါ်လာသို့ရောက်ရှိခဲ့ကြောင်း၊ အဆိုပါ ဈေးနှုန်းသည် ရက်သတ္တပတ်နှစ်ပတ်အတွင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ကြောင်း www.reuters.com အင်တာနက် website တွင် ဖော်ပြထားသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေ ၁ ရက်မှ ၂၃ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

စဉ်	နေ့စွဲ	ရွှေဈေးနှုန်း	
		အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း	(ဒေါ်လာ/ အောင်စ)
၁	၁.၅.၂၀၁၉	၁၀၃၈၅၀၀	၁၂၈၂
၂	၂.၅.၂၀၁၉	၁၀၃၆၀၀၀	၁၂၇၁
၃	၄.၅.၂၀၁၉	၁၀၃၉၀၀၀	၁၂၇၉
၄	၅.၅.၂၀၁၉	၁၀၃၈၀၀၀	၁၂၇၉
၅	၆.၅.၂၀၁၉	၁၀၄၃၀၀၀	၁၂၈၂
၆	၇.၅.၂၀၁၉	၁၀၄၃၀၀၀	၁၂၈၁
၇	၈.၅.၂၀၁၉	၁၀၄၈၀၀၀	၁၂၈၈
၈	၉.၅.၂၀၁၉	၁၀၄၉၅၅၀	၁၂၈၅
၉	၁၀.၅.၂၀၁၉	၁၀၄၉၅၅၀	၁၂၈၆
၁၀	၁၂.၅.၂၀၁၉	၁၀၅၁၀၀၀	၁၂၈၆
၁၁	၁၃.၅.၂၀၁၉	၁၀၅၁၅၀	၁၂၈၄
၁၂	၁၄.၅.၂၀၁၉	၁၀၅၉၀၀၀	၁၂၉၈
၁၃	၁၅.၅.၂၀၁၉	၁၀၅၇၅၀	၁၂၉၈
၁၄	၁၆.၅.၂၀၁၉	၁၀၅၅၅၀	၁၂၉၅
၁၅	၁၇.၅.၂၀၁၉	၁၀၅၃၅၀	၁၂၈၆
၁၆	၁၉.၅.၂၀၁၉	၁၀၅၁၅၀	၁၂၇၈
၁၇	၂၀.၅.၂၀၁၉	၁၀၄၇၅၀	၁၂၇၅
၁၈	၂၁.၅.၂၀၁၉	၁၀၄၅၅၀	၁၂၇၅
၁၉	၂၂.၅.၂၀၁၉	၁၀၄၅၅၀	၁၂၇၄
၂၀	၂၃.၅.၂၀၁၉	၁၀၄၇၅၀	၁၂၇၆

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း ၊ Annual Rate of Inflation ၇ ဒသမ ၂၈ ရာခိုင်နှုန်း ၊ Year on Year Inflation ၇ ဒသမ ၉၂ ရာခိုင်နှုန်း ရှိသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် မေလ ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၄၃ ကျပ်ဖြစ်ပေါ်ခဲ့ရာမှ မေလ ၁၇ ရက်တွင် တစ် ဒေါ်လာလျှင် ၁၅၃၆ ဒသမ ၇၀ ကျပ်၊ မေလ ၂၀ ရက်တွင် ၁၅၄၀ ဒသမ ၄၀ ကျပ်၊ မေလ ၂၁ ရက်တွင် ၁၅၄၁ ဒသမ ၃၀ ကျပ်၊ မေလ ၂၂ ရက်တွင် ၁၅၄၀ ဒသမ၃၀ ကျပ်နှင့် မေလ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၉ ဒသမ ၄၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲ များဖြစ်ပေါ်နေပြီး မေ ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်၊ မေ ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၁ ကျပ်၊ မေ ၁၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၉ ကျပ်၊ မေ ၂၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၆ ကျပ်၊ မေ ၂၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၅ ကျပ်၊ မေ ၂၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်၊ မေ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်၊ မေ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၂ ကျပ်စသည်ဖြင့် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့မှ မေ ၂၃ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-



Source: Central Bank of Myanmar

မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာတန်ဖိုး ကျပ် ၁၅၀၀ အထက်တွင် အတက်/အကျ အနည်းငယ်သာရှိပြီး အများအားဖြင့် တည်ငြိမ်မှုရှိနေကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြပါသည်။ တန်ဖိုးအတက်/အကျ တစ်လအတွင်း ၁ ရာခိုင်နှုန်း မှ ၃ ရာခိုင်နှုန်းကြားသာ ရှိသည့် အခြေအနေမျိုးကို ၂၀၁၉ နှစ်ဆန်းက စတင်ကြုံတွေ့ရသည်ဟု ၎င်းတို့က ပြောကြားကြပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှု လျော့နည်းခြင်းကြောင့် ကုန်သွယ်မှု လိုငွေလျော့နည်းလာခြင်းကလည်း အမေရိကန်ဒေါ်လာတန်ဖိုး တည်ငြိမ်ရေးကို အထောက်အပံ့ဖြစ်စေကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေ တန်ဖိုးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ခုနှစ်လအတွင်း ကန်ဒေါ်လာသန်း ၈၀၀ ကျော်သာ ရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ လျော့နည်းခဲ့ကြောင်း၊ ပြည်တွင်း ငွေကြေးဈေးကွက် တွင် ဒေါ်လာတန်ဖိုးသည် လဆန်းပိုင်းတွင် ဆက်တိုက်မြင့်တက်လေ့ရှိပြီး လကုန်ပိုင်း၌ အနည်းငယ် ပြန်လည်ကျဆင်းလေ့ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေ ၁၇ ရက်မှ မေ ၂၃ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

စဉ်	နိုင်ငံတကာ ငွေကြေးများ		၁၇-၅-၁၉	၂၀-၅-၁၉	၂၁-၅-၁၉	၂၂-၅-၁၉	၂၃-၅-၁၉	တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%)	
၁	Myanmar	Kyat	၁၅၂၆.၇၀၀	၁၅၄၀.၄၀၀	၁၅၄၁.၃၀၀	၁၅၄၀.၃၀၀	၁၅၃၉.၄၀၀	၀.၁၈	↑
၂	Thai Baht	THB	၃၁.၇၄၀	၃၁.၈၆၀	၃၁.၉၀၀	၃၁.၉၆၀	၃၁.၉၈၅	၀.၇၇	↑
၃	Singapore Dollar	SGD	၁.၃၇၆	၁.၃၇၅	၁.၃၇၉	၁.၃၇၉	၁.၃၈၀	၀.၃၆	↑
၄	Malaysian Ringgit	MYR	၄.၁၇၆	၄.၁၇၆	၄.၁၈၆	၄.၁၈၆	၄.၁၉၄	၀.၄၄	↑
၅	Indonesian Rupiah	IDR	၁၄၄၄၉	၁၄၄၅၄	၁၄၄၈၀	၁၄၅၂၆	၁၄၄၆၀	၀.၀၇	↑
၆	Chinese Yuan	CNY	၆.၉၁၃	၆.၉၁၄	၆.၉၁၀	၆.၉၀၄	၆.၉၁၆	၀.၀၄	↑
၇	Indian Rupee	INR	၇၀.၁၄၃	၆၉.၄၄၄	၆၉.၇၄၅	၆၉.၇၆၆	၆၉.၇၇၀	-၀.၄၄	↓
၈	Japanese Yen	JPY	၁၀၉.၆၀၈	၁၁၀.၀၁၃	၁၁၀.၁၆၄	၁၁၀.၄၁၆	၁၁၀.၁၃၈	၀.၄၈	↑
၉	Austrialia Dollar	AUD	၁.၄၅၄	၁.၄.၂၂	၁.၄၅၄	၁.၄၅၂	၁.၄၅၅	၀.၀၇	↑
၁၀	Euro	EUR	၀.၈၉၅	၀.၈၉၆	၀.၈၉၇	၀.၈၉၆	၀.၈၉၈	၀.၃၄	↑
၁၁	Pound Sterling	GBP	၀.၇၈၃	၀.၇၈၅	၀.၇၈၈	၀.၇၉၀	၀.၇၉၂	၁.၁၅	↑

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ မေ ၁၇ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၃၆ ဒသမ ၇၀ ကျပ်ရှိခဲ့ရာမှ မေ ၂၃ ရက်တွင် ၁၅၃၉ ဒသမ ၄၀ ကျပ်သို့ မြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်း သုည ဒသမ ၁၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှု ရှိစေမည့် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းဒေါ်လာနှင့် ရွှေဈေးကွက်အပေါ်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လိုအပ်သည့် ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

စပါးသီးနှံအစား ပြောင်းသီးနှံစိုက်ပျိုးလာသော ကမ်းရိုးတန်းနေ တောင်သူများသည် တစ်နှစ်လျှင် ပြောင်းနှစ်သီးနှင့် စပါးတစ်သီးသော် လည်းကောင်း၊ စပါးနှစ်သီးနှင့် ပြောင်းတစ်သီး သော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြသည်။ တောင်သူများသည် ပြောင်းသီးနှံ ရိတ်သိမ်း သည့်အခါ ပြောင်းပင်များကို ဆိတ်၊ ကျွဲ၊ နွားစာအဖြစ် အသုံးပြု၍ လည်း အပိုဝင်ငွေရရှိကြကြောင်း သိရှိရသည်။

ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပေါင်းကူးဖလှယ်မှု မြှင့် တင်ဆောင်ရွက်နေသော မီယာဂျီစီရင်စုနယ်မှ အဖွဲ့အစည်းတစ်ခု သည် ဗီယက်နမ် အရှေ့ပိုင်း Thai Binh ပြည်နယ်မှ သင်တန်းသား လေးဦးကို ဖိတ်ကြားခဲ့ပြီး ဂျပန်နိုင်ငံမြောက်ပိုင်း လယ်ယာလုပ်ငန်း တစ်ခုသို့ သွားရောက်ပြီး ဂျပန်ဆန်စိုက်ပျိုးရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် ပညာရပ်များကို လေ့လာလျက်ရှိကြောင်း သိရှိရ သည်။ သင်တန်းသားများသည် အိုင်ရှိနိုမာကီမြို့သို့ရောက်ရှိနေသည် မှာ နှစ်ပတ်ခန့်ရှိပြီး နယ်ခံတောင်သူများက ကိုရှိဟီကာရိနှင့် ဟီတိုမီ ဘိုရီဟုခေါ်သော ဂျပန်ဆန်များ စိုက်ပျိုးပုံကို သင်ကြားပေးလျက်ရှိ ကြောင်း၊ သင်တန်းသားများသည် တနလ်ာနေ့တွင် စပါးခင်းတစ်ခု သို့သွားရောက်ပြီး လူမဲ့ရဟတ်ယာဉ်ငယ်ဖြင့် စပါးစိုက်ပျိုးနေသည်ကို ကြည့်ရှုခဲ့ကြသည့်အပြင် စပါးစိုက်ပျိုးသည့် စက်ကိုလည်း စမ်းသပ် မောင်းနှင်ခဲ့ကြကြောင်း သိရှိရသည်။

ၜင်းတို့သည် ဂျပန်စပါးစိုက်ပျိုးပုံကို မေလကုန်အထိ လေ့လာ သွားကြမည်ဖြစ်ကာရရှိလာသော ဗဟုသုတများကို ဂျပန်ဆန် ဝယ်လို အားကောင်းသည့် Thai Binh ပြည်နယ်သို့ ပြန်လည်သယ်ဆောင်နိုင် ရန် မျှော်မှန်းထားကြောင်း၊ ဂျပန်-ဗီယက်နမ် ပေါင်းကူးဖလှယ်ရေး အဖွဲ့သည် ယခုအစီအစဉ်မှတစ်ဆင့် ဗီယက်နမ်တွင် ဂျပန်ဆန်စား သုံးမှုမြင့်တက်လာစေရန် ရည်မှန်းထားကြောင်း၊ ယင်းသင်တန်းအစီ အစဉ်သည် အိုင်ရှိနိုမာကီမြို့၏ ဓာတ်မြေဩဇာကင်းလွတ်သည့် သဘာဝစပါးစိုက်ပျိုးရေး နည်းပညာကို ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိနိုင် ရန် ပထမဆုံးခြေလှမ်းဖြစ်မည်ဟု မျှော်လင့်ကြောင်း အဖွဲ့အစည်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ကို လေ့လာသိရှိရသည်။

ပြည်တွင်းဆန်စပါးစျေးကွက်တွင် ပြည်ပသို့ စပါးတင်ပို့မှုပိတ် ထားသည့်အတွက် ပြည်တွင်းစပါးစျေးများ ကျဆင်းလာခဲ့ပြီး ဝယ်လို အားလည်း လျော့နည်းလာခြင်းကြောင့် စပါးစိုက်တောင်သူများတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြရကြောင်း စပါးစိုက်တောင်သူများက ပြောကြားကြသည်ကို သိရှိရသည်။ တောင်သူများအတွက် စပါးစျေး စျေးကွက်တည်ငြိမ်နိုင်ရန်နှင့် စပါးပေါ်ချိန်တွင် စျေးကျဆင်းမှုများ ဖြစ်မလာစေရန်၊ များသောအားဖြင့် စပါးပေါ်ချိန်တွင် စျေးကျသည့် အတွက် တောင်သူများတွင် နစ်နာနေရကြောင်း၊ တရုတ်နိုင်ငံဘက်မှ ဆန်ကား ၅၃ စီးအပိတ်ခံရပြီး နောက်ပိုင်းကစ၍ စပါးများ ထိုးကျလာ ခြင်းဖြစ်ပြီး စပါးစျေးများကျနေချိန်တွင် ဝယ်လိုအားကလည်း ကျ ဆင်းလာသည့်အတွက် စပါးစိုက်တောင်သူများအနေဖြင့် အဆင် မပြေမှုများ ကြုံတွေ့နေရကြောင်း၊ ပြီးခဲ့သည့်နှစ်က စပါးစျေးမှာ တင်း ၁၀၀ လျှင် ကျပ် ၆၂၀၀၀ နှင့် ကျပ် ၆၅၀၀၀၀ ဟူ၍ နှစ်စားရှိခဲ့ပြီး ယခုနှစ်တွင် စပါးတင်း ၁၀၀ လျှင် ၁၆ ပြည် တင်းမှန်စျေး ကျပ် ၄၇၀၀၀၀ သာရှိကြောင်း၊ ယခုကဲ့သို့ စပါးစျေးများကျပြီး စျေးကွက် ကလည်း မတည်ငြိမ်သည့်အတွက် တောင်သူများအနေဖြင့် အဘက် ဘက်မှ လိုအပ်ချက်များစွာရှိနေပြီး ယခုစပါးစျေးဖြင့် တောင်သူ များတွင် အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း နေပြည်တော် စပါးစိုက် တောင်သူများက ပြောကြားကြသည်ကို သိရှိရသည်။

ယခုနှစ် နွေစပါးပေါ်ချိန်တွင် ဝယ်လိုအား လျော့နည်းပြီး စျေးများကျဆင်းလာခြင်းကြောင့်သက်ဆိုင်ရာကဏ္ဍများ၏ လိုအပ် ချက်များကို အပြန်အလှန်ထောက်ပြလာကြပြီး အဓိကအနေဖြင့် ခိုင် မာသည့်ဝယ်လိုအား ရောင်းလိုအားအဖြစ် တည်ဆောက်နိုင်ရန်ဖြစ် ကြောင်း ဆန်စပါးကဏ္ဍနှင့် သက်ဆိုင်သူအချို့က သုံးသပ်ကြသည်။ ဆန်စပါးကဏ္ဍတိုးတက်နိုင်ရန် တောင်သူ၊ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများအားလုံး ပူးပေါင်းလုပ်ဆောင်မှသာ တိုးတက်လာနိုင်မည် ဖြစ်သည်။ ယခုနှစ် နွေစပါးပေါ်ချိန် စပါးစျေးနှုန်းကျဆင်းမှုသည် တရုတ်နိုင်ငံ၏ မြန်မာ့ဆန်ဝယ်လိုအား ကျဆင်းနေမှုသည် အဓိက အကြောင်းအရင်းတွင် ပါဝင်နေလျက်ရှိသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် လက်ရှိနွေစပါး စျေးကျဆင်းနေခြင်းကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိ ကြောင်း မေ ၁၈ ရက်က ကြေညာချက်ထုတ်ပြန်ထားသည်ကိုသိရှိရ သည်။ သို့ရာတွင် ကွင်းဆင်းဝယ်ယူခြင်းများ ဆောင်ရွက်ရာတွင် သိုလှောင်ရုံ အခက်အခဲ၊ အစိုဓာတ်ရှိသည့်စပါးများ အခြောက်ခံ နိုင်ရန် အခက် အခဲ၊ သယ်ပို့ယာဉ်အခက်အခဲများရှိပြီး လုပ်ငန်းတွင် ကျယ်မှု အားနည်းကြောင်းကိုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။

ဝယ်ယူသည့် စပါးများ၏ အရည်အသွေး၊ အခြေအနေနှင့် အမျိုးအစားများမှာ မျိုးစုံဖြစ်နေပြီး ဝယ်ယူသည့်စပါးများ လေလွင့် ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် လုပ်ဆောင်ရာတွင်လည်း အခက်အခဲများစွာနှင့် ကြုံတွေ့နေရကြောင်း သိရှိရပါသည်။ ထို့ပြင် လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် ဆန်စက်လုပ်ငန်းများအနေဖြင့် စက် ပုံမှန်မလည်ပတ်နိုင်သည့် အခြေအနေကလည်း လက်ရှိဆန် စပါးစျေးကွက်အပေါ် ကြီးမားစွာ သက်ရောက်မှုရှိနေကြောင်း အသင်းချုပ်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုကဲ့သို့ နွေစပါးစျေးများကျဆင်းနေချိန်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လက်ရှိ ဆန်စပါးစျေးကွက်အခြေ အနေ တည်ငြိမ်စေရေးနှင့် တောင်သူများမျှော်လင့်သည့် စျေးနှုန်းများ ရရှိနိုင်ရေးသည် အစိုးရ၏မူဝါဒပိုင်းဆိုင်ရာ ဝင်ရောက်ကူညီပေးမှုနှင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေအရဖြစ်စေ၊ တောင်သူလယ်သမားများအတွက် ထားရှိသည့်သဘောထားဆန္ဒ၊ political will အရဖြစ်စေ၊ ငွေကြေး ဆိုင်ရာအကူအညီ၊ စျေးကွက်တိုးမြှင့် ရှာဖွေပေးခြင်းဆိုင်ရာ အကူ အညီများကို နိုင်ငံတော်အစိုးရအပိုင်းက ပူးပေါင်းဆောင်ရွက်ပေးနိုင် ရန်လိုအပ်နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို သိရှိရ သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် မေ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော စျေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၂ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၄၂၅ မှ ၂၀၆၄၅ ကျပ်အထိ ပေါက်စျေးရှိ ကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီ မြို့တွင် ၂၀၁၉ ခုနှစ် မေ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော စျေးနှုန်း များအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ခန့် ပေါက်စျေးရှိကြောင်း သိရှိရသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း လေ့လာ တွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသောနိုင်ငံများ၏ တင် သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၇၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ EU နှစ်သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၂၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၁၅ သန်း၊ မိုဇမ်ဘစ် သုည ဒသမ ၆၇၅ သန်း၊ နိုင်ဂျီရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၆၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၅၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၁၀၀ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊US သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့ လာတွေ့ရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံ များ၏ တင်ပို့နိုင်မည့်ပမာဏမှာ အိန္ဒိယ ၁၂ သန်း၊ ထိုင်း ၁၀ သန်း၊ ဗီယက်နမ် ခုနစ်သန်း၊ US ၃ ဒသမ ၀၅၀ သန်း၊ တရုတ် ၂ ဒသမ ၅၀၀ သန်း၊ ကမ္ဘောဒီးယား ၁ ဒသမ ၂၀၀ သန်း၊ ဥရုဂွေး သုည ဒသမ ၈၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ပါရာဂွေး သုည ဒသမ ၆၅၀ သန်း၊ ဂိုင်ယာနာ သုည ဒသမ ၅၀၀ သန်း၊ အာဂျင်တီးနား သုည ဒသမ ၃၈၀ သန်း၊ EU သုည ဒသမ ၃၀၀ သန်း၊ ရုရှား သုည ဒသမ ၁၆၀ သန်း၊ တောင်အာ ဖရိက သုည ဒသမ ၁၂၅ သန်းနှင့် မြန်မာနိုင်ငံ အနေဖြင့် တန်ချိန် ၂ ဒသမ ၈၀၀ သန်း တင် ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်း ထားသည်။ ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိ သော အချက်အလက်များအရ တစ်ပတ် အတွင်း ဆန်စျေးနှုန်းများကို လေ့လာရာတွင် စျေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မေ ၁၇ ရက်မှ ၂၃ ရက်အတွင်း ဖြစ်ပေါ်နေသော စျေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

စဉ်	အမျိုးအစား	ရာခိုင်နှုန်း	စျေးနှုန်း			
			၁၇.၅.၂၀၁၉	၂၀.၅.၂၀၁၉	၂၁.၅.၂၀၁၉	၂၃.၅.၂၀၁၉
၁	ကရင်မ	90(Raw)	၁၉၅၀၀	၁၉၅၀၀	၁၉၄၀၀	၁၉၃၀၀
၂	ကရင်မ	80(Raw)	၁၈၉၀၀	၁၉၀၀၀	၁၈၉၀၀	၁၈၈၀၀
၃	ကရင်မ	70(Raw)	၁၈၄၀၀	၁၈၅၀၀	၁၈၄၀၀	၁၈၃၀၀
၄	ကရင်မ	65(Raw)	၁၇၈၀၀	၁၇၉၀၀	၁၇၈၀၀	၁၇၈၀၀
၅	ဒီယာ/ဧည့်မထ	90(Raw)	၁၈၈၀၀	၁၉၀၀၀	၁၈၉၀၀	၁၈၈၀၀
၆	ဒီယာ/ဧည့်မထ	80(Raw)	၁၈၃၀၀	၁၈၄၀၀	၁၈၄၀၀	၁၈၃၀၀
၇	ဒီယာ/ဧည့်မထ	70(Raw)	၁၇၈၀၀	၁၈၀၀၀	၁၇၈၀၀	၁၇၈၀၀
၈	ဒီယာ/ဧည့်မထ	65(Raw)	၁၇၅၀၀	၁၇၅၀၀	၁၇၄၀၀	၁၇၄၀၀

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန် စျေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့ တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၀၀ နှင့်ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးစျေးနှုန်းဖြစ် ပေါ်ခဲ့ပြီး မော်လမြိုင်နှင့်တောင်ကြီးမြို့တို့တွင် ဧည့်မထဆန်တစ်ပြည် လျှင်ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးစျေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရ သည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စျေးနှုန်း စာရင်းများအား အောက်တွင် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအား ထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင် ကြုံတွေ့ရလျက်ရှိသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်စျေးကွက် သစ်များရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်လျက် ရှိသည်။ နိုင်ငံတကာ ဆန်စပါးစျေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် စျေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ နည်းပညာ၊သုတေသန၊ အရည်အသွေးနှင့် စျေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန် မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာ ၌ဒနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများပူး ပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကြုံတွေ့လာရသည့် စိန် ခေါ်မှု အခက်အခဲများစွာမှ သင်ခန်းစာယူပြီး စနစ်တကျပူးပေါင်း ဖြေရှင်း၍ နိုင်ငံတကာစျေးကွက်ဝယ်လိုအား အဆင့်အတန်းစံသတ် မှတ်ချက်များ စံချိန်စံညွှန်းပြည့်မီရေးတက်ညီလက်ညီ ဆောင်ရွက်နိုင် ရေး ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်သည်။

Trading Economics Website ၌ဖော်ပြချက်အရ ယခု တစ်ပတ်တွင် ကမ္ဘာ့ဆန်စျေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၃၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် မေလတတိယပတ်အတွင်း နိုင်ငံတကာ ဆန်စျေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်စျေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

စဉ်	မြို့အမည်	ဧည့်မထဆန်(ကျပ်/ပြည်)				
		၁၇.၅.၂၀၁၉	၂၀.၅.၂၀၁၉	၂၁.၅.၂၀၁၉	၂၂.၅.၂၀၁၉	၂၃.၅.၂၀၁၉
၁	၂	၃	၄	၅	၆	၇
၁	မြစ်ကြီးနား	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
၂	လားရှိုး	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀
၃	ကျိုင်းတုံ	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
၄	တောင်ကြီး	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀
၅	လွဲင်ကော်	၁၈၅၀	၁၈၅၀	၁၈၅၀	၁၈၅၀	၁၈၅၀
၆	ဘားအံ	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
၇	မော်လမြိုင်	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀
၈	ထားဝယ်	၁၂၀၀	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀
၉	မြိတ်	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
၁၀	ရန်ကုန်	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
၁၁	ပုသိမ်	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
၁၂	စစ်တွေ	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
၁၃	ဟားခါး	၂၁၀၀	၂၁၀၀	၂၁၀၀	၂၁၀၀	၂၁၀၀
၁၄	မုံရွာ	၂၂၀၀	၂၂၀၀	၂၂၀၀	၂၂၀၀	၂၂၀၀
၁၅	မန္တလေး	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
၁၆	ပခုက္ကူ	၁၅၀၀	၁၇၀၀	၁၇၀၀	၁၇၀၀	၁၇၀၀
၁၇	မကွေး	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၀၀	၁၂၀၀
၁၈	ပြည်	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
၁၉	ပဲခူး	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
၂၀	ဖျာပုံမနား	၁၁၅၀	၁၁၅၀	၁၁၅၀	၁၁၅၀	၁၁၅၀
၂၁	နေပြည်တော်	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀
၂၂	ကလေး	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀

Source-DOCA-Domestic

ဦးသဲ (AUTO WORKS)

Japanese, European, American
Car Service

RENAULT TOYOTA CHEVROLET LAND ROVER

Mercedes-Benz BENTLEY MINI Ford

NISSAN BMW

LAMBORGHINI PORSCHE LEXUS

အမှတ်(၂၉၅)၊ အေ/ဘီ၊ စက်မှု(၄)လမ်း နှင့် (၅)လမ်းကြား၊
မေတ္တာညွှန်ရပ်ကွက်၊ တာမွေပြိုနယ်၊ ရန်ကုန်မြို့
09-421169438, 09-774477726

LLM

Lan Lan Myanmar Co., Ltd.

အရေအသွေးမြင့် အာမခံ ဖော်တော်ဆိုင်ကယ်များကို မြန်မာပြည်အနှံ့ မြန်မြား ရောင်းချပေးနေပါသည်။ တဆင့် မြန်လည်ရောင်းဝိုသူများလည်း ဆက်သွယ်နိုင်ပါသည်။

Add : No.(6/B), Ward No.(7), Hlaing Thar Yar Township, Yangon Region, myanmar.
PH : 09785502725, 09695502725.
Email : lanlanmyanmarcompany@gmail.com

MV-TECH

Automobile Service Equipment

အမှတ် ၂၆/ဘီ၊ (၄)လမ်း၊ တောင်ဥယျာဉ် (စက်မှုဇုံ)၊ ရန်ကုန်မြို့။
ရန်ကုန် ဝေ.ဂရ.ဂဝ - ဗဒ္ဓလေး ဝဝ.ဂ၅.ဂ၅ ၂၆၆၆



HTOO LWIN

Copiers sales and services

Chit Moe Oo Co.,Ltd
Reg No. 1872/2015-2016(NPW)(24-3)

Add : No. 312/313, Kantharyar St eet, Bamaraye Ward, Dawpon Township, Yangon.
Ph : 09764317894, 0943107894
Email : sales.htoolwin@gmail.com
Facebook : www.facebook.com/Htoo-Lwin-Copier-147693395905242.

ချစ်ခင်လေးစားတန်ဖိုးထားရသူတိုင်းအတွက် အမြဲတမ်းနပျိုကျန်းမာစေဖို့
အကောင်းဆုံးလက်ဆောင်...

အရွယ်တင် နပျိုလန်းဆန်းစေဖို့ လူတိုင်းအတွက် ...

Gemron GOLD

A Perfect Choice for Staying Young and Healthy

Gemron GOLD တွင် Multivitamins နှင့် အစွမ်းထက်သော Anti-oxidant များ ပေါင်းစပ် ပါဝင်ခြင်းကြောင့် ပြည့်စုံသော Anti-aging effects များရရှိစေပြီး ဆဲဒမ္ဘာ့ခြေရာများတိုင် နပျိုကိုပေးပြီးတဲ့ အလှစစ်ကို ပိုင်ဆိုင်နိုင်ပါသည်။

CoQ10

Anti-Aging Formula

ကျား/မ မခွဲခြားသောက်သုံးနိုင်ပါသည်။

DAEWOONG

JDS Co.,Ltd.

အဘာထ ''ထ'' အမှတ်တံဆိပ်

သွေးပေါင်ချိန်ကို ထိန်းညှိပေးမယ့်

သွေးတိုးကျ ဝါင်းကြည်အေး

ဘယ်လောက် သောက်သောက်
မိုးမနှင်သွေးပေါင်ချိန်ထက်
ဖိမကျဘူးနော်...

လူတိုင်းကျန်းမာ အဘာထ ဆေတာနာ

အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
✆-၀၁-မြေ၃၄ဂ၂၅၅၊ ✆-၀၉-၃၁ဝ၈ဂ၃၁ဂ၊ ✆-၀၉-ဂ၃ ၂ ၄ ၂ ၁ ၂ ၂ ၅ ၂ ၅ ၂ ၅

၂၀၁၉ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် (The 2019 South and South East Asia Commodity Expo and Investment Fair) နှင့် မြန်မာနိုင်ငံ

(ကုန်သွယ်မှုမြှင့်တင်ရန်ကုန်စည်ပြပွဲအခြေခံ)

ဥမ္မာကြူ (ကုန်သွယ်/ ဖွံ့ဖြိုး)

ကူမင်းကုန်စည်ပြပွဲသမိုင်းကြောင်း

ကူမင်းကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ နှစ်စဉ်ဇွန်လတွင် ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကူမင်းကုန်စည်ပြပွဲသို့ ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်ပါဝင်ပြသခဲ့ပါသည်။ ကူမင်းသွင်းကုန်၊ ပို့ကုန်ကုန်စည်ပြပွဲနှင့်အတူ ၂၀၀၈ ခုနှစ်မှ စတင်၍ တရုတ်တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲကိုပါပူးတွဲကျင်းပခဲ့ရာ ၂၀၁၈ ခုနှစ်အထိ (၅) ကြိမ်မြောက် တရုတ်တောင်အာရှကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်/သွင်းကုန်ကုန်စည်ပြပွဲကို ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

၂၀၀၉ ခုနှစ်တွင် ကုန်စည်ပြပွဲများအပြင် အကြီးတန်းအရာရှိများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါ ဝင်သည့် အဆင့်မြင့်မဲခေါင်ဒေသပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးဆွေးနွေးပွဲ၊ မဲခေါင်ဒေသနိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ၊ မဲခေါင်ဒေသနိုင်ငံများ၏ စီးပွားရေးရက်သတ္တပတ် လှုပ်ရှားမှု သတ်မှတ်လျက်တစ်ပြိုင်တည်း ပူးတွဲကျင်းပခဲ့ပါသည်။

ဂင်းပြပွဲများအစပြု၍ မဲခေါင်ဒေသ(၆)နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ တောင်အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ နီပေါ၊ အာဖဂန်နစ္စတန်၊ မော်လဒိုက်၊ ဘူတန်၊ တရုတ် (တိုင်ပေ)နိုင်ငံများ ပါဝင်ပြသကြောင်း သိရှိရပါသည်။

ပြပွဲရည်ရွယ်ချက်

၂၀၁၉ ခုနှစ်၊ တောင်နှင့်အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်သို့ တောင်နှင့်အရှေ့တောင်အာရှနိုင်ငံများမှ အကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်မည်ဖြစ်ပြီး အရှေ့တောင်အာရှ၏ စီးပွားရေးကဏ္ဍ၌ မြန်မာနိုင်ငံ အရေးပါမှုကို သိသာစေရန်အတွက် ရည်ရွယ်ခြင်း ဖြစ်သည်။

ပြပွဲဆောင်ပုဒ် Theme

၂၀၁၉ ခုနှစ်တွင် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် (The 2019 South and South East Asia Commodity Expo and Investment) အမည်ဖြင့် ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ တျန်းချီအပြည် ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြပွဲဆောင်ပုဒ် Theme အဖြစ် " Gathering in the forefront and Co-building A Powerhouse of Opening-up for Common Development"ကို တရုတ်ပြပွဲကျင်းပရေးကော်မတီက သတ်မှတ်ထားပါသည်။

ကူမင်းကုန်စည်ပြပွဲကျင်းပမည့် ခန်းမဆောင်သစ်ကြီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ Kunming International Convention & Center တွင် ၂၀၁၄ ခုနှစ်အထိ ကူမင်းကုန်စည်ပြပွဲများကို ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်မှစ၍ ပြပွဲခန်းမအသစ်ဖြစ်သည့် Kumming Dianchi International Convention & Exhibition Center တွင် ယခုနှစ်အထိ ကျင်းပပြသခဲ့ပါသည်။

ကူမင်းကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံက ပါဝင်ပြသနိုင်ခဲ့မှုအခြေအနေ

ကူမင်းကုန်စည်ပြပွဲများတွင် ၂၀၀၅ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံက ပါဝင်ပြသနိုင်ငံခဲ့သည့်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြပွဲအကြိမ်	ပြခန်း	ကုမ္ပဏီ	လူဦးရေ	တန်ဖိုး(ကန်ဒေါ်လာ)
၂၀၀၅ ခုနှစ်	၃၀	၂၆	၇၀	၄၂၃၁၆၅. ၆၀
၂၀၀၆ ခုနှစ်	၃၀	၁၈	၇၂	၇၄၂၅၀. ၃၀
၂၀၀၇ ခုနှစ်	၄၀	၃၈	၇၅	၃၉၂၁၈. ၃၆
၂၀၀၈ ခုနှစ်	၃၀	၂၉	၈၄	၈၃၁၃၂. ၆၃
၂၀၀၉ ခုနှစ်	၃၀	၂၅	၁၂၉	၁၆၃၈၁. ၁၅
၂၀၁၀ ခုနှစ်	၃၆	၂၅	၁၄၆	၃၅၉၄၉. ၄၀
၂၀၁၁ ခုနှစ်	၃၀	၁၆	၁၄၅	၂၁၇၅၅. ၉၀
၂၀၁၂ ခုနှစ်	၃၀	၂၈	၁၄၄	၂၇၆၀၆၃. ၈၇
၂၀၁၃ ခုနှစ်	၃၀	၄၇	၁၈၈	၃၉၇၆၁. ၈၄
၂၀၁၄ ခုနှစ်	၃၀	၅၁	၁၉၀	၂၄၉၁၉၁. ၁၃
၂၀၁၅ ခုနှစ်	၃၅	၃၉	၁၅၀	၂၁၀၆၈၆. ၅၆
၂၀၁၆ ခုနှစ်	၄၈	၃၉	၁၈၀	၃၄၉၁၈၄. ၀၀
၂၀၁၇ ခုနှစ်	၃၄	၂၆	၁၄၀	၅၈၃၁၇. ၀၀
၂၀၁၈ ခုနှစ်	၆၄	၄၂	၃၀၀	၂၈၆၉၈.၂. ၂၂

ကူမင်းကုန်စည်ပြပွဲဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေး

ယခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံက လုပ်ငန်းရှင်များ ခင်းကျင်းပြသမည့် ကုန်စည်ပြခန်းများနှင့် ပြပွဲကာလအတွင်း ကျင်းပမည့် ဆက်စပ်အခမ်းအနားများနှင့် အစည်းအဝေးပွဲတွင်ပါဝင်တက်ရောက်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ UMFCCI၊ အသင်းအဖွဲ့များနှင့် နေပြည်တော်-ရန်ကုန် Video Conferen cing ဖြင့် မေ ၁၅ ရက်နှင့် ၂၂ ရက်တို့တွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နှစ်ကြိမ်ကျင်းပခဲ့သည်။

၂၀၁၉ ခုနှစ် တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ပွဲတော်အတွက် ကြီးကြပ်ညှိနှိုင်းရေး ဗဟိုအဖွဲ့နှင့် ဆပ်အဖွဲ့များဖွဲ့စည်းခြင်း

ပြပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ UMFCCI၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ ပါဝင်လျက် အောက်ဖော်ပြပါဆပ်အဖွဲ့ အသီးသီးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးချုပ်သို့တင်ပြ၍ ဝန်ကြီးချုပ် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကြီးကြပ်ညှိနှိုင်းရေးဗဟိုအဖွဲ့
(ခ) ပစ္စည်းသယ်ယူရေးအဖွဲ့
(ဂ) အထွေထွေညှိနှိုင်းရေးအဖွဲ့ (ရန်ကုန်/မန္တလေး)
(ဃ) အထွေထွေညှိနှိုင်းရေးအဖွဲ့ (မူဆယ်)

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခြင်း

၂၀၁၆ ခုနှစ် ကူမင်းကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၈၀ မှ ကုမ္ပဏီပေါင်း ၄၀၀၀ ခန့်က ပြခန်းပေါင်း ၈၀၀၀ ခန့် ပါဝင် ပြသခဲ့ရာ Country of Honor အဖြစ် မော်လဒိုက်နိုင်ငံမှလည်းကောင်း၊ Guest of Honor အဖြစ် ဗီယက်နမ်နိုင်ငံမှလည်း ကောင်းပါဝင်ပြသခဲ့ပြီး မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

၂၀၁၇ ခုနှစ် ကူမင်းကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၈၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၀၀၀ ခန့်က ပြခန်းပေါင်း ၈၀၀၀ ခန့် ပါဝင်ပြသခဲ့ရာ Country of Honor အဖြစ် ပါကစ္စတန်နိုင်ငံမှလည်းကောင်း၊ Guest of Honor အဖြစ်လာအိုနိုင်ငံမှလည်းကောင်း ပါဝင်ပြသခဲ့ပြီး မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ခေါင်းဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ကူမင်းကုန်စည်ပြပွဲတွင်နိုင်ငံပေါင်း ၈၀ မှ ကုမ္ပဏီပေါင်း ၄၀၀၀ ခန့်က ပြခန်းပေါင်း ၈၅၀၀ ခန့်ပါဝင်ပြသခဲ့ရာ Country of Honor အဖြစ် အာဖဂန်နစ္စတန်နိုင်ငံကလည်းကောင်း၊ Guest of Honor အဖြစ် မြန်မာနိုင်ငံကလည်းကောင်း ပါဝင်ပြသခဲ့ပြီး မြန်မာနိုင်ငံက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ယခုနှစ်ကျင်းပမည့် ၂၀၁၉ ခုနှစ် တောင်နှင့်အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် ပါဝင်ပြသမည့် မြန်မာနိုင်ငံအတွက် No. 6 Exhibition Hall on 3rd Floor (South Asia Pivilion) ၌ ပြခန်းပေါင်း ၆၆ ခန်းလျှာထား သတ်မှတ်ချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ UMFCCI၊ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ညီနောင်အသင်းများသို့ စည်းရုံး၍ မြန်မာ့ထွက်ကုန်ပစ္စည်းအမျိုးမျိုးကို ပြသသွားမည်ဖြစ်သည်။ ယခုပြပွဲသို့လည်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အကြီးအကဲ ကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်ဖော်ပြပါမည်။

လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေးသည် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အထူးအရေးကြီး

| မောင်လွင်ပြင် |

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၉ရာခိုင်နှုန်း တိုး၍လိုအပ်လျက်ရှိ၏။ လက်ရှိအချိန် ဓာတ်အားလိုအပ်ချက်ကို မဂ္ဂါဝပ်ဖြင့်တွက်လျှင် တစ်နှစ်ကို မဂ္ဂါဝပ် ၃၀၀ မှ ၅၀၀ ကြား လိုအပ်လျက်ရှိသည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ ကာလလုပ်ဆောင်ချက် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားထားသည်။ လက်ရှိကာလတွင် ရာသီဥတုပူပြင်းခြောက်သွေ့သဖြင့် ဆည်ရေကုန်နိမ့်မှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဝန်အား ကျဆင်းနေသည်။ ထို့ကြောင့် ဝန်အားထိန်းညှိဓာတ်အားပေးစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသည်။ သို့သော် ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေးကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ မျက်ခြည်မပျက်စောင့်ကြည့်ပြီး ရေတိုရေရှည်စီမံချက်ချဆောင်ရွက်နေသည်။

၈ပြီ ၃၀ ရက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း(NEP)အတွက် ဓာတ်အားလိုင်း ထရန်စဖော်မာများ တည်ဆောက်ရေးတင်ဒါအောင်ကုမ္ပဏီများ လုပ်ငန်းအပ်နှံခြင်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပသည်။ ယင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် တစ်နိုင်ငံလုံး အိမ်ထောင်စုအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ကို နိုင်ငံတော်ဓာတ်အားပေးစနစ်မှ လျှပ်စစ်ဓာတ်အားရရှိတော့မည်ဆိုသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇၇ သန်းရှိသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ အိမ်ထောင်စုပေါင်း ၄ ဒသမ ၇၀၉ သန်း(၄၃ ရာခိုင်နှုန်းခန့်) နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီးဖြစ်သည်။ အိမ်ထောင်စုပေါင်း ၆ ဒသမ ၁၆၈ သန်း(၅၇ ရာခိုင်နှုန်းခန့်)ဓာတ်အားရရှိရန် ကျန်နေသေးသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဝန်ကြီးဌာနသည် ပြည်ပချေးငွေ ရယူခြင်းအပါအဝင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများသုံးစွဲပြီး အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေသည်ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။ ထို့ပြင် ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် တစ်နိုင်ငံလုံး အိမ်ထောင်စုပေါင်း ရာခိုင်နှုန်း ၅၀ ကျော်ကို နိုင်ငံတော် ဓာတ်အားပေးစနစ်မှ ပေးနိုင်တော့မည်ဟု အခိုင်အမာပြောကြားခဲ့သည်။ ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ ပြည့် နှစ်တွင် ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ ရရှိကြမည်ဟုလည်း သိရသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသည် ဓာတ်အားထုတ်လုပ်နိုင်ရုံဖြင့် မပြီးဆိုသည်ကို အားလုံးသိကြ၏။ ထုတ်လုပ်ပြီး ဓာတ်အားကို လိုရာအရပ်သို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ဓာတ်အားခွဲရုံများတည်ဆောက်ရမည်။ ဓာတ်အားသိုလှောင် ထိန်းညှိရသည့် စခန်းများ တည်ဆောက်ရမည်။ ထရန်စဖော်မာများတည်ဆောက်တပ်ဆင်ရမည်။ ဓာတ်တိုင်များ စိုက်ထူရမည်။ ဓာတ်အားဗို့လိုင်းများ သွယ်တန်းချိတ်ဆက်ရမည်။ ယင်းတို့အတွက် အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း အချိန်ယူရသည်။ ဘတ်ဂျက်ငွေ တောင်းခံရသည်။ ပြည်ပချေးငွေ ဆိုလျှင်လည်း လွှတ်တော်သို့ တင်ပြတောင်းခံခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများပြုလုပ်ရသည်။ ဧပြီ ၃၀ ရက်က ထရန်စဖော်မာများ တည်ဆောက်ရေးတင်ဒါအောင် ကုမ္ပဏီများအားလုပ်ငန်းအပ်နှံခြင်း နှစ်ဖက်စာချုပ်ချုပ်သည်။ ထရန်စဖော်မာတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းပြီးစီးသောအခါ တိုင်းဒေသကြီးနှင့်ပြည်နယ်ခုနစ်ခုအတွင်းရှိ အိမ်ထောင်စုပေါင်း ၇၅၅၅၄ အား လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးနိုင်တော့မည်ဟု သိရသည်။ ယင်းထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်နေသည် ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ပြီးစီးမည်ဟု သိရသည်။

မြန်မာ့လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေး ပြည်ပချေးငွေရယူပြီးလည်း ဆောင်ရွက်နေသည်။ ကမ္ဘာ့ဘဏ်သည်မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေးနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အများဆုံးအကူအညီ အထောက်အပံ့ပေးနေသော အဖွဲ့အစည်းဖြစ်သည်။ ဥရောပနိုင်ငံအချို့ကလည်း အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများဖြင့် ကူညီထောက်ပံ့နေသည်။ ဂျပန်နိုင်ငံသည်လည်း ODA ချေးငွေဖြင့် မြန်မာ့လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးကို ကူညီနေသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ယန်းငွေ ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးယူရန် ကျင်းပနေဆဲ ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြသည်။ ပြည်ထောင်စုလွှတ်တော်သည် အချိန်မဆိုင်းဘဲ မဲခွဲဆုံးဖြတ်ပြီးအတည်ပြုပေးခဲ့သည်။ ချေးငွေ ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံသည် မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးတို့အတွက် အတည်ပြုမည်ဖြစ်သည်။ ယင်းချေးငွေထဲက ယန်း ၈ ဒသမ ၈၆၆ ဘီလီယံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရယူမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဓာတ်အားလိုင်းကြိုးများ သွယ်တန်းမည်။ JICA ချေးငွေသည် ODA ချေးငွေ ဖြစ်သည့် ODA ချေးငွေမှ သည်ဖွံ့ဖြိုးမှုအနည်းဆုံး LDC နိုင်ငံများသို့ ကူညီထောက်ပံ့ ပေးသည့် ချေးငွေအမျိုးအစားဖြစ်သည်။ ယခုချေးသော JICAချေးငွေ သည် ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀၊ အတိုးနှုန်း သုညဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သည်။ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေး နောက်ထပ်ချေးငွေတစ်ခုလည်း ရှိပါသေးသည်။

ပြင်သစ်နိုင်ငံက ချေးသော ချေးငွေဖြစ်သည်။ မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ငါးရုံပြင်ဆင်ရေးအတွက် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD) ထံမှ ယူရိုငွေ ဒေါ်လာ ၃၅ ဒသမ ၇ သန်းချေးမည်ဖြစ်သည်။ ယင်းချေးငွေရယူရန် ဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်သို့တင်သည်။ ပြည်ထောင်စုလွှတ်တော်က ယင်းချေးငွေကိစ္စကို မေ ၁၆ ရက် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ် အတည်ပြုခဲ့သည်။ ယင်းပြင်သစ်ချေးငွေဖြင့် ဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီး ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မကွေးတိုင်းဒေသကြီး မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်းဒေသကြီး ကင်းတား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် စစ်ကိုင်းတိုင်းဒေသကြီး သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၈ ရုံကို ပြုပြင်မွမ်းမံသည်။ အဆင့်မြှင့်တင်မည်။ ယင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၈ ရုံကို ပြုပြင်မွမ်းမံမည်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံ ဌာနရမ်းကြမည်။ တင်ဒါခေါ်ယူရေး ပြင်ဆင်ရမည်။ နိုင်ငံတကာအတိုင်ပင်ခံ ဌာနရမ်းဖို့ စိစစ်ရွေးချယ်ရမည်။ စိစစ်ရွေးချယ်ထားသော အတိုင်ပင်ခံက စက်ရုံ၈ုံးရုံ ပြင်ဆင်မွမ်းမံရေး တင်ဒါခေါ်ယူမည့်ကိစ္စအဆင့်ဆင့် ဆောင်ရွက်ရမည်။ စက်ရုံများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါပြုစုခြင်း၊ တင်ဒါခေါ်ယူခြင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက လုပ်ငန်းဆောင်ရွက်ခြင်းစသည်တို့ ဆက်လက် ဆောင်ရွက်သွားရမည်။ ပြင်သစ်ချေးငွေ အသုံးပြုရာတွင် နိုင်ငံတကာ အတိုင်ပင်ခံဌာနရမ်းခြင်း၊ တင်ဒါ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခြင်း ကုန်ကျစရိတ်များကိုလည်း ထည့်သွင်း အသုံးပြုသွားမည် သိရသည်။

ပြင်သစ် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD) ချေးငွေသည် ဆိုင်းငံ့ကာလ ခုနှစ်နှစ်၊ ပြန်ဆပ်ကာလ နှစ် ၂၀ ဖြစ်သည်။ အတိုးနှုန်းတစ်နှစ်လျှင် ဥရောပသမဂ္ဂဘဏ်အချင်းချင်း ချေးငွေအပေါ် သတ်မှတ်သည့် အတိုးနှုန်း သတ်မှတ်ချက်အတိုင်းဖြစ်သည် သိရသည်။ အတိုးနှုန်းသက်သာသည်ဟုလည်း ဆိုသည်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ငါးရုံအား ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထွက်ရှိမည်။ တစ်နည်း လျှပ်စစ်ဓာတ်အား ပိုမို ထွက်ရှိအောင်ပြုလုပ်ခြင်း တစ်မျိုးဖြစ်၍ ပြည်ထောင်စုလွှတ်တော်ကလည်း အချိန်မဆိုင်းဘဲ အမြန်ခွင့်ပြုလိုက်ခြင်းဖြစ်သည်ဟု ယူဆမိပါကြောင်း တင်ပြလိုက်ရပါသည်။

ကိုးကား-နေ့စဉ်ထုတ်သတင်းစာများ၊ လွှတ်တော်သတင်းများ

■

ကယားပြည်နယ် ပန်ပက်ကျေးရွာသို့ လူထုအခြေပြုခရီးသွားလုပ်ငန်း လေ့လာရေးခရီး

ကယားပြည်နယ်သည် စိုက်ပျိုးရေးကို အခြေခံ၍ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေး၊ အခြားသော စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းမှာလည်း အထူးအရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့်ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွားနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ပြီး ရိုးရာ ယဉ်ကျေးမှုများကိုလည်း စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ကယားပြည်နယ် ခရီးသွားစီမံကိန်း လုပ်ငန်းကို Netherlands Trust Fund III အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပြည်နယ်၏ ခရီးသွားကဏ္ဍမှာလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးလျက်ရှိရာ ချင်းပြည်နယ်မှ ကယားပြည်နယ်ပန်ပက်ကျေးရွာသို့ လူထုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism (CBT) လေ့လာရေးခရီး လာရောက်ဆောင်ရွက်ခြင်းဖြစ်သည်။

ၔင်းတို့၏ ရည်ရွယ်ချက်မှာ ချင်းပြည်နယ်မှ လေ့လာသူများသည် CBT ခရီးစဉ်၏ အတွေ့အကြုံကိုရရှိပြီး CBT နှင့် ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံခွင့်ရကာ မိမိဒေသအတွက် အောင်မြင်သော CBT လုပ်ငန်းတစ်ရပ်ဖော်ဆောင်ရာတွင် ၔင်းတို့၏တာဝန်နှင့် ဝတ္တရားများကို သိရှိစေရန်၊ လေ့လာသူများသည် CBT ၏ ထုတ်ကုန်၊ CBT ၏ ဈေးကွက်၊ CBT ၏ စီမံဆောင်ရွက်မှုနှင့်၊ CBT ၏ကောင်းကျိုး/ ဆိုးကျိုးတို့ကို သိရှိပြီး အလားတူစီမံဆောင်ရွက်တတ်စေရန်၊ ချင်းပြည်နယ်မှ လေ့လာသူများ ချင်းပြည်နယ်သို့ ရောက်သောအခါ လေ့လာသိရှိခဲ့သော သင်ခန်းစာများကို မည်သို့ ပြန်လည် အသုံးချနိုင်ကြောင်း သိရှိစေရန်၊ ကယားပြည်နယ်မှ သင်တန်းဆရာ/ ဆရာမများသည်လည်း လေ့လာရေးခရီးစဉ်ကို စီမံ ဆောင်ရွက်ရာတွင် အလေ့အကျင့်ရရှိစေရန် စသည့် ရည်ရွယ်ချက်များ ပါဝင်သည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန International Trade Centre (ITC) မှ စီမံကိန်း တာဝန်ခံများ၊ ဒေသဆိုင်ရာဧည့်လမ်းညွှန်များ၊ ဒေသခံဧည့်လမ်းညွှန်များပါဝင်သော အဖွဲ့သည် မေလ ၁၄ ရက်တွင် ပန်ပက်ရွာသို့ ရောက်ရှိကာ ပန်ပက် CBT အဖွဲ့ဝင်များမှ ကယန်းရိုးရာ သီချင်း၊ အကများဖြင့် ကြိုဆိုမိတ်ဆက်ကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့အား အဖွဲ့နှစ်ဖွဲ့ခွဲပြီး အဖွဲ့(၁) က ဒေသခံ CBT အဖွဲ့ဝင်အချို့နှင့်အတူ တောင်တက်ခြင်းအားဖြင့် ကယန်းရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ၊ ကယန်းဒေသ၏ တောတောင်သဘာဝအလှများ၊ ပြည်တွင်း/ပြည်ပ ခရီးသွားဆွဲဆောင်မှုများကို လေ့လာစဉ်တွင် အဖွဲ့(၂)က လက်မှုပညာရှင်များအိမ်သို့ အလည်သွားရောက်၍ ဒေသထုတ်ကုန်ပစ္စည်းများ၊ ကယန်းရိုးရာ လက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုများ၊ ဈေးကွက် အခြေအနေများကို စိတ်ဝင်တစားလေ့လာခဲ့ကြသည်။

အဖွဲ့(၂)က တောင်တက်လေ့လာ၍ အဖွဲ့(၁) က လက်မှုပညာရှင်များ အိမ်သို့ အလည် သွားရောက်လေ့လာခဲ့ကြပြီး ခရီးစဉ်တွင်ပါဝင်သော လေ့လာရေးအဖွဲ့က CBT အဖွဲ့ဝင်၊ ချိတ်ဆက်ပေးသူများနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးပြုလုပ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပန်ပက် CBT ၏ ထုတ်ကုန်၊ ဈေးကွက်၊ စီမံဆောင်ရွက်မှု၊ ကောင်းကျိုး/ဆိုးကျိုးနှင့် စပ်လျဉ်း၍ သိရှိလိုသော အကြောင်းအရာများကိုလည်းကောင်း၊ CBT ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ လေ့လာရေးအဖွဲ့၏ တင်ပြမှုအပေါ်စိတ်ကျေနပ်မှုရရှိစေရန် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးချိတ်ဆက်မှုများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဒေသခံပြည်သူများ၏ ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်း၊ လူမှုစီးပွားရေးလုပ်ငန်းများကို တိုးမြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စားသုံးသူ၊ ကယား

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများ၌ မေ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန် ဒေါ်လာ တစ်သန်းကျော် တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၉၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ရော်ဘာတင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS1 အမျိုးအစား တန်ချိန် ၂၆၀ ခန့်၊ RSS-3 အမျိုးအစား တန်ချိန် ၄၁၀ နှင့် MSR-20 အမျိုးအစား တန်ချိန် ၁၃၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၁၀၀ ကျော် တင်ပို့ပြီး ယခင်တစ်ပတ်ကုန်သွယ်မှုထက် တန်ချိန် ၈၀၀ ကျော်ပိုမို တင်ပို့နိုင်ကြောင်း သိရသည်။

မေ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ သန်းကျော် တန်ဖိုးရှိ ရော်ဘာတန်ချိန် ၄၀၀၀ ကျော်တင်ပို့ကြောင်း သိရသည်။ ယခုတစ်ပတ်ရေကြောင်းမှ တင်ပို့မှုများမှာ မလေးရှား၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ အများဆုံး တင်ပို့နိုင်မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၁၂၈၀၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၁၅၉၀၊ ဂျပန်နိုင်ငံသို့ MSR-10 အမျိုးအစား တန်ချိန် ၂၀၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR-20 အမျိုးအစား တန်ချိန် ၄၆၀ ကျော်နှင့် ဗီယက်နမ်နိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၃၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၁၀၀၀ ကျော် လျော့ကျခဲ့သော်လည်း နိုင်ငံတကာ ရော်ဘာစျေးမှာ တစ်တန်လျှင် ဒေါ်လာ ၅၀ ထပ်မံမြင့်တက်ကြောင်း သိရသည်။

နိုင်ငံတကာ ရော်ဘာစျေးနှင့်အတူ မြန်မာ့ရော်ဘာ FOB ဈေးလည်း မြင့်တက်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၏ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရသည်။

RSS1	တစ်တန်လျှင် ဒေါ်လာ	၁၅၀၀-၁၅၅၀
RSS2	တစ်တန်လျှင် ဒေါ်လာ	၁၄၅၀-၁၅၅၀
RSS3	တစ်တန်လျှင် ဒေါ်လာ	၁၄၀၀-၁၅၀၀
RSS4	တစ်တန်လျှင် ဒေါ်လာ	၁၃၀၀-၁၄၀၀
RSS5	တစ်တန်လျှင် ဒေါ်လာ	၁၃၅၀-၁၄၅၀
MSR-3L	တစ်တန်လျှင် ဒေါ်လာ	၁၅၀၀-၁၆၀၀
MSR-10	တစ်တန်လျှင် ဒေါ်လာ	၁၃၅၀-၁၄၀၀
MSR-20	တစ်တန်လျှင် ဒေါ်လာ	၁၃၀၀-၁၃၅၀ တို့ဖြစ်သည်။

ယဉ်ယဉ်အေး

ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

စဉ်	အမျိုးအစား/MDL	အကွာရာ	ဈေးနှုန်း	မှတ်ချက်
၁။	တိုယိုတာ/ဝှရ် (၂၀၁၁)	L	၄၅၀ သိန်း	၁.၈ ဓာတ်ဆီ၊ ရန်ကုန်
၂။	မစ်ဆူဘီရှီ/အာဗီအာ(၂၀၁၀)	M	၃၅၀ သိန်း	၁.၈ ဓာတ်ဆီ၊ နယ်လိုင်စင်
၃။	ပရိဘောက် (၂၀၁၂)	ယာယီ	၂၆၀ သိန်း	၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင်
၄။	ဘယ်လ်တာ (၂၀၁၁)	ယာယီ	၂၃၅ သိန်း	၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင်
၅။	အတ်ဇီယို (၂၀၁၃)	ယာယီ	၃၁၀ သိန်း	၁.၃ ဓာတ်ဆီ၊ ရန်ကုန်
၆။	နီဆန်းဂျူကီ (၂၀၁၁)	ယာယီ	၃၁၀ သိန်း	၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင်
၇။	ဗင် (၂၀၁၂)	L	၁၉၀ သိန်း	၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင်
၈။	ရက်တစ် (၂၀၁၁)	M	၂၀၅ သိန်း	၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင်
၉။	အပ်ကား (၂၀ နှစ်)		၁၃၀ သိန်း	

အိမ်ခြံမြေကဏ္ဍ

စဉ်	အိမ်/အခန်း	တည်နေရာ	အကျယ်အဝန်း	ပါဝင်ပုံ	ဈေးနှုန်း	သီးခြားအချက်	ဆက်သွယ်ရန်
၁။	တိုက်ခန်း	တောင်ဥက္ကလာပမြို့နယ်	၁၁၀၀ စ/လေ	MB (1), BR (1) ခန်း	၁၂၀၀ သိန်း	ဓာတ်လေကားပါ	၀၉/၂၅၁၇၆၁၇၉
၂။	မြေ	တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာအိမ်ရာ	(၄၀ x ၅၀)လေ	မြေသီးသန့်	၈၅၀၀ သိန်း		၀၉/ ၂၅၁၇၆၁၇၉
၃။	မြေ	တောင်ဥက္ကလာပမြို့နယ်၊ မလိခအိမ်ရာ	(၄၀ x ၆၀)လေ	မြေသီးသန့်	၅၃၀၀ သိန်း		၀၉/ ၂၅၁၇၆၁၇၉
၄။	ကွန်ဒို	သမိုင်း၊ ပါရမီကွန်ဒို	၁၂၅၀ စ/လေ	MB (1), BR (1) ခန်း	၁၂၅၀ သိန်း	ဓာတ်လေကားပါ	၀၉/ ၉၇၆၂၁၁၂၃
၅။	ကွန်ဒို	သစ္စာကွန်ဒို၊ ရန်ကင်းမြို့နယ်	၁၅၀၀ စ/လေ	MB (1), BR (1) ခန်း	၂၃၅၀ သိန်း	ဓာတ်လေကားပါ	၀၉/ ၉၇၆၂၁၁၂၃
၆။	တိုက်ခန်း	ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း	(၁၈ x ၆၀)လေ	မြေညီထပ်	၃၈၀၀ သိန်း		၀၉/ ၂၅၁၇၆၁၇၉
၇။	တိုက်ခန်း	လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်း	(၁၂၅ x ၅၀)လေ	မြေညီ HK(၂)လွှာ	၂၅၀၀ သိန်း		၀၉/ ၂၅၁၇၆၁၇၉
၈။	မြေ/အိမ်	ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာ	၃၂၀၀ စ/လေ	RC(၁)ထပ်	၅၀၀ သိန်း		၀၉/ ၄၀၂၀၇၁၉၂၂
၉။	မြေ	ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်	၄၈၀၀ စ/လေ	မြေသီးသန့်	၂၃၀၀ သိန်း		၀၉/ ၄၀၂၀၇၁၉၂၂

ဇမ်ဘီယာနိုင်ငံ၌ Copperbelt Investment Expo (CIEX) ကုန်စည်ပြပွဲကျင်းပမည်

ဇမ်ဘီယာနိုင်ငံ၊ Ndole မြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက်မှ ၂၉ ရက် အထိ "Copperbelt Investment Expo (CIEX)"ပြပွဲကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲအား Broaden the Copperbelt Economy through diversified Investment ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက www.cbt.gov.zm တွင်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ဖော်ပြပါရှိသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များပါဝင်တက် ရောက်ပြသနိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇-၄၃၀၀၂၈၊ E-mail:moctradefair@ gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့)၊ ဖုန်း- ၀၁-၂၅၄၀၂၄၊ ဖက်စ်- ၀၁-၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

ဆုမွန်သိန်း(TD)

၄က်ပျောစိုက်တောင်သူများနှင့် နီးနှောဖလှယ်ပွဲ ပုသိမ်တွင် ကျင်းပ

မြန်မာနိုင်ငံ ၄က်ပျောစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် တိုင်းဒေသကြီးအတွင်း ၄က်ပျောစိုက်တောင်သူများ နီးနှောဖလှယ်ပွဲကို ပုသိမ်မြို့၊ မြကျွန်းသာ အိမ်ရာ ပတ္တမြားခန်းမတွင် မေ ၂၀ ရက်တွင် ကျင်းပရာ မြန်မာနိုင်ငံ၄က်ပျော စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတိုင်း စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံး သူရေးရာဦးစီးဌာန၊ တိုင်းအတွင်း ၄က်ပျောစိုက်ပျိုး တောင်သူများ၊ အသင်းအဖွဲ့များ၊ လူမှုရေးအသင်းများ ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ ၄က်ပျောစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ဥက္ကဋ္ဌ ဦးစောအောင်သောင်းက တိုင်းအတွင်း ၄က်ပျောစိုက်တောင်သူအသင်း ဖွဲ့စည်းခြင်းဖြင့် ၄က်ပျောဆိုင်ရာ သတင်းအချက်အလက်၊ စိုက်ပျိုးရေးနည်းပညာ၊ ထိခိုက်ပျက်ဆီးမှုမရှိစေရန် စနစ်တကျ သယ်ယူပို့ဆောင်ရေး၊ စျေးကွက်အခြေအနေ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာမှာလည်း ကဏ္ဍအလိုက် ပိုင်းဝန်းကူညီဖြေရှင်းပေး နိုင်မှာဖြစ်သလို စျေးကွက်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်မှာဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းစိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ခိုင်က ၄က်ပျောစိုက်တောင်သူ များအား စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန် အရည်အသွေးကောင်းမွန်သော သီးနှံ များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး Good Agriculture Practice (GAP) စနစ် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ အကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပြီး ၄က်ပျောစိုက်တောင်သူများ နီးနှောဖလှယ်ပွဲကို မေ ၂၀ ရက်မှ ၂၁ ရက်နံနက် စေ့၃၀ နာရီမှ ညနေ ၄ နာရီခွဲအထိ နှစ်ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရောမြေ

စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၉) ကျင်းပ

စိုက်ပျိုးရေး အခြေခံထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို မေ ၂၂ ရက်တွင် ရန်ကုန်မြို့၊ အမှတ် (၆)၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကို စိုက်ပျိုးရေး အခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၏ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ နည်းပညာဆပ်ကော်မတီ အတွင်းရေးမှူး ဦးမြင့်ဝေ၊ နည်းပညာဆပ်ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ ညှိနှိုင်းအစည်းအဝေး၌ မြန်မာနိုင်ငံအနေအထားနှင့် သင့်တော်သည့် အာဆီယံ စံချိန်စံညွှန်းကို ကိုးကားရေးဆွဲထားသည့် အုန်းသီးနုစံချိန်စံညွှန်းနှင့် နာနတ်သီးစံချိန်စံညွှန်း(မူကြမ်း)အား သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ ကော်မတီဝင်များ ပူးပေါင်း၍ စံချိန်စံညွှန်းလုပ်ငန်း ကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးအတည်ပြုချက် ရယူမှုများ ပြုလုပ်ခဲ့ကြသည်။

စိုက်ပျိုးရေးအခြေခံထုတ်ကုန် နည်းပညာဆပ်ကော်မတီအနေဖြင့် ပြည်ပပို့ကုန် အလားအလာရှိသော သီးနှံများကို ဦးစားပေး ရေးဆွဲလျက်ရှိရာ ISO 712 နဲ့ သီးနှံ ၂၇ မျိုး၊ စုစုပေါင်း ၂၈ မျိုးတို့အား ယခုဘဏ္ဍာနှစ်အတွင်း မြန်မာစံချိန်စံညွှန်းများအဖြစ် ရေးဆွဲရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြန်မာစံချိန်စံညွှန်း ရေးဆွဲပြီးဖြစ်သော ISO 712 နဲ့ သီးနှံကိုးမျိုး၊ စုစုပေါင်း ၁၀ မျိုးကို အများပြည်သူ သဘောထားမှတ်ချက်တောင်းခံနိုင်ရေးအတွက် စံချိန်စံညွှန်း လုပ်ငန်းကော်မတီသို့ တင်ပြထားပြီးဖြစ်သည့်အပြင် ဒူးရင်းသီး၊ မင်းကွတ်သီး၊ သခွားမွှေး စံချိန်စံညွှန်းတို့အား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် အမျိုးသားစံချိန်စံညွှန်း ကောင်စီသို့ လည်း တင်ပြထားလျက်ရှိသည်။

ၔင်းအပြင် နည်းပညာဆပ်ကော်မတီက ရေးဆွဲခဲ့သည့် မြန်မာ့ဆန်၊ အချို့သော ပဲစေ့အမျိုးအစား၊ ဖရဲသီး၊ ထောပတ်သီး၊ ၄က်ပျောသီး၊ ကော်ဖီစေ့၊ ကျွဲကောသီးစံချိန်စံညွှန်း စုစုပေါင်း ခုနစ်မျိုးကို အမျိုးသား စံချိန်စံညွှန်းကောင်စီမှ မြန်မာ့စံချိန်စံညွှန်းများအဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ သနပ်ခါး၊ ငရုတ်စို၊ ငရုတ်ခြောက်၊ ချဉ်ပေါင်ဖာလာ၊ ဆီးသီး၊ ဆီးဆန်၊ ငရုတ်ကောင်း၊ လျှော်ဖြူတို့၏ မြန်မာ့စံချိန်စံညွှန်း မူကြမ်းများကို Working Group မှ ထပ်မံရေးဆွဲရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံက ထုတ်လုပ်သော စိုက်ပျိုးရေး အခြေခံထုတ်ကုန်များသည် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်တင်ပို့ရောင်းချမှသာ နိုင်ငံတကာစျေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီး စျေးကောင်းရရှိမည် ဖြစ်ပါသည်။ အဆိုပါ နည်းပညာဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးက ဆွေးနွေးအတည်ပြုခဲ့သည့် အုန်းသီးနုစံချိန်စံညွှန်းနှင့် နာနတ်သီးစံချိန်စံညွှန်းအား စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

သန့်စင်

(သတင်းနည်းပညာ/အရည်အသွေး)

စီးပွားရေးကွန်ရက် ချိတ်ဆက်ပွဲနှင့် ကုန်စည်ပြပွဲ မော်လမြိုင်တွင် ကျင်းပမည်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် ဇွန် ၁ ရက်နှင့် ၂ ရက်တို့ကို 'စီးပွားရေး ကွန်ရက်ချိတ်ဆက်ပွဲနှင့် ကုန်စည်ပြပွဲ-၂၀၁၉' ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

'စီးပွားရေးကွန်ရက်ချိတ်ဆက်ပွဲနှင့် ကုန်စည်ပြပွဲ'ကို မော်လမြိုင် SME Agency နှင့် ILO , SIYB (Start and Improve Your Business) တို့ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံစားသုံးသူအသင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် စီးပွားရေး အခွင့်အလမ်းများကို မျှော်လင့်နေသော လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကြမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းပေါင်း ၁၀၀ နီးပါး စီစဉ်ထားကြောင်းနှင့် မြန်မာပြည်အရပ်ရပ်မှ ထုတ်ကုန်များ၊ စားသောက်ကုန်များနှင့် လုပ်ငန်းအမျိုးမျိုး ပါဝင်ပြသမည် ဖြစ်သည်။

ထို့ပြင် စီးပွားရေးဆိုင်ရာ ကစားနည်းများ၊ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ပေးမှုများ၊ အခမဲ့စီးပွားရေးသင်တန်းများ၊ စီးပွားရေးအကြံပြု အစီအစဉ်များနှင့် တေးဂီတဖျော်ဖြေပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပြပွဲကာလမှာ ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်နှင့် ၂ ရက်တို့တွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ဝင်းမြတ်(ရာမည)**

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း-**၀၁ ၂၅၄၀၂၄ **ဖက်စ်-** ၀၁ ၂၅၄၀၂၃ **အီးမေးလ်-**itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း-** ၀၉ ၄၃၀ ၄၁ ၈၄၇ **အီးမေးလ်-** mmeu.tradehelpdesk@gmail.com

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး ၂၂၀/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ဌာဂုဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) အောင်မြေသာရပ်ကွက်၊ ဝိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရိုးရှင်းပြည်နယ် စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး အစိုးရရုပ်ကွက်၊အနော်ရထာလမ်းမကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့မြို့ဟတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။
Ph:081-2121615, Fax:081-2121627,
email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့မြင်း) ရပ်ကွက်(၁)၊ နောင်ရေ၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် (၇/၉)လမ်းကြား၊ ကန္တာရတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွှင်ကော်မြို့။
Fax:083-2221005,Ph:083-2221005
email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။
Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး သာစည်လမ်း၊ ဒေါနုဦးရပ်၊ မီးရထားသံလမ်းနှင့် ဝိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

(၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ပေါက်ဂိန်း

၂၇-၅-၂၀၁၉ မှ ၂-၆-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)

တနင်္လာသားသမီးများအတွက် ငွေကြေးအတိုင်းအတာ ရွေးချယ်၍ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ပွဲရုံလုပ်ငန်းတို့ အဆင်ပြေတိုးတက်မှုရှိမည်။ ပညာရေးတွင် အုပ်ချုပ်မှုပညာထူးချွန်မည်။ အချစ်ရေးတွင် ပင်ကိုယ်စိတ်ဓာတ်နှင့်ကွာဟနေတတ်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ နှာခေါင်းသွေးလျှံခြင်းဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်ဆီမီးကိုးတိုင်ထွန်းပါ။**

တနင်္လာသားသမီးများအတွက် ရိုးသားသောရုပ်လက္ခဏာရှိသဖြင့် လူချစ်လူခင်ပေါများလိမ့်မည်။ စီးပွားရေးလောကတွင် အရှိန်အဝါကြီးသူကြွယ်ဝချမ်းသာသူဖြစ်မည်။ လက်လီ၊ လက်ကားဒိုင်လုပ်ငန်း၊ ရာသီထွက်ကုန်ပစ္စည်းများနှင့်အကျိုးပေးကောင်းနေမည်။ ပညာရေးတွင် အနည်းငယ်အခက်အခဲရှိနေတတ်သည်။ အချစ်ရေးတွင် ဂုဏ်ဒြပ်ကြီးမားသူနှင့်ကြုံဆုံမည်။ ကျန်းမာရေးသင့်တင့်ကောင်းမွန်နေမည်။

ယတြာ။ ။ မိတ်ဆွေအပေါင်းအသင်းများအား လက်ဖက်ရည်တိုက်ပါ။

အင်္ဂါသားသမီးများအတွက် စီးပွားရေးလုပ်ငန်းများကို တစ်ဦးတည်းလုပ်ကိုင်မရဖြစ်၍ အကျိုးတူလုပ်ကိုင်လိုသူတို့နှင့် ပူးပေါင်းလုပ်ကိုင်ရတတ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကြေး၊ သွပ်၊ သံထည်များနှင့်ပတ်သက်သောလုပ်ငန်းအကျိုးပေးမည်။ ပညာရေးတွင် ဆရာကောင်းများထံခိုလှုံ၍ ကြိုးစားနေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးတွင် လေရောဂါဂရုစိုက်သင့်ပါသည်။

ယတြာ။ ။မိမိမွေးနံထောင့်တွင် ထီးလျှူပါ။

ဗုဒ္ဓဟူးသားသမီးများအတွက် ရည်ရွယ်ချက်ချပြီး စီးပွားရေးလုပ်ငန်းအောင်မြင်အောင်ကြိုးစားရာတွင် အတိုက်အခံအပြိုင်အဆိုင်ကြုံတွေ့ရတတ်သည်။ ကုန်ကြမ်း၊ ကုန်ချောထုတ်လုပ်မှု၊ အိမ်တွင်းလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများအကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးထူးချွန်မှုရှိမည်။ အချစ်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်ယားယံသောဝေဒနာ၊ ဆီးလမ်းကြောင်းဆိုင်ရာရောဂါတို့ကို ဂရုစိုက်သင့်ပါသည်။

ယတြာ။ ။ဘုရားတွင်သကြားဆွမ်းကပ်ပါ။

ကြာသပတေးသားသမီးများအတွက် လက်တွေ့အောင်မြင်နေသော စီးပွားရေးသမားများကို အံတုလုပ်ကိုင်ရတတ်သည်။ အုပ်ချုပ်မှုစီမံသူများ၊ ဖြန့်ချိရေးကျွမ်းကျင်သူသယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများအောင်မြင်မှုရရှိနေလိမ့်မည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် နီးတစ်ကျက်ကျက်ဝေးတစ်သက်သက်ဖြစ်နေရတတ်ပါသည်။ ကျန်းမာရေးတွင် မျက်ခမ်းစပ်ရောဂါ၊ မျက်စိနာခြင်း မျက်လုံးထိခိုက်တတ်ပါသည်။ **ယတြာ။ ။မျက်စဉ်းလျှူပါ။**



သောကြာသားသမီးများအတွက် ရည်ရွယ်ချက်ကြီးမားသောကိစ္စများအကောင်အထည်ဖော်ဖြစ်လိမ့်မည်။ ပိုးထည်၊ ချည်ထည်၊ ကတ္တီပါထည်များနှင့်အဝတ်အထည်အဆင်ဆန်းများကံအကျိုးပေးကောင်းမည်။ ပညာရေးကောင်းမည်။ အချစ်ရေးတွင် ရိုးသားသောရုပ်လက္ခဏာရှိသူနှင့်ကြုံမည်။ ကျန်းမာရေးအနေဖြင့် ချောင်းဆိုးခြင်း၊ ရင်ကြပ်၊ အသံဝင်ခြင်း၊ ရင်ဘတ်နာခြင်း၊ ဖျားနာတတ်ခြင်းတို့သတိပြုပါ။

ယတြာ။ ။ အအေးလျှူပါ။

စနေသားသမီးများအတွက် လုပ်ကိုင်လိုသောလုပ်ငန်းများများပြားနေသော်လည်း အရင်ဆုံးလုပ်သင့်သောလုပ်ငန်းကိုသာလုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာလုပ်ငန်းများ အကျိုးပေးတတ်သည်။ အချစ်ရေးတွင် စိတ်တူကိုယ်တူရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် ခရီးသွားရင်း မစဉ်ကြယ်သောရေကို သောက်သုံးမိ၍ အဖျားရောဂါဖြစ်တတ်သည်ကိုသတိရှိပါသည်။ **ယတြာ။ ။အောင်မြင်နင်း၍ အဓိဋ္ဌာန်ပါ။**

တောင်သူလယ်သမားများဈေး ဘားအံမြို့တွင် ခင်းကျင်းရောင်းချ

စိုက်ပျိုးထုတ်လုပ်သူတောင်သူများလုံခြုံစိတ်ချရသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ပြီး ဈေးကွက်တစ်ခုရရှိလာစေရန် တောင်သူအချင်းချင်းကြားစိုက်ပျိုးထုတ်လုပ်သည့် သီးနှံများနှင့် ပတ်သက်၍ သတင်းအချက်အလက်နည်းပညာများရရှိစေရန် စားသုံးသူများ၊ တောင်သူလယ်သမားများ ဈေးကွက်ကို အခြေပြု၍ သန့်ရှင်းလတ်ဆတ်သော သီးနှံများကို တစ်နေရာတည်းဈေးနှုန်းသက်သာစွာဖြင့် စုစည်းဝယ်ယူနိုင်ရန်အတွက် မေ ၁၉ ရက်တွင် ဘားအံမြို့၊ ကန်သာယာ (ယာယီညဈေး) ၌ ခင်းကျင်းရောင်းချရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဦးသန်းနိုင်နှင့် ဇနီး၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့်ဇနီး၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ လာရောက် ဝယ်ယူအားပေးကာ လိုအပ်သည်များ လမ်းညွှန်ခဲ့သည်။

တောင်သူလယ်သမားများဈေး (Farmers Market) သည် GAP (Good Agriculture Practices) အခြေခံ၍ စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်ရောင်းချသော ဒေသထွက်အသီးအနှံ ဟင်းသီးဟင်းရွက်များ၊ ကွမ်းပင်၊ ဝါးပင်၊ အုန်းပင်တို့မှရရှိသော ကုန်ကြမ်းများဖြင့် ပြုလုပ်ထားသည့် အိမ်သုံးကုန်ပစ္စည်းများ၊ အသီးအနှံများဖြင့် ပြုလုပ်ထားသော အလှကုန်ပစ္စည်းများ၊ သဘာဝမြေဩဇာနှင့်ပိုးသတ်ဆေးများ၊ လယ်ယာထွက်ကုန်များ ရောင်းချလျက်ရှိရာ ဒုတိယအကြိမ်မြောက် တောင်သူလယ်သမားများဈေးသည် ရောင်းသူဝယ်သူများနှင့် စည်ကားလျက်ရှိသည်။ တောင်သူလယ်သမားများဈေးကို အပတ်စဉ် စနေနေ့တိုင်း ခင်းကျင်း ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

အေးအေးစိုး (ကရင်)

မိုင်းယောင်းမြို့တွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးပြည်သူများအား အသိပညာပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုအရ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မေ ၁၉ ရက်တွင် ဒေသခံစီးပွားရေးလုပ်ကိုင်သူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဌာနဆိုင်ရာများအပါအဝင်ဦးရေ ၆၀ ခန့်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖိတ်ကြား၍ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေး အသိပညာပေးဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက နိုင်ငံတော်အနေဖြင့် အခွန်တိုးတက်မှု အပေါ်ရပ်တည်နေကြောင်း၊ အခွန်ပိုမိုတိုးတက်ရရှိမှုသည် စီးပွားရေး အထောက်အကူပြု ဒေသပုဂ္ဂလိကလုပ်ငန်းများပေါ်တွင် မူတည်နေကြောင်း၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တရားဝင်အခွန်ပေးဆောင်၍ ကုန်သွယ်ရောင်းဝယ်မှုပြုကြစေလိုကြောင်း၊ အခွန်မှန်ကန်စွာပေးဆောင်ပါက ဒေသဂုဏ်သတင်းသည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုအခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးကြရန်ပြောကြားသည်။

မိုင်းယုအခွန်ကြီးကြပ်ရေးအဖွဲ့ ဒုတိယအကောက်ခွန်မှူးက အခွန်ပေးဆောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးက မိုင်းယု အခွန်ကြီးကြပ်ရေး စခန်းဆောင်ရွက်သည့် လုပ်ငန်းများ၊ ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေး၊ နိုင်ငံတော်အခွန်တိုးတက်ရရှိရေး၊ တရားမဝင်ကုန်စည် စီးဆင်းမှုမရှိစေရေးကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိ ဒေသသီးနှံများ တိုးချဲ့စိုက်ပျိုးရန်အားပေးကြောင်း၊ စပါးကို ဆန်/စပါး မူဝါဒအရ တရားဝင်တင်ပို့ခွင့်မပြုကြောင်း၊ ဆန်ကို ဝမ်ပုံ ဆိပ်ကမ်းမှ တင်ပို့ခွင့်ပြုထားကြောင်း၊ ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုလျော့နည်းစေရေးနှင့် အခွန်တိုးတက်ရရှိရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြီး တက်ရောက်လာသူများနှင့် အခွန်ပေးဆောင်မှုကိစ္စများ အပြန်အလှန်ဆွေးနွေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရန်နောင် (ကျိုင်းတုံ)

အထက်မြန်မာပြည်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် လွယ်ကူချောမွေ့စေရေး ဆွေးနွေး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ DaNa Facility နှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနတို့ ပူးပေါင်းပြီး UK aid ပံ့ပိုးကူညီမှုဖြင့်ကျင်းပသော အထက်မြန်မာပြည်အတွက် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆွေးနွေးပွဲကို မေ ၂၀ ရက် နှင့် ၂၁ ရက်တို့တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၅၃ လမ်းနှင့် ၃၇ လမ်းထောင့် Hotel Hazel ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအမြတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဦးကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရှင်းလင်းပြောကြားသည်။ ထို့နောက် DaNa Facility နှင့် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနတို့မှ ဒေသဆိုင်ရာတာဝန်ခံများက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့်အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်သင့်သည့်နည်းလမ်းများကို အကြံပြုဆွေးနွေးပြောကြားသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ စီးဆင်းဝင်ရောက်လာစေရန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာနည်းလမ်းများ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး ပံ့ပိုးကူညီမှုများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

မောင်ပြည်သူ(မန္တလေး)

ပျက်ပိုးများကြောင့်သီးနှံ ပျက်စီးဆုံးရှုံးမှုကို ကြိုတင်ကာကွယ်

အောင်ဆန်း(စိုက်ပျိုးရေး)

သစ်ပင်(Plant)ဟု ပေါ်ပေါက်လာပြီးနောက် လူသားတို့၏ ရိက္ခာအတွက် စားသုံး၍ရနိုင်သော သီးနှံသစ်ပင်များလည်း တဖြည်းဖြည်းထွန်းကားလာခဲ့သည်။ သီးနှံသစ်ပင်များနှင့် ပြိုင်တူမွေးဖွားပေါ်ပေါက်လာသော ဖွားဘက်တော်များမှာ သီးနှံပင်များကို ၎င်းတို့၏ အစာအဖြစ် စားသောက်ကြသော ပိုးမွှားမျိုးစုံပင်ဖြစ်သည်။ ၎င်းတို့၏ အစာအဖြစ်စားသောက်ကြရင်းပင် သီးနှံသစ်ပင်တို့ ပျက်စီးဆုံးရှုံးမှုခံစားလာကြရသည်။ လူတို့၏ စားနပ်ရိက္ခာသီးနှံပင် များသည် ပို၍ စားသောက်ဖျက်ဆီးခြင်းခံကြရသည်။ ကမ္ဘာတွင် ပိုးမွှား ဖျက်ဆီးမှုကြောင့် သီးနှံသစ်ပင်များဆုံးရှုံးခြင်းသည် (၃၀- ၄၀)ရာခိုင်နှုန်းထိရှိသည်ဟု မှတ်တမ်းများက ပြဆိုထားပါသည်။

သီးနှံတစ်ခုချင်းအလိုက်၊ ပိုးမွှားတစ်မျိုးချင်းအလိုက် ဖျက်ဆီးခြင်းခံကြရသော ပမာဏများမှာ လျစ်လျူရှုထား၍ မရသော ဖြစ်စဉ်များထိရောက်ရှိလာပါသည်။ ကြိုတင်ကာကွယ်နှိမ်နင်းမှု အစီအမံများ ဆောင်ရွက်မှသာ ပိုးမွှားဖျက်ဆီးခံရ၍ ဆုံးရှုံးမှုအန္တရာယ်မှ လွတ်မြောက်နိုင်ကြမည်ဖြစ်ပါသည်။

သီးနှံတစ်ခုချင်း၊ ပိုးမွှားတစ်ခုချင်း ဖျက်ဆီးခံရမှုကို လေ့လာကြည့်လျှင် စပါးသီးနှံတွင် ဆစ်ပိုး(Stem Bover)ကျရောက် ဖျက်ဆီးခံရမှုသည် (၁၅-၅၀)ရာခိုင်နှုန်းထိ စပါးအထွက် လျော့ကျနိုင်သည်ဟု ဆိုပါသည်။ အမွှေးရနံ့ရှိသော ပေါ်ဆန်းမွှေး၊ ငကွဲ၊ မီးဒုံး၊ တောင်ပုံမျိုးတို့တွင် ပို၍ ကျရောက်ခံရမှုများသည်ကို တွေ့ရသည်။ ဆစ်ပိုးတွင် အဝါရောင်ဆစ်ပိုး၊ အစင်းပါဆစ်ပိုး၊ ပန်းရောင်ဆစ်ပိုး၊ ခေါင်းမဲဆစ်ပိုးဟု (၄)မျိုးရှိပါသည်။ ဆစ်ပိုးသည် မိုးစပါးမှာရော၊ နွေစပါးမှာပါ ကျရောက် ဖျက်ဆီးပါသည်။ ဧရာဝတီနှင့် ပဲခူးဒေသတို့တွင် နွေစပါး၌ ပိုမိုကျရောက်လေ့ရှိသည်ကို တွေ့ရသည်။

စပါးခင်းတွင် ဖြုတ်ပိုး(Hopper)ကျရောက်ခံရပါက စပါးအထွက် (၂၀-၅၀)ရာခိုင်နှုန်းထိ ဆုံးရှုံးနိုင်သည်ဟုဆိုသည်။ မြန်မာပြည်အနှံ့အပြားတွင် တွေ့ရှိနိုင်ပါသည်။ အထူးသဖြင့် မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မွန်၊ ကရင်၊ ရှမ်း၊ ကချင်ဒေသတို့တွင် ပို၍ အဖြစ်များသည်။ ရာသီဥတုနှင့် ဆက်စပ် ဖြစ်ပွားတတ်သော ပိုးမွှားများဖြစ်သည်။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးရာသီလုံး ကျရောက်နိုင်သည်။ မိုးရွာသွန်းမှုများပါက သတိပြု ရမည့် ပိုးမွှားဖြစ်ပါသည်။ ဖြုတ်ပိုးသည် သူကိုယ်တိုင် စပါးပင်ကို ဖျက်ဆီးရုံသာမက စပါးပင်တွင် ကျရောက်တတ်သော ဗိုင်းရပ်(စ်)ရောဂါကိုပါ သယ်ဆောင်လာသဖြင့် အထူးသတိပြုရန် လိုပါသည်။

စပါး ကြက်သွန်မြိတ်ပိုး(Gall Midge)ဖျက်ဆီးခံရပါက စပါးအထွက်(၁၀-၂၅)ရာခိုင်နှုန်း ထိခိုက်နိုင်ပါသည်။ ပဲခူး၊ ရှမ်း၊ ကချင်၊ ကရင်၊ မွန်၊ ဧရာဝတီ၊ ရန်ကုန်ဒေသတို့တွင် တစ်ခါတစ်ရံ ဆိုးဆိုးရွားရွား ကျရောက်ဖျက်ဆီးလေ့ရှိပါသည်။ မိုးအံ့၍ တိမ်ထူသော ရာသီဥတုမျိုးတွင် ပို၍ကျရောက်နိုင်ပါသည်။ တစ်နှစ်တစ်ရာသီ ကြက်သွန်မြိတ်ပိုးကျရောက်ခံရသော လယ်ကွက်(သို့) ဒေသတွင် နှစ်စဉ် ဆက်တိုက် ကျရောက်ဖျက်ဆီးလေ့ရှိပါသည်။ ရေကြီးနစ်မြုပ် ဘေးအန္တရာယ်ခံရပြီး ပြန်လည်စိုက်ပျိုးသော စပါးခင်းများတွင် ပိုမို ကျရောက်နိုင်ပါသည်။ ခြောက်သွေ့သော ရာသီဥတုတွင် ကျရောက်မှုနည်းသည်ကို တွေ့ရှိရသည်။

မြေပဲသီးနှံတွင် ကျရောက်ဖျက်ဆီးသော ရွက်လိပ်ရွက်ကပ်ပိုးသည် မြေပဲအထွက် (၁၅-၂၀)ရာခိုင်နှုန်းထိ ထိခိုက်နိုင်သည်ဟုဆိုပါသည်။ မိုးရာသီမိုးပြတ်၍ ခြောက်သွေ့သောရာသီတွင် ပိုမိုကျရောက်နိုင်ပါသည်။ ပိုးကျရောက်ခံရမှု ဆိုးဝါးပါက အဝေးမှကြည့်လျှင် အရွက်များ အကွက်လိုက်အကွက်လိုက် မီးလောင်ထားသကဲ့သို့ခြောက်နေသည်ကို တွေ့ရသည်။ အစေ့မတည်မီကျရောက်ပါက အထွက်သိသိသာသာ ကျဆင်းသွားနိုင်ပါသည်။

မြေပဲကို ဖျက်ဆီးတတ်သော အဆိုးဝါးဆုံး ပိုးမွှားတစ်မျိုးမှာ ဖိုးလမင်းကျိုင်းဖြစ်ပါသည်။ မြေပဲခင်းကို ဖိုးလမင်းကျိုင်းကျရောက် ဖျက်ဆီးခံရပါက အထွက်နှုန်း (၂၅-၅၀)ရာခိုင်နှုန်းထိ ကျဆင်းနိုင်သည်ဟုဆိုပါသည်။ ဖိုးလမင်းကျိုင်းဟာ မြေအောင်းပိုးမွှားဖြစ်ပါသည်။ မြေဆွေးဓာတ်များသော မြေများတွင် ပိုမိုပေါက်ဖွား ရှင်သန်နိုင်ပါသည်။ မြေဆီလွှာထဲမှာ ခိုအောင်းနေပြီး မြေပဲပင်အဖြစ်၊ မြေပဲတောင့်ဥအနုလေးများကို ကိုက်ဖြတ်ဖျက်ဆီးစားသောက်ပါသည်။ မြေပဲအမြစ်နဲ့အတောင့်တွေ ဖျက်ဆီးခံရပြီး အပင်လည်း ခြောက်သေသွားပါသည်။ မြေဆီလွှာထဲမှာဘဲ ဥအုံအကောင်ပေါက်ပြီး ဘဝအဆင့်ဆင့်ဖြစ်ပေါ်ပြီးနေတတ်သည့်အတွက်ကြိုတင်ကာကွယ်မှုသာ ထိရောက်မှုရှိပါသည်။ မြေယာပြုပြင်စဉ် ကတည်းက မြေအောင်းပိုးသတ်ဆေးတစ်မျိုးမျိုးကို ထည့်သွင်းအသုံးပြုခဲ့ရန် စီမံဖို့လိုအပ်ပါသည်။

နှမ်းသီးနှံတွင် ရွက်လိပ်ပိုး(Leaf Roller)ကျရောက်ဖျက်ဆီးခံရပါက အထွက်နှုန်း (၁၅-၂၀)ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်ဟု ဆိုပါသည်။ မိုးရာသီစိုက် နှမ်းခင်းများတွင် မိုးပြတ်သော ဇူလိုင်လတွင် ကျရောက်ဖျက်ဆီးမှု ပိုများလေ့ရှိပါသည်။ နှမ်းသီးနှံတစ်မျိုးတည်းတွင် ကျရောက် ဖျက်ဆီးပါသည်။ နှမ်းသီးတောင့်မပေါ်မီ ဥမှလောက်ကောင်ပေါက်လာပါက အပင်ထိပ်ရှိ ရွက်နုများကိုစားသည်။ တစ်ခါတရံ အပင်တစ်လျှောက် ပင်စည်နှင့်အသီးတွင်းသို့ ထိုးဖောက် ဝင်ရောက်စားသောက်ဖျက်ဆီးသည်။ စား၍ဝလာပါက ပါးစပ်မှ ထုတ်သော ချည်မျှင်ဖြင့် အပွင့်၊ အညွှန့်၊ အသီးများကို လုံးထွေးစုစည်းလိုက်ပြီး လောက်ကောင်သည် အဆိုပါချည်မျှင် အလုံးအထွေးအတွင်း နေထိုင်၍ စားသောက်ဖျက်ဆီးကြီးထွားသည်။ ဖျက်ဆီးမှုများပါက အပင်ထိပ်တွင် လောင်ကျွမ်းဒဏ်ရာကဲ့သို့ဖြစ်ပေါ်နေသည်။ ချည်မျှင်နှင့်လုံးထွေးဝင်မသွားမီ ကြိုတင်ကာကွယ်မှုပြုမှသာ ထိရောက်နိုင်သည်ကို ဂရုပြုဖို့လိုအပ်ပါသည်။

နှမ်းသီးနှံတွင် ဆိုးရွားစွာ ဖျက်ဆီးသည့် ပိုးမွှားတစ်ကောင်မှာ နှမ်းအစေ့စုတ်ဂျပိုး(Sesamum Seed Bug)ဖြစ်ပါသည်။ နှမ်းသီးနှံတွင် နှမ်း အစေ့စုတ်ဂျပိုးကျရောက်ဖျက်ဆီးခံရပါက အထွက်နှုန်း (၂၅-၄၀) ရာခိုင်နှုန်းထိ ကျဆင်းနိုင်ပါသည်။ နှမ်းသီးနှံစပေါ်ချိန်မှ ရိတ်သိမ်းခြွေလှေပြီး နှမ်းလှန်းချိန်အထိ ကျရောက်ဖျက်ဆီးနိုင်ပါသည်။ နှမ်းစိုက်ခင်းမှ ရိတ်သိမ်းပြီးချိန်အထိ တစ်ပါတည်းပါလာသော ပိုးမွှားဖြစ်ပါသည်။ အချို့ဂရုမစိုက်လျှင် သိုလှောင်သည်ထိပါလာပြီး ဖျက်ဆီးခံရပါသည်။ နှမ်းစိုက်ခင်းတွင် မရိတ်သိမ်းမီကတည်းက ကြိုတင်ကာကွယ်နှိမ်နင်းခဲ့မှသာ ထိရောက်မှုရှိပါသည်။ နှမ်းရိတ်သိမ်းပြီး နှမ်းစည်းများထောင်သော အချိန်တွင် နှမ်းစည်းများအတွင်း ခိုအောင်း၍ ပွားများမှု မြန်မြန်ဖြစ်ပေါ်ပြီး နှိမ်နင်း၍ မရနိုင်တော့ဘဲ ပျက်စီးဆုံးရှုံးမှု အလွန်များနိုင်ပါသည်။

နေကြာသီးနှံတွင် ပွင့်စားပိုးဖျက်ဆီးစားသောက်ခံရပါက အထွက်နှုန်း (၁၅-၂၀)ရာခိုင်နှုန်းထိ ကျဆင်းနိုင်ပါသည်။ ပွင့်စားပိုးသည် နေကြာပန်းဖူးပေါ်ချိန်မှ အပွင့်စုံချိန်အထိ ကျရောက်ဖျက်ဆီးနိုင်ပါသည်။ နေကြာရွက်စားပိုး၏ ဖလံအမသည် ညအချိန် အရွက်အပေါ်၊ အောက်မျက်နှာပြင်မှာ ဥအုံချပါသည်။ ပေါက်လာသော လောက်ကောင်ကလေးများသည် နေကြာပွင့်သို့ကူး၍ ဖျက်ဆီးစားသောက်ကြပါသည်။ ပိုးလောက်ကောင်တစ်ကောင်သည် နေကြာတစ်ပွင့်လုံးကို ဖျက်ဆီး စားသောက်ပစ်နိုင်ပါသည်။ ပန်းဖူးပေါ် စအချိန်တွင် လောက်ကောင်မပေါက်မီ ကြိုတင်ကာကွယ် နှိမ်နင်းမှု ပြုလုပ် စီမံထားမှသာ လျှင် ထိရောက်နိုင်ပါသည်။

ပဲမျိုးစုံတွင် ကျရောက်သော ပင်စည်ထိုးယင်(Stem Fly)သည် ပဲမျိုးအထွက်နှုန်းကို (၁၅-၂၀)ရာခိုင်းနှုန်းထိ ကျဆင်းနိုင်ပါသည်။ ပဲပင်ငယ်နှစ်ပတ်သားတွင် ကျရောက်ဖျက်ဆီးနိုင်ပါသည်။ ယင်ကောင်သည် အလွန်သေးငယ်ပြီး ပဲပင်စတင်ပေါက်လာကတည်းက ပဲခင်းထဲတွင် ပျံဝဲနေတတ်ပါသည်။ အလွန်သေးငယ်လွန်းသဖြင့် တောင်သူလယ်သမားကြီးများက မိမိပဲခင်းဖျက်ဆီးမည့်ပိုးဟုပင် သတိမပြုမိကြပေ။ ပဲပင်ငယ်စဉ်တွင် မြေကြီးနားကပ်လျက်ရှိသော ပင်စည်အစိတ်အပိုင်းကို ယင်မမှ ဥတုံးဖြင့် ပင်စည်ကိုထိုးဖောက်၍ ဥအုံချခဲ့ပါသည်။ ပင်စည်အတွင်းလောက်ကောင်များ ပေါက်လာသောအခါ ပင်စည်အတွင်းသားကို စားသောက်ဖျက်ဆီးပါသည်။ အဆိုပါပင်စည်ဒဏ်ရာနေရာမှ ပဲပင်ငယ်သည် ကျိုးကျ၍ အရွက် ခြောက်သေသွားပါသည်။ ဂရုမပြုမိဘဲ အချိန်မီကာကွယ်နှိမ်နင်းမှုမပြုလုပ်နိုင်ပါက (၅၀-၆၀) ရာခိုင်နှုန်းထိ အထွက်ကျဆင်းသွားနိုင် ပါသည်။ အပင်ပေါက်လာပြီး (၁၀)ရက်သားတွင် ကြိုတင်ကာကွယ် နှိမ်နင်းရန် သတိမူသင့်ပါသည်။

ပဲမျိုးစုံကို ဖျက်ဆီးတတ်သော နောက်ပိုးမွှားတစ်ကောင်မှာ ငမြှောင်တောင်ပိုး(Army Worm)ဖြစ်ပါသည်။ ငမြှောင်တောင်ပိုး ကျရောက်ဖျက်ဆီးခံရပါက အထွက်နှုန်း (၂၅-၃၀)ရာခိုင်နှုန်းထိ အထွက်ကျနိုင်သည်ဟု ဆိုပါသည်။ သီးနှံတစ်ခုတည်းမဟုတ်ဘဲ သီးနှံစုံကျရောက်ဖျက်ဆီးလေ့ရှိသဖြင့် ပိုးမွှား၏ ဘဝစက်ဝန်းမပြတ်နိုင်ဘဲ သီးနှံတစ်ခုမှ တစ်ခုသို့ ကူးပြောင်းကျရောက်ဖျက်ဆီးပြီး ဘဝရှင်သန်နေနိုင်ပါသည်။ ဆိုးရွားသော အခြေအနေတစ်ခု ဖြစ်ပေါ်ပါက ပိုမိုပေါက်ပွားမှု အလွန်မြန်၊ အလွန်များစွာ ဖြစ်ပေါ်ပြီး ဖျက်ဆီးစားသောက်ခံရမှု အလွန်များစေပါသည်။ အခင်းပြတ် ငုံးတိတိဖြစ်အောင် ကိုက်ဖြတ်ဖျက်ဆီးနိုင်သည့် အစွမ်းရှိပါသည်။ ယခုနှစ် ခေတ်စားလာသောဖော ငမြှောင်တောင်မျိုးသည် ပို၍ပင် ဆိုးရွားမှုဖြစ်စဉ်များ တွေ့မြင်ရပါသည်။

အစေ့ထုတ်ပြောင်းကို ဖျက်ဆီးစားသောက်သော ပိုးမွှားမှာ ဖြတ်ပိုး(Cut Worm)ဖြစ်ပါသည်။ ပင်ဖြတ်ပိုး ဖျက်ဆီးစားသောက်ခံရပါက အစေ့ထုတ်ပြောင်းအထွက်နှုန်း (၁၅-၂၅)ရာခိုင်နှုန်းထိ အထွက်ကျဆင်းနိုင်သည်ဟု ဆိုပါသည်။ ပြောင်းစိုက်ပျိုးပြီး အပင်ငယ်စဉ် နှစ်ပတ်သားတွင် ကျရောက်ဖျက်ဆီးနိုင်ပါသည်။ အကောင်ကြီးလာပါက ပြောင်းပင်ငယ် အပင်ခြေမှ ငုံးတိတိဖြစ်အောင် ကိုက်ဖြတ်ဖျက်ဆီးပစ်ပါသည်။ နေ့အချိန်တွင် အပင်ခြေရင်း မြေဆီလွှာအတွင်း ခိုအောင်းနေ၍ ညပိုင်းတွင် ထွက်ပြီး ကိုက်ဖြတ်ဖျက်ဆီးပါသည်။ လောက်ကောင်တစ်ကောင်သည် တစ်ညအတွင်း အပင်ငယ်ပေါင်းထောင်ချီ၍ ကိုက်ဖြတ်ဖျက်ဆီးပစ် နိုင်စွမ်းရှိပါသည်။ အစေ့မှ အပင်ပေါက်ပြီး တစ်ပတ်အတွင်း ကြိုတင် ကာကွယ် နှိမ်နင်းမှသာ ထိရောက်မှုရှိမည်ဖြစ်ပါသည်။

ချည်မျှင်ရှည်ဝါသီးလုံးပေါက်ပိုး(Boll Worm)သည် ကျရောက်ဖျက်ဆီးခံရပါက ဝါထွက်နှုန်း(၆၀-၈၀)ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ဟုဆိုပါသည်။ ချည်မျှင်ရှည်ဝါနှင့် သီးလုံးဖောက်ပိုးသည် ဖွားဘက်ဖြစ်ပါသည်။ အပွင့်စပွင့်ချိန်မှ သီးလုံးရင့်မှည့်ချိန်ထိ ကျရောက်နိုင်ပါသည်။ လောက်ကောင်ငယ်သည် အရွက်နု၊ အပွင့်တို့ကို စားသောက်ပြီး အသီးကိုထိုးဖောက်ဝင်၍ အသီးအတွင်းသား ချည်မျှင်နုနုများကို စားသောက်ဖျက်ဆီးပါသည်။ ဝါသီးတစ်လုံးမှ တစ်လုံးသို့ကူး၍ စားသောက်ဖျက်ဆီးပါသည်။ အသီး၏ဒဏ်ရာမှ မှိုများ၊ ဘက်တီးရီးယားများ ဝင်ရောက်၍ ချည်မျှင်များပျက်ဆီးဆုံးရှုံးစေပါသည်။ သီးလုံးဖောက်ပိုးသည် အသီးသီးသော သီးနှံအများစုတွင် ကျရောက်ဖျက်ဆီးလေ့ရှိသဖြင့် အထူးဂရုပြုရန် လိုအပ်ပါသည်။

ခရမ်းချဉ်တွင် ကျရောက်ဖျက်ဆီးသော ယင်ဖြူ (White Fly) သည် ကျရောက်ခံရပါက အထွက်နှုန်း (၁၅-၂၀)ရာခိုင်နှုန်းထိ ကျဆင်းနိုင်သည်ဟု ဆိုပါသည်။ မိုးရာသီတွင် ကျရောက်လေ့ရှိပြီး အပူချိန်နှင့် အစိုဓာတ်မှာ ယင်ဖြူပေါက်ဖွားမှုကို အားပေးပါသည်။ အထူးသဖြင့် ဇူလိုင် သြဂုတ်လများတွင် ခရမ်းချဉ်၌ ယင်ဖြူကျရောက်ခံရပါက ယင်ဖြူမှသယ်ဆောင်လာသောဗိုင်းရပ်စ်ပိုးကြောင့် အရွက်အညွှန့်များ တွန့်လိမ်သွားစေပါသည်။ ၎င်းရောဂါကျ ရောက်ခံရပါက အရွက်များနူသလိုဖြစ်သွားပြီး တဖြည်းဖြည်း ခြောက်သေသွားစေပါသည်။ ယင်ဖြူမပေါက်ပွားမီ ကြိုတင်ကာကွယ်ထားရန် အလွန်အရေးကြီးပါသည်။

သီးနှံစုံတွင် ကျရောက်သော ပျပိုး(Alphial)သည် သီးနှံတိုင်း၌ အထွက်နှုန်း (၁၅-၂၀)ရာခိုင်နှုန်းထိ ကျဆင်းနိုင်ပြီး ဖျက်ဆီးခံရမှု မြန်ဆန်ပါသည်။ လက်ဦးမှုရရှိအောင် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်မှသာ ပိုမိုထိရောက်မှုရှိနိုင်ပါသည်။

ဤသို့ပင် တောင်သူလယ်သမားကြီးများ စိုက်ပျိုးကြသော သီးနှံပင်တိုင်းတွင် ဖျက်ဆီးတတ်သည့် ပိုးမွှားများရှိကြပါသည်။ မိမိတို့ စိုက်ပျိုးကြသော ရိက္ခာသီးနှံများ ပိုးမွှားဖျက်ဆီး၍ ဆုံးရှုံးရမှုများမှ လွတ်မြောက်ကြစေရန်အတွက် ဘက်စုံပိုးမွှားကာကွယ် နှိမ်နင်းနည်းလမ်း အသုံးပြု၍ သတိရှိရှိဖြင့် ကြိုတင်ကာကွယ်နှိမ်နင်းကြပါရန် တိုက်တွန်းလိုက်ရပါသည်။

AR နည်းပညာသုံး တိုင်းရင်းသားဘာသာစကား စာအုပ်နှင့် အက်ပလီကေးရှင်း ထွက်ရှိ

မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ်၂၀၁၉ ၏ အရွေးချယ်ခံအသင်းသုံးသင်းမှ တစ်သင်းဖြစ်သော Blue Frog Company Limited ၏ AR နည်းပညာသုံး တိုင်းရင်းသားဘာသာစကားသင်ကြားရေး အစီအစဉ်စာအုပ်နှင့် အက်ပလီကေးရှင်း မိတ်ဆက်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ လှိုင်မြို့နယ် MICT Park ရှိ Kanaung Hub Incubation Center ၌ မေ ၂၂ ရက်တွင် ကျင်းပခဲ့သည်။

LELAR Book ဆိုသည်မှာ စာအုပ်နှင့် AR နည်းပညာကိုပေါင်းစပ်ထားသော ထုတ်ကုန်တစ်ခုဖြစ်ပြီး အသံဖိုင်များကိုနားထောင်နိုင်ခြင်း၊ ရုပ်ကြွများ ကြည့်ရှုနိုင်ခြင်း၊ သင်ကြားရေးဂိမ်းများ ဆော့နိုင်ခြင်း အစရှိသည့်လုပ်ဆောင်မှုများ ပါရှိကြောင်း၊ လက်ရှိတွင် ကရင်ဘာသာစကားကို လေ့လာနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် အခြားတိုင်းရင်းသားဘာသာစကားများကိုလည်း ထပ်မံထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Blue Frog Company Limited မှ သိရသည်။

ယခုမိတ်ဆက်လိုက်သည့် အက်ပလီကေးရှင်းနှင့် စာအုပ်တို့ကို မေ ၂၅ ရက် မှ စတင်ကာ ဝယ်ယူနိုင်ပြီဖြစ်ပြီး Blue Frog Company Limited၊ ဖုန်း ၀၉-၇၃၀၈၆၇၅၂၊ ၀၉- ၉၇၅၈၀၆၄၇၁ သို့ တိုက်ရိုက်မှာယူနိုင်ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကရင်တိုင်းရင်း သားရေးရာဝန်ကြီး နော်ပန်းသဠာမျိုး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်း ချုပ်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သန်းထိုက်အောင်

နိုင်ငံအဆင့် စက်ရုပ်ပြိုင်ပွဲ ဇွန် ၁ ရက်တွင် ကျင်းပမည်

မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံအဆင့် စက်ရုပ်ပြိုင်ပွဲဖြစ်သော Myanmar RoboLeague ကို ဇွန် ၁ ရက်တွင် ရန်ကုန်မြို့၊ သိမ်ဖြူ မိုးလုံလေလုံ ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲကို USAID က အဓိကပံ့ပိုးပြီး ဖန်တီးရာအဖွဲ့မှ ဦးစီးကာ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ပါမောက္ခအသင်းတို့နှင့်အတူ ပူးပေါင်း ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ ကျောင်းသားကျောင်းသူများအကြား စက်ရုပ်တည်ဆောက်ခြင်းနှင့် STEM ပညာရပ် (Science-သိပ္ပံပညာ၊ Technology- နည်းပညာ၊ Engineering -အင်ဂျင်နီယာပညာရပ်၊ Mathematics - သခ္ခါ ပညာရပ်)တိုးတက်ပြန့်ပွားရန် ရည်ရွယ်ကြောင်း သိရသည်။

Myanmar RoboLeague တွင် ပါဝင်ယှဉ်ပြိုင်မည့် တိုင်း/ပြည်နယ် ကိုယ်စားပြု တက္ကသိုလ်များစာရင်းမှာ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ ပြည်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်(ဗန်းမော်)၊ ကွန်ပျူတာ တက္ကသိုလ် (လွိုင်ကော်)၊ ကွန်ပျူတာ တက္ကသိုလ်(ဘားအံ)၊ နည်းပညာ တက္ကသိုလ်(ပခုက္ကူ)၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)၊ ကွန်ပျူတာ တက္ကသိုလ်(စစ်တွေ)၊ နည်းပညာ တက္ကသိုလ် (မုံရွာ)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၊ နည်းပညာတက္ကသိုလ် (မြိတ်)၊ ရန်ကုန် နည်းပညာတက္ကသိုလ် တို့မှ အသင်းများနှင့်အတူ နည်းပညာ တက္ကသိုလ်(သန်လျင်)၊ နည်းပညာ တက္ကသိုလ် (တောင်ကြီး)၊ ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ် တို့တွင် တက်ရောက်နေသော ချင်းတိုင်းရင်းသားများပါဝင်သည့် အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဟု သိရသည်။

ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများကို ရွေးချယ်ရာတွင် ဘာသာရပ်ငါးခု ပါဝင်သော မိနစ် ၉၀ အွန်လိုင်းမေးခွန်းများမှတစ်ဆင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲလက်မှတ်များကို Myanmar RoboLeague နှင့် ဖန်တီးရာ Facebook Page တို့တွင် အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်

နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရန် မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်း ဖွဲ့စည်း

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရန် မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်း (MCBA) ကို ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအသင်းကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ တရုတ်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး မေ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ တရုတ်သံအမတ်ကြီး နေအိမ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

"နှစ်နိုင်ငံကြားက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတွေကို ယခင်ထက်ပိုပြီး ဆောင်ရွက်နိုင်မယ့်အပြင် ရရှိလာမယ့် အသီးအပွင့်တွေကိုလည်း နှစ်နိုင်ငံလုံးက ပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ ခံစားရနိုင်မှာပါ။ နောက်ပြီး နှစ်နိုင်ငံရဲ့ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှုတွေကြောင့် ဖွံ့ဖြိုးတိုးတက်မှုကလည်း လျင်မြန်စွာ ပေါ်ထွက်လာမှာပါ"ဟု မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောသည်။

အသစ်ဖွဲ့စည်းလိုက်သည့် အသင်းအနေဖြင့် မြန်မြန်ဆန်ဆန် စွမ်းဆောင်ရည် အားကောင်းလာစေရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ပြီး ထိရောက်သည့် ရလဒ်ကောင်းများ ဖော်ဆောင်နိုင်ရန်လည်း မျှော်လင့်ထားကြောင်း၊ အဆိုပါအသင်းကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပြီး UMFCCI မှ ကိုယ်စားလှယ်လေးဦး၊ ကဏ္ဍပေါင်းစုံ ကိုယ်စားပြုလုပ်ငန်းရှင် ၁၂ဦးနှင့် CECCM မှ ကိုယ်စားလှယ် ၁၆ ဦးတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် ကုန်သည်ကြီးများ အသင်း တည်ထောင်ရခြင်းမှာ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်နိုင်ရန်အတွက် အိုင်တီနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ချောစု

အိုး/အိမ်ဌာနပိုင် တန်ဖိုးနည်းအိမ်ရာများကို နှစ်ရှည်ချေးငွေဖြင့် ရောင်းချသွားမည်

မြို့နယ်နှစ်ခုရှိ အိုး/အိမ်ဌာနပိုင် တန်ဖိုးနည်းအိမ်ရာများကို နှစ်ရှည်ချေးငွေဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမြို့နယ်များမှာ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ဖြစ်ပြီး တန်ဖိုးနည်းအိမ်ရာအခန်းပေါင်း ၁၃၀၀ ကျော်ကို ရောင်းချပေးရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ရှည်အရစ်ကျ ရောင်းချရာတွင် ဂျပန်နိုင်ငံ JICA ၏ ODA-Loan အ ရ အတိုးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး အိမ်ရာစုဆောင်းငွေ ပြည့်မီပြီးသူများအနေဖြင့် အိမ်ရာစီမံကိန်းတွင် ပါဝင်သည့် အဆောက်အအုံ အမျိုးအစားအလိုက် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

"အိမ်ရာစုဆောင်းငွေ ကျပ်သိန်း ၃၀ နဲ့အထက် ပြည့်မီသူတွေရဲ့စာရင်းကို CHID Bank က ပို့ပေးထားတယ်။ ဝယ်လိုသူတွေအနေနဲ့လည်း လာရောက်စာရင်းပေးရမှာဖြစ်ပြီး အခန်းအရေအတွက်ပေါ် အခြေခံပြီး ဘဏ်ကပေးပို့တဲ့ နံပါတ်စဉ်အလိုက် ရောင်းချပေးသွားမှာပါ"ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရောင်းချပေးသွားမည့် အိမ်ရာများမှာ လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းအိမ်ရာ အပိုင်း ၂၃ မှ အခန်းပေါင်း ၄၂၀၊ ကျန်စစ်မင်းအိမ်ရာ စီမံကိန်းမှ အခန်းပေါင်း ၄၂၀၊ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းမှ အခန်း ၅ ခန်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ယုဇနအိမ်ရာ အပိုင်း ၁၊ ၂ မှ အခန်းပေါင်း ၃၃၁ ခန်းနှင့် ကနောင်အိမ်ရာ စီမံကိန်းမှ အခန်း ပေါင်း ၂၂၀ ခန်းတို့ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် ကျပ် ၆၆ သိန်းမှ ၁၂၉ သိန်းအထိ အသီးသီးရှိကြောင်း သိရသည်။

ချောစု

ပြည်ပနိုင်ငံများသို့ ခြေဆန့်တော့မည့် မြန်မာ့ထန်းသီးဆန်

ယခုပြောင်းလဲတိုးတက်လာသော ခေတ်ကြီးနှင့်အညီ မြန်မာ့ထန်းသီးဆန်များလည်း ပြည်ပသို့ ခြေဆန့်ခွင့်ရပြီဖြစ်သည်။ ယခုအခါ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်မှာ ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ထန်းသီးဆန်များ ဝယ်ယူရန် ကုက္ကိုလ်စုကျေးရွာ၊ မြေဖြူ/မုံညင်းကျေးရွာ၊ သာစည်/နှောပင်ကျေးရွာနှင့် ပေါက္ကူ/ ရွာသစ်ကျေးရွာများ၌ အလုပ်ရုံခွဲများဖွင့်လှစ်ပြီး ဝယ်ယူသွားမည်ဖြစ်ကြောင်း ရေစကြိုမြို့နယ်ထန်းသီး ဆန်ရောင်းဝယ်ရေးတာဝန်ခံ ဦးအေးမင်းထွန်းက ပြောပြခဲ့သည်။ ထန်းတောများပေါသည့် ကျေးရွာပေါင်း ၂၀ ကျော်၌ ထန်းသီးဆန် ဝယ်ယူရန်အတွက် ရွာခံကိုယ်စားလှယ်များလည်း ထားရှိပြီး ဖြစ်သည်ဟုသိရှိရသည်။

ရေစကြိုမြို့နယ်အတွင်းရှိ ထန်းတက်သမားများ၊ အိမ်ရှိသက်ကြီးရွယ်အိုများနှင့် ကလေးငယ်များပါမကျန် အလုပ်အကိုင် အခွင့် အလမ်း တိုးတက်စေရန် နှင့် ထန်းပင်၊ ထန်းတောများ မျိုးသုဉ်း ပျောက်ကွယ်မှုမှ ကင်းဝေးစေရန် စသော ရည်ရွယ်ချက်များဖြင့် ယခုလို ထန်းသီးဆန် ဝယ်ယူခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုလိုဝယ်ယူနိုင်ရန် ဆောင်ရွက်နေသည်မှာ သုံးနှစ်လောက်ရှိနေပြီး ယခုဆိုလျှင် Green Morentum (GM) အမည်ဖြင့်ကုမ္ပဏီဖွင့်လှစ်ကာ မြင်းခြံမြို့၌ စက်ရုံတည်ထောင်ပြီး ၂၀၁၈ ခုနှစ်က တရုတ်နှင့် (၇) နှစ်စာချုပ် စတင်ဝယ်ယူ၍ တန် (၂၀) ကွန်တိန်နာ နှစ်လုံး တင်ပို့နိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်မှာတော့ တော်တော်များများ တင်ပို့နိုင်ရန်စီစဉ်ပြီးဖြစ်ကြောင်းလည်း သိရှိခဲ့ရသည်။ ယခုဆိုရင် ဥရောပနိုင်ငံများကပါ စိတ်ဝင်စားပြီး ကုမ္ပဏီကို ကမ်းလှမ်းထားပြီးဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဝယ်ယူသည့်နိုင်ငံများက ထန်းသီးဆန်ကို မည်သို့အသုံးပြုကြောင်း မေးမြန်းခဲ့ရာ သူတို့နိုင်ငံများတွင် သဘာဝထန်းသီးဂျယ်လီ အဖြစ် စားသုံးကြောင်း ရေစကြိုမြို့နယ် ထန်းသီးဆန်ရောင်းဝယ်ရေးတာဝန်ခံ ဦးအေးမင်းထွန်းက ပြောပြခဲ့သည်။ ယခုအခါမှာ ဗီယက်နမ်နိုင်ငံမှ ထန်းသီး ဆန်စည်သွတ်ဘူးများလည်း ပြုလုပ်ရောင်းချနေကြကြောင်း လေ့လာတွေ့ရှိခဲ့၍ သူတို့စက်ရုံတွင်လည်း စည်သွတ်ဘူးများ စမ်းသပ်ထုတ်လုပ်ရန်ရှိကြောင်း ပြောကြားခဲ့ပြီး ထန်းသီးဆန် ဝယ်ယူရာတွင် အဓိကလိုအပ်ချက်ဖြစ်သော ရေခဲကိုလည်း ထုတ်လုပ်နိုင်ရန်အတွက် ရေခဲစက်များ စမ်းသပ်တီထွင်ပြီးဖြစ်ကြောင်း ပြောပြခဲ့သည်။

ထန်းပင်တစ်ပင်တွင် ပျမ်းမျှနှုန်း ထန်းသီးလုံး ၂၃၀ ခန့်နှင့်အခိုင် ၁၀ ခိုင်ခန့်သီးကြောင်း၊ ထန်းလျက်ချက်ရန်အတွက် ထန်းရည်ယူရာတွင် ပိုသည့်ထန်းသီးခိုင်များကို ခုတ်ပစ်လိုက်ရာ စွန့်ပစ်ပစ္စည်းဖြစ်သွားသည့် ထန်းသီးလုံးများကို ယခုအခါတွင် ထန်းသီးဆန်အဖြစ် ခုတ်ထွင်ရောင်းချရသဖြင့် အပိုဝင်ငွေရရှိပြီး အခွံများကိုလည်း နွားစာအဖြစ်လည်းကောင်း၊ အခြောက်ခံ၍ လောင်စာအဖြစ်လည်းကောင်း သုံးစွဲနိုင်သောကြောင့် ပို၍ အဆင်ပြေလာကြောင်း ပြောကြားခဲ့သည်။

ထန်းသီးဆန် ဝယ်ယူရာတွင် ထန်းသီးလုံးကနေ ထန်းသီးဆန်အဖြစ် ဒဏ်ရာ၊ ဒဏ်ချက် မပါစေဘဲခွဲ၍ အပေါ်ယံအခွံများကိုပါ ဖယ်ရှားပေးရန်ဖြစ်ပြီး အဆန်ဖြူလေးများကိုသာ ဝယ်ယူခြင်းဖြစ်ကြောင်း၊ ဝယ်ယူရာတွင် တစ်ဆန်ကို ကျပ် ၂၀ ဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။ ယခုလို ဝယ်ယူသည့်အတွက် ထန်းတောင်သူများမှာ ထန်းလျက်သာမက ထုတ်ကုန်တစ်ခုအနေဖြင့် ရောင်းချနိုင်ခြင်းကြောင့် မိသားစု ဝင်ငွေလည်းတိုးလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာ၍ အဆင်ပြေလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ကြည်ကြည်စိုး (ပခုက္ကူ)

ပြည် မြကျောက်သရက် အရောင်းအဝယ် ဖြစ်နေ

ပြည်သစ်သီးဝလံစျေးကွက်တွင် ဒေသ ထွက် မြကျောက်သရက်သီးများ စျေးကွက်အတွင်း လှိုင်လှိုင် ဝင်ရောက်နေပြီး နယ်ဝယ်လက်များ အဝယ်ရှိခြင်းကြောင့် လက်လီ၊ လက်ကား အရောင်းရသွက်နေသည်။ နယ်သစ်သီးရောင်းဝယ်သူတို့က လက်ကားစျေး တစ်လုံး လျှင် (ချော) ကျပ် ၁၈၀၊ (လတ်) ကျပ် ၁၃၀ တို့ဖြင့် စျေးဖြတ်တင်ပို့နေကြကြောင်း သိရသည်။ ဒေသတွင်း လက်လီစျေး (ချော) ကျပ် ၃၀၀၊ (လတ်) ၂၀၀၊ ၂၅၀ ကျပ်တို့ဖြင့် နေ့စဉ် အရောင်းဝယ် သွက်လျက်ရှိသည်။ **နီနီဝင်း**

ကျိုက်မရောမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်း

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) ကျိုက်မရောမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်းအစည်းအဝေးကို ကျိုက်မရောမြို့နယ်၊ တရနာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မေ ၁၀ ရက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ်၊ တရနာကျေးရွာ အုပ်ချုပ်ရေးမှူး ဒေါ်မိသန်းဌေးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့အသင်းအဖွဲ့ ဖွဲ့စည်းခြင်းအား မိမိအနေဖြင့် ကြိုဆိုကြောင်း၊ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းက ပိုမိုထိရောက်ကြောင်း၊ ၎င်းအနေဖြင့် လိုအပ်သည့်ကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) အတွင်းရေးမှူး ဦးခိုင်ဦးက အသင်းဖွဲ့စည်းခြင်း၏ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် SMEs ချေးငွေချေး၍ ရကြောင်း၊ ချေးငွေရရှိလျှင် ဆန်စက်များအား အဆင့်မြှင့်တင်ပြီး အရည်အသွေးမြင့်သည့် ဆန်များကိုထုတ်လုပ်ကြရန်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) ကျိုက်မရောမြို့နယ်ဆန်စက် လုပ်ငန်းရှင်များအသင်းအတွက် အမှုဆောင်အသစ်များအား ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းကိုင် အပါအဝင် အဖွဲ့ဝင် ၁၁ ဦးအား ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။ **မိုးမိုး(မွန်)**

တောင်ငူခရိုင် စပါး၊ ပဲခြွေလေ့စက် ရောင်းချသည့် လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင် သည် မေ ၂၂ ရက်တွင် တောင်ငူခရိုင် ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာရှိ စပါး၊ ပဲခြွေလေ့စက် ထုတ်လုပ်ရောင်းချသူများအား ဦးသိန်းဝင်း၏ Sparrow အမှတ်တံဆိပ် စပါး၊ ပဲခြွေလေ့ လယ်ယာသုံးစက်မှုလုပ်ငန်း အလုပ်ရုံ၌ တွေ့ဆုံပြီး စားသုံးသူ ကာကွယ်ရေးဥပဒေ (၂၀၁၉)ပါ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက မိမိတို့ဦးစီးဌာနသို့ တိုင်ကြားလာသည့် အမှုများတွင် လယ်ယာသုံး စက်ဂိရိယာ၊ ရိတ်သိမ်းခြွေလေ့စက်များနှင့် ပတ်သက်၍ တိုင်ကြားလာမှုများပါကြောင်း၊ ပြည်ပနိုင်ငံများမှ ရိတ်သိမ်းခြွေလေ့စက်များ တင်သွင်းလာသည့် ကုန်ကျစရိတ်အပေါ် အဆမတန် အမြတ်တင်ရောင်းချခြင်းဖြင့် ကုမ္ပဏီများအနေဖြင့် တောင်သူလယ်သမားများသို့ အမြတ်အစွန်း အလွန်အကျွံရရှိရေးကို ဆောင်ရွက်နေခြင်းများ၊ ထုတ်လုပ်သည့် နိုင်ငံအမည်၊ လိပ်စာ၊ အမှတ်တံဆိပ်များကို ပြောင်းလဲ ဖော်ပြခြင်းများ ရှိကြောင်း ကုမ္ပဏီမှ သတင်းအချက်အလက်နှင့် ပတ်သက်၍ ပြည့်စုံစွာ ဖော်ပြခြင်းမရှိဘဲ ထိမ်ချန်ရောင်းချခြင်းများရှိကြောင်း၊ ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာသည် တောင်ငူခရိုင်အတွင်း တစ်ရွာတည်းသော ပြည်တွင်းဖြစ် ခြွေလေ့စက်များ ထုတ်လုပ်သည့် ကျေးရွာဖြစ်ကြောင်း၊ Sparrow အမှတ်တံဆိပ် စပါး၊ ပဲခြွေလေ့စက်သည် ဆယ်စုနှစ်တစ်ခုမက အောင်မြင်ခဲ့သည့် အလုပ်ရုံဖြစ်ကြောင်း၊ ဤအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းခြင်းဖြင့် မိမိကိုယ်တိုင် အကျိုးစီးပွားတိုးတက်မည့်အပြင် တစ်ဖက်မှလည်း အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုလျက်ရှိကြောင်း ပြောကြားသည်။

လုပ်ငန်းရှင်များက မိမိတို့၏ စပါး၊ ပဲခြွေလေ့ စက်များကို တစ်စီးလျှင် ကျပ် ၁၆ သိန်းဖြင့် ရောင်းချကြောင်း၊ ဒေသတွင်းအပြင် ရှမ်းပြည်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ မွန်ပြည်နယ်တို့အထိ မှာယူကြောင်း၊ တစ်နှစ် အာမခံပေးထားကြောင်း၊ အချို့ကို ရာသီသီးနှံပေါ်ချိန်၊ တချို့ကို တစ်နှစ်ဆိုင်းအထိ ရောင်းချပေးကြောင်း၊ အကြွေးဆုံးရှုံးမှုများမရှိကြောင်း ရှင်းလင်းတင်ပြသည်။ ရေတာရှည်မြို့နယ် သပြေတန်း ကျေးရွာတွင် ပြည်တွင်းဖြစ် စပါး၊ ပဲခြွေလေ့စက် ထုတ်လုပ်သည့်အလုပ်ရုံ ခြောက်ရုံရှိကြောင်း သိရှိရပါသည်။

စောသန်းထိုက်ကျော်

မဟာမြိုင်ဈေးနှင့် ပိုလ်မင်းရောင်ဈေးတို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး

ရန်ကုန် အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မြောက်ဒဂုံ မဟာမြိုင်ဈေးနှင့် ပိုလ်မင်းရောင်ဈေးတို့တွင် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးစည်ပင်သာယာရေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပူးပေါင်း၍ မေလတတိယပတ်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက်လည်းကောင်း၊ ဈေးသူဈေးသားများအား ဈေးတာဝန်ခံရုံးအသီးသီးတို့တွင် စားသုံးသူ ကာကွယ်ရေးအသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ မဟာမြိုင်ဈေးနှင့် ပိုလ်မင်းရောင်ဈေး တာဝန်ရုံးတို့၌ ဟောပြောဆွေးနွေးရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံး ဒု-ကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းက စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် အတည်ပြု ပြဋ္ဌာန်းထားသော ဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များ အခန်း(၁၈)တွင် ဖော်ပြထားသည့်ကုန်အည္ဆန်း အမှတ်အသား ဖော်ပြရာတွင် ပါဝင်ရမည့် အချက်များ၊ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်သူ ဈေးသူဈေးသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေရှင်းပေးခဲ့သည်။

ထို့နောက် မဟာမြိုင်စျေးစည်ပင်သာယာရေးဥက္ကဋ္ဌက ယခုလို စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူတို့နှင့် ထုတ်လုပ်သူတို့၏ အခွင့်အရေးနှင့်တာဝန်များ၊ ကုန်အည္ဆန်းအမှတ်အသား ဖော်ပြရာတွင် ပါဝင်ရမည့် မြန်မာဘာသာနှင့်ဖြစ်စေ၊ အခြားဘာသာနှင့် တွဲလျက်ဖြစ်စေ ဖော်ပြရမည့်အချက်များကို ယခုလိုအကျယ်တဝင့်သိရှိလိုက်ရသဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက်လည်း စျေးသူဈေးသားများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သော ဌာနဆိုင်ရာများ အတူတကွ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မဟာမြိုင်ဈေးနှင့် ပိုလ်မင်းရောင်ဈေးတို့တွင် လက်လီ၊ လက်ကားရောင်းချလျက်ရှိသော ကုန်မျိုးစုံနှင့် ကုန်ခြောက်ဆိုင်များ၊ မုန့်မျိုးစုံရောင်းချလျက်ရှိသော ဆိုင်များတွင်စားသုံးသူဘေး အန္တရာယ်ကင်းရှင်းစေရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိစေရေးအတွက် စုပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဈေးသူဈေးသားနှင့် ဈေးဝယ်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရပါသည်။ **တင်မင်း(ရန်ကုန်)**

အောင်ပန်းမြို့၌ ချင်းသီးနှံကုန်စည် ကွင်းဆက်တွင် ပါဝင်ဆက်စပ်သူများ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ် အောင်ပန်းမြို့ Hotel SS ကမ္ဘာ့ဇခန်းမတွင် ချင်းသီးနှံကုန်စည် ကွင်းဆက်တွင် ပါဝင်ဆက်စပ်သူများ၏အလုပ်ရုံဆွေးနွေးပွဲကို မေ ၉ ရက်မှ ၁၀ ရက်တို့တွင် ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း တက်ရောက် ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်သည် ချင်းသီးနှံကုန်စည် ကွင်းဆက်တွင် ပါဝင် ဆက်စပ်သူများအားလုံး ချင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ဖြန့်ဖြူး ရောင်းချသည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ Organic သီးနှံစိုက်ပျိုးမှုနည်းစနစ်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားသော လုပ်ငန်းစဉ်တိုင်းတွင် ကောင်းမွန်သော အလေ့အကျင့်ကောင်းများဖြင့်ချင်းနှင့် ဆက်စပ်ကဏ္ဍများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်သည်။

အဆိုပါ ချင်းသီးနှံကွင်းဆက်တွင်ပါဝင်ဆက်စပ်သူများ၏ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် မကွေး၊ ရှမ်း၊ နေပြည်တော်နှင့် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်မှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ VCRD,UNIDO, Ilo- VZF ,METRO ,Win Rock မှကိုယ်စားလှယ်များ၊ ဒေသခံစိုက်ပျိုးရေးကုမ္ပဏီများ၊ အောင်ပန်းကုန်သည်များနှင့် အမြို့မြို့အနယ်နယ်မှ ချင်းစိုက်တောင်သူ အစုအဖွဲ့များက တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **စောမောင် (တောင်ကြီး)**

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ လယ်ယာသုံး စက်ကိရိယာပစ္စည်း ရောင်းဝယ်ရေး ကုမ္ပဏီများအား တွေ့ဆုံ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနက မေ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲရုံးခန်း၌ လယ်ယာသုံး စက်ကိရိယာပစ္စည်းရောင်းချသော လုပ်ငန်းရှင်များအား အသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ လယ်ယာသုံးစက်ကိရိယာပစ္စည်းရောင်းချသည့် လုပ်ငန်းရှင် စုစုပေါင်း ၃၅ ဦး တက်ရောက်ကြသည်။

တက်ရောက်လာသော လုပ်ငန်းရှင်များအား စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးက လယ်ယာသုံးပစ္စည်းများ ရောင်းချမှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများ၊ စားသုံးသူ ကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးခြင်းခေါင်းစဉ်ဖြင့် စီးပွားရေးလုပ်ငန်းရှင်နှင့် သုံးစွဲသူ တောင်သူများအကြား မှန်ကန်သည့် သတင်းအချက်အလက်များ ကတိကဝတ်ပေးခြင်းဖြင့် အပြန်အလှန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းဖြင့် နှစ်ဦးနှစ်ဖက် ညီညွတ်မျှတမှုနှင့် အကျိုးအမြတ်ရှိသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ပေါ်စေရန် ရည်ရွယ်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

လယ်ယာသုံးစက်ကိရိယာများ ရောင်းချ သည့်ကုမ္ပဏီများအနေဖြင့် မိမိကုန်ပစ္စည်းရောင်းချရာတွင် ကြော်ငြာအားကောင်းစွာဖြင့် ရောင်းချပြီး အမှန်တကယ် ကြော်ငြာပါအချက်များအား ဆောင်ရွက်မပေးနိုင်ပါက အငြင်းပွားတိုင်ကြားမှုများ ဖြစ်နိုင်ကြောင်း၊ ထိုသို့ တိုင်ကြားလာပါက စားသုံးသူကာကွယ်ရေးဥပဒေနှင့် ငြိစွန်းနေ၍ ဖြေရှင်းပေးရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည်များ အပြန်အလှန် မေးမြန်းဆွေးနွေးမှုများအား တိုင်းဒေသကြီးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

သီတာဝင်း (စားသုံးသူ - မန္တလေး)

ခင်ဦးမြို့နယ်အတွင်းရှိ ရေသန့်စက်ရုံများအား ရှောင်တခင်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အတွင်းရှိ ရေသန့်စက်ရုံများအား စားသုံးသူရေးရာဦးစီးဌာန ရွှေဘိုခရိုင်၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငွေဦးဆောင်၍ ခင်ဦးမြို့နယ် မြို့နယ်တာဝန်ခံ ဦးဌေးတင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မြို့နယ်မှူး ရဲမှူးကျော်တင့်၊ မြို့နယ်ကုသရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဦးလွင်မိုးဇော်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီမှ အဖွဲ့ဝင်ဦးဇော်ထိန်လင်း၊ ဒုတိယဦးစီးမှူး ဒေါ်မာမာအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ခင်ဦးမြို့၊ အောင်မင်္ဂလာရပ်ကွက်ရှိ Chit Chit Khit Khit ရေသန့်စက်ရုံနှင့် မြကန်သာရပ်ကွက်ရှိ Usually ရေသန့်စက်ရုံတို့အား မေ ၁၅ ရက်မှ စတင်၍ရှောင်တခင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါအဖွဲ့သည် ရေသန့်စက်ရုံများတွင် သတ်မှတ်ထားသည့်လုပ်ငန်းလိုင်စင်များ ရှိ/မရှိ၊ လုပ်ငန်း လိုင်စင်များအား အများမြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရှိမှု ရှိ/မရှိ၊ ရေ၏ အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ/မရှိနှင့် ရေသန့်ထွက်သည့်ဘူးကြီးများတွင် ရေညှိများပါဝင်မှု မရှိစေရေး ဘူးအကြမ်းဆေးမှစ၍ အဆင့်ဆင့် ဆေးကြောသန့်စင်နေမှုများကိုစစ်ဆေးဆောင်ရွက်ခဲ့သည်။ **ဌေးတင့် (ခင်ဦး)**

မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတွင် ပါဝင်သည့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်နှင့်အကောက်ခွန်ဦးစီးဌာန၊ ခရိုင်ပြည်သူ့ရဲဦးစီးဌာနတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့ ပုလဲလမ်း၊ စေ့ားတန်းရပ်ရှိ ရွှေသရဖူပုဂ္ဂလိက ဆေးရုံရှိ ဆေးဆိုင်၊ မြိတ်မြို့ ပုလဲလမ်း၊ မြစ်မရပ်ရှိဦးစိုးနိုင်ဆေးဆိုင်၊ မင်္ဂလာလမ်း၊ အလယ်ကျွန်းရပ်ရှိ ကိုစိုးနိုင်(၁) ဆေးဆိုင်၊ ဘုရားကိုင်လမ်း၊ စက်ဝင်းရပ်ရှိ ကိုအောင်နိုင်ဆေးဆိုင်၊ မြနန္ဒာလမ်း၊ ကန်ခေါင်းရပ်ရှိ မောင်ထွေး ဆေးဆိုင်သို့သွားရောက်၍ သုံးစွဲရန်သင့်/မသင့် ကြေညာထားသောဆေးဝါး၊ တရာမဝင်လိုင်စင်မဲ့၊ သက်တမ်းကုန်ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သုံးစွဲရန်သင့်/မသင့်ကြေညာထားသော ဆေးဝါး၊ တရားမဝင် လိုင်စင်မဲ့၊ သက်တမ်းကုန် ဆေးဝါးများရောင်းချခြင်းမရှိကြောင်း တွေ့ရှိရသည်။ **ကျော်ဝင်းနိုင် (မြိတ်)**

ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် စားသုံးသူ ရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် စေ့ားကွက်အတွင်းရှိထုတ်ကုန်များ စိတ်ချလုံခြုံမှုရှိလာစေရေးအတွက် စားသုံးသူပြည်သူများ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများနှင့် ကွင်းဆင်း စစ်ဆေးဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်တွင် ဝက်လက်မြို့နယ် တာဝန်ခံ ဦးမျိုးအောင်နှင့် အဖွဲ့သည် ရွှေပန်းကုန်းကျေးရွာရှိ ရေလည်သိမ်ဘုရားဝင်းအတွင်းရှိ ကျေးရွာသူ/ကျေးရွာသား၊ တောင်သူ ၂၅၀ ဦးအား မိတ်ဖက်ဌာနများဖြစ်သော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ကျေးရွာစားသုံးသူရေးရာ အဖွဲ့များဖြင့် ပူးပေါင်း ၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဝက်လက်မြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဦးမျိုးအောင်က မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သော စားသုံးသူကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များမှ စားသုံးသူတို့၏ ရရှိခံစားနိုင်သည့် အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်နှင့်ဝတ္တရားများ တားမြစ်ချက်များကို ဆွေးနွေး ဟောပြောဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံဦးမျိုးအောင်နှင့်အဖွဲ့သည် ကျေးရွာစားသုံးသူရေးရာအဖွဲ့များဖြင့် စည်ပင်စေ့ားအတွင်းရှိ ကုန်စုံဆိုင်များသို့ စားသုံးသူများအား ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စေ့ားကွက်အတွင်းရှိ ရောင်းချမှုမရှိစေရေးအတွက် စိစစ်ပညာပေး ဆောင်ရွက်ပြီး ဓာတုဆိုးဆေးပါဝင်သည်ဟု ယူဆရသော ငရုတ်သီးအရောင်တင်မှုန့်၊ နန္တင်းမှုန့်များ၊ ရောင်စုံ ဂျယ်လီဘူးများနှင့်အချိုရည်ဘူးများ စစ်ဆေးတွေ့ရှိရာ အဆိုပါ စားသောက်ကုန် များသည်အာမခံချက် မရှိ၍စားသုံးသူများအား ဘေးဥပဒ်အန္တရယ် ဖြစ်စေနိုင်သောကြောင့် စေ့ားကွက်အတွင်း ဆက်လက် ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ခဲ့သည်။

အဆိုပါကျေးရွာအုပ်စုအတွင်းရှိ စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့ပါက တင်ပြတောင်းဆိုနိုင်ရေးအတွက် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် စည်ပင်စေ့ားသို့ စားသုံးသူတိုင်ကြားမှု လက်ခံစာတိုက်ပုံးများထားရှိ ဆောင်ရွက်ခဲ့သည်။ **မျိုးအောင်**

စားသုံးသူ ကာကွယ်ရေး ဥပဒေများအကြောင်း ရှင်းလင်းဟောပြော

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၅ ရက်တွင် စစ်ကိုင်းခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SDCCI) သည် စစ်ကိုင်းခရိုင် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စီးပွားရေး လုပ်ငန်းရှင်များသို့ လည်းကောင်း၊ မေ ၇ ရက်တွင် မြောင်မြို့နယ်သာသနာ့ပါလမ္ဘာရုံ၌ မြောင်မြို့နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်များသို့လည်းကောင်း၊ မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရွှေပြည်သစ်ခန်းမတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များသို့လည်းကောင်း စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ထုတ်ပြန်သောစားသုံးသူ ကာကွယ်ရေးဥပဒေသစ်နှင့် ယှဉ်ပြိုင်မှု ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ခင်စောဝင်း (စစ်ကိုင်း)

ဖျာပုံမြို့ရှိ မူလတန်းကျောင်းအုပ်များအား စားသုံးသူအသိပညာပေးဟောပြော

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမိုးမင်းသန်းနှင့် ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၂ ရက်တွင် ဖျာပုံမြို့၊ အ-ထ-က(၂)သင်တန်းခန်းမ၌ မူလတန်းကျောင်းအုပ် ဆရာ၊ ဆရာမများအား စားသုံးသူ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် တာဝန်ခံ ဦးမိုးမင်းသန်းက ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စျေးကွက်အတွင်းကွင်းဆင်းစစ်ဆေးနေမှု အခြေအနေများ၊ အသိပညာပေး ဆောင်ရွက်နေမှုတွင် (CICC) တိုင်ကြားမှု လက်ခံ ဖြေရှင်းဆောင်ရွက်နေမှုများအားလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးဇင်မျိုးဟန်က ပလတ်စတစ်အိတ်များ စွန့်ပစ်ခြင်းနှင့် မီးရှို့ခြင်းကြောင့် ထိခိုက်မှု အန္တရာယ်အကြောင်းအရာများ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန် ဆောင်ရွက်မှုနည်းလမ်းများအားလည်းကောင်း၊ ဒုတိယမြို့နယ်တာဝန်ခံ ဦးမင်းဇော်က ၂၀၁၉ ခုနှစ်၊ စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်းအရာများနှင့် Online Shopping နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော Website များကိုသာ အသုံးပြုကြရန်နှင့် လုပ်ငန်းတည်နေရာ၊ လိပ်စာ တိကျစွာဖော်ပြပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်၊ Fax တို့အား အမှန်တကယ်ဖော်ပြထားသော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အခြားဝယ်ယူသုံးစွဲသူများ၏ ထောက်ခံအားပေးမှုကို ရရှိထားသော Website နှင့် Facebook Page များတွင်သာ ဝယ်ယူသုံးစွဲကြရန် အကျယ်တဝင့် ရှင်းလင်းအသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ကျောင်းဆရာ/ဆရာမများ၊ ကျောင်းတာဝန်ခံများ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့သည်။

မင်းဇော်မွန် (ဖျာပုံ)

သန့်ရှင်းသော သောက်သုံးရေဖူလုံစေရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ကလေးမြို့နယ်စည်ပင်သာယာရေး ကော်မတီက ဦးဆောင်ပြီး ဌာနပေါင်းစုံ၊ လူမှုရေးအဖွဲ့အစည်းပေါင်းစုံ၊ ပါတီပေါင်းစုံပါဝင်ပြီး ကလေးမြို့ မြို့တော်ခန်းမအတွင်း၌ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၂ ရက်တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။ ရေပြတ်လပ်မှုများကို ဘယ်လိုကုစားကြမလဲ၊ ဘယ်လိုအစီအမံတွေနဲ့ ဆောင်ရွက်သင့်လဲ၊ စီမံချက်တွေ ဘယ်လိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမလဲ နောင်နှစ်တွေမှာ ယခုကဲ့သို့ ရေပြတ်လပ်မှုမရှိအောင် ဘယ်လိုလုပ်ကြမလဲစသည်ဖြင့် အလုပ်ရုံဆွေးနွေးပွဲမှ မည်ကဲ့သို့ အဖြေရှာမလဲ စသည်တို့ဆွေးနွေးကြမည်ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးကမ်ဇာမိုကပြောကြားခဲ့ကြောင်း သိရှိရသည်။

ကလေးမြို့တွင် ရေလျှံတွင်းဇုန်မှာပါဝင်သည့် ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၀ ရှိကြောင်း၊ ရေလျှံကျမှုမဖြစ်စေရန် ပိုက်ထောင်ဂိတ်ဘား တပ်ဆင်ခြင်းများပြုလုပ်ပြီး ရေလေလွင့်ဆုံးရှုံးမှုမဖြစ်စေဘဲ ရေကို လိုသလောက်သာ သုံးစွဲကြရေးအတွက် ရေသယံဇာတလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကာကွယ်တားဆီးကြရန် လိုအပ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချရေး စီမံခန့်ခွဲရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းကလည်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ကလေးမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စုများတွင် ရေပြတ်လပ်မှုဖြစ်ပေါ်ပါက သောက်သုံး ရေဖြန့်ဝေပေးရေးအတွက် ရေသယံဇာဉ်များကို မြို့နယ်စည်ပင်သာယာရေးမှ တစ်စီး၊ မြို့နယ်မီးသတ်ယာဉ် သုံးစီး၊ ကလေးလွင်ပြင် ရေအလှူတော်ယာဉ်တစ်စီး၊ ပင်လုံအရန်မီးသတ်ယာဉ် တစ်စီး၊ တာဟန်းအရန်မီးသတ်ယာဉ်တစ်စီး၊ ကလေးစက်မှုဇုန်မှ တစ်စီးတို့ဖြင့် ရေပြတ်လပ်မှုဖြစ်ပေါ် သည့်ဒေသများသို့ ရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးညီညီက တင်ပြခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများ၏ ဆောင်ရွက်ချက်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တင်ပြချက်များ၊ ပြည်သူတို့၏ လိုလားချက်များကိုပေါင်းဖက်ပြီး ကလေးမြို့နယ်အတွက် အသင့်တော်ဆုံးနှင့် အကောင်းဆုံးအခြေအနေများ ရောက်ရှိအောင် ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲ၏ရလဒ်များ တင်ပြချက်များကိုလည်း မြို့နည်စည်ပင်သာယာရေး ကော်မတီမှ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချို ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရှိရသည်။

အဲနီ (ကလေး)

စာသုံးရန်သင့်/မသင့် စားသောက်ကုန်ပစ္စည်းများအား Mobile Lab ဖြင့် စစ်ဆေးအရေးယူ

စစ်ကိုင်းတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)က ဦးဆောင်၍ မိတ်ဖက်ဌာနများဖြစ်သော စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးနှင့် စျေးစားသုံးသူရေးရာအဖွဲ့ဝင်များ ပူးပေါင်းကာ မုံရွာမြို့ပေါ်ရှိ စျေးများအား မေ ၇ ရက်တွင် သီရိရတနာစျေး(စျေးဟောင်း)၊ မေ ၂၂ ရက်တွင် သာစည်စျေးသို့ ကွင်းဆင်းပြီး Mobile Laboratory Vanဖြင့် စားသောက်ကုန်များအား စစ်ဆေးခဲ့သည်။

စျေးအတွင်းရောင်းချနေသော လက်ဖက်/ချင်းချဉ်၊ သရက်ချဉ်၊ ပဲတီချဉ်၊ နှမ်းဖတ်ချဉ်၊ ငါးပိ၊ ဝက်အူချောင်း၊ ကွမ်းသီး၊ ကြက်သွေးခဲ၊ ပဲပြား၊ မုန့်ဟင်းခါး/မုန့်တီဖက် စသည်တို့ကို သီရိရတနာစျေးအတွင်း ရောင်းချနေသော စျေးဆိုင် ၂၅ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၄၅ မျိုး နမူနာကောက် ဝယ်ယူစစ်ဆေးခဲ့ရာ ကြက်သွေးခဲတွင် တားမြစ်ဓာတုပစ္စည်း Formalin ပါဝင်ကြောင်း စစ်ဆေး တွေ့ရှိခဲ့သည်။ သာစည်စျေးအတွင်း ရောင်းချနေသော စျေးဆိုင် ၂၂ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၅၃မျိုး နမူနာ ကောက်ဝယ်ယူစစ်ဆေးခဲ့ရာ ပဲပြားတွင် တားမြစ်ဓာတုပစ္စည်း Formalin ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

တားမြစ်ဓာတုပစ္စည်း Formalinပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရသည့် စျေးဆိုင်များမှ ရောင်းချနေဆဲ စားသောက်ကုန်ပစ္စည်းများကို သိမ်းဆည်းပြီး ဆိုင်ရှင်များအား ၎င်းပစ္စည်း ဝယ်ယူရာ ပင်ရင်းနေရာများကို မေးမြန်းခြင်း၊ ၎င်းပစ္စည်းများကို နောင်မရောင်းချရန် ဝန်ခံကတိလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းသန်းတင် (မုံရွာ)

ယင်းမာပင်မြို့နယ်၊ အမှတ်(၂၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး

ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင် ဦးဆောင်၍ ဝန်ထမ်းများသည် မေ ၂၀ ရက်နံနက်၁၀ နာရီတွင် အမှတ်(၂၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲတွင် စားသုံးသူကာကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ ကျင်းပဆောင်ရွက်ရာ ၁၅၀ ဦး တက်ရောက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဒုတိယရဲမှူးကြီး ရဲခေါင်က မိမိတို့တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအား ယခုကဲ့သို့စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ခြင်းအတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ အခြေခံ စားသုံးသူအစ မီးဖိုချောင်ကဖြစ်သလို ဆောင်ရန်၊ ရှောင်ရန်များနှင့် စားသုံးသူနစ်နာက တိုင်ကြား၍ အခွင့်အရေးများရယူနိုင်ကြောင်းနှင့် ဝန်ဆောင်မှုဆိုင်ရာများပါ သိရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက စားသုံးသူကာကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး ခရိုင်အတွင်းရှိ စျေး/ရပ်ကွက်စျေးဆိုင်များတွင် သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ စျေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။ ၂၀၁၄ ခုနှစ်မတ်လ ၁၄ ရက်ထုတ် ဥပဒေတွင် စားသုံးသူအခွင့်အရေး(၅)ချက်နှင့် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်ထုတ်ဥပဒေသစ်တွင် စားသုံးသူအခွင့်အရေးရှစ်ချက်ပါဝင်ပြီး အခန်း(၁၈)ပါ ဥပဒေများသည် တစ်နှစ်ပြည့်ကအတည်ပြုမည်ဖြစ်သည်။

အထူးသဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် မြန်မာလူမျိုးများ နားလည်သော ကုန်အမှတ်၊ အညွှန်း၊ အထောက်အထား၊ သတင်းအချက်အလက်များကို မြန်မာစာသားဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့် မြန်မာဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန် ဥပဒေသစ်ထုတ်ပြန်ထားကြောင်း၊ စားသုံးသူများ အနေဖြင့် မိမိစားသုံးမှု၊ အသုံးပြုမှု ကုန်ပစ္စည်းဝန်ဆောင်မှုများတွင် နစ်နာမှုရှိ၍ တိုင်ကြားပါက CICC စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ စာတိုက်ပုံးများတွင် တိုင်ကြားစာများ ထည့်နိုင်ကြောင်းနှင့် စားသုံးသူကာကွယ်ပေးရေး ဆောင်ရွက်မှုအတွက် အဖွဲ့အစည်းဌာနဆိုင်ရာ ပြည်သူအားလုံး ပူးပေါင်းပါဝင် ကူညီစေလိုကြောင်း ပြောကြားပြီး ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

ခိုင်မိုမို(မြင်းမူ)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဝင်ငွေအများဆုံး ကစားသမားများနှင့် နည်းပြများစာရင်းထုတ်ပြန်

လက်ရှိ ကမ္ဘာ့ဘောလုံးလောကတွင် ကျင်လည်ပြီး အောင်မြင်နေသည့် ကစားသမားများနှင့် နည်းပြများထဲမှ လစာဝင်ငွေ အများဆုံး ကစားသမားများနှင့် နည်းပြများစာရင်းကို စစ်တမ်းကောက်ထုတ်ပြန်မှုကို စပိန် မာကာသတင်းစာက ဖော်ပြလိုက်သည်။

တစ်နှစ်တာ ဝင်ငွေအများဆုံး ကစားသမားထဲတွင် ဘာစီလိုနာအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီက တစ်နှစ်ဝင်ငွေ ယူရိုသန်း ၁၃၀ ဖြင့် ထိပ်ဆုံးက ဦးဆောင်နိုင်ပြီး ဂျူဗင်တပ်အသင်းမှ ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုက ယူရို ၁၁၃ သန်းဖြင့် ဒုတိယလိုက်နေသည်။

ဝင်ငွေအများဆုံး တတိယနေရာတွင် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာက ယူရို ၉၁ ဒသမ ၅ သန်း၊ အက်သလက်တီကိုအသင်းမှ ပြင်သစ် တိုက်စစ်မှူး ဂရက်ဇ်မန်းက ယူရို ၄၄ ဒသမ ၅ သန်းဖြင့် စတုတ္ထနေရာတွင်ရှိနေပြီး ရီးရဲလ်မက်ဒရစ်အသင်းမှ ဝေးလ်တောင်ပံကစားသမား ဂါရက်ဘေးလ်က ယူရို ၄၀ ဒသမ ၂ သန်းဖြင့် ပဉ္စမနေရာတွင် အသီးသီး ရှိနေကြသည်။

တစ်နှစ်တာ ဝင်ငွေအကောင်းဆုံး နည်းပြများကို ဖော်ပြထားရာတွင် အက်သလက်တီကို အသင်းနည်းပြ ဆီမြွန်နီက ယူရို ၄၁ ဒသမ ၂ သန်းဖြင့် ထိပ်ဆုံးနေရာတွင်ရှိနေပြီး မန်ယူအသင်း နည်းပြဟောင်း မော်ရင်ဟိုက ယူရို ၃၁ သန်းဖြင့် ဒုတိယ၊ မိုနာကို အသင်းနည်းပြဟောင်း ဟင်နရီက ယူရို ၂၅ ဒသမ ၅ သန်းဖြင့် တတိယ၊ မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာက ယူရို ၂၄ ဒသမ ၁ သန်းဖြင့် စတုတ္ထ၊ ဘာစီလိုနာအသင်း နည်းပြ ဗယ်ဗာဒီက ယူရို ၂၃ သန်းဖြင့် ပဉ္စမ စသည်ဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

မန်ယူအသင်း ပါရီဆစ်ကို ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူမည်

မန်ယူအသင်းသည် အင်တာမီလန်အသင်းမှ ခရိုအေးရှားတိုက်စစ်မှူး ပါရီဆစ်ကို ပေါင်သန်း ၃၀ ဖြင့်ခေါ်ယူရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မန်ယူအသင်းသည် တိုက်စစ်မှူး လူကာကူကို ထုတ်ရောင်းသွားတော့မည်ဖြစ်ရာ ၎င်း၏နေရာတွင် ပြန်လည်အစားထိုးနိုင်ရန်အတွက် အင်တာမီလန်အသင်း တိုက်စစ်မှူး ပါရီဆစ်ကိုခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

ပါရီဆစ်သည် ဘရာဂျက်၊ ဒေါ့မွန်နှင့် ဝုဖ်ဘတ်အသင်းတို့တွင် ကစားခဲ့ဖူးပြီး ၂၀၁၅ ခုနှစ်တွင် အင်တာမီလန်အသင်းသို့ ရောက်ရှိလာသူ ဖြစ်သည်။ ခရိုအေးရှားလက်ရွေးစင်တစ်ဦးဖြစ်သူ ပါရီဆစ်သည် အင်တာမီလန်အသင်းတွင် အဓိကတိုက်စစ်မှူးအဖြစ် ပါဝင်ခွင့်မရရှိသော်လည်း ၁၃၉ ပွဲတွင် ၃၇ ဂိုး သွင်းပေးထားသည်။

အခြားတစ်ဖက်တွင် မန်ယူအသင်းသည် အေစီမီလန်အသင်းမှ အီတလီဂိုးသမား ဒွန်နာရန်မာကို ခေါ်ယူရန်လည်း ကမ်းလှမ်းမှုများပြုလုပ်နေကြောင်း သိရသည်။

မန်ယူအသင်း၏ လက်ရှိဂိုးသမား ဒီဂီယာသည် အသင်း၏ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို ငြင်းပယ်ထားခြင်းကြောင့် မန်ယူအသင်းသည် ဂိုးသမားနေရာအတွက် ကစားသမားသစ်တစ်ဦးကို မဖြစ်မနေ ခေါ်ယူရတော့မည်ဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ဒွန်နာရန်မာကိုခေါ်ယူရန် ကမ်းလှမ်းလာခြင်း ဖြစ်သည်။ ဒွန်နာရန်မာသည် လူငယ်ကစားသမားဘဝကို နာပိုလီအသင်းမှ စတင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အေစီမီလန်လူငယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အေစီမီလန်အသင်းကြီးသို့ ပြောင်းရွှေ့ ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

၂၀၁၉-၂၀၂၀ ပရီးမီးယားလီဂ် စည်းမျဉ်းသစ် ပြောင်းလဲမည်

အင်္ဂလန်ပရီးမီးယားလီဂ်၏ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် စည်းမျဉ်းအသစ်များကို စတင်ပြောင်းလဲ အသုံးပြုသွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်လိုက်ပြီဖြစ်သည်။

အင်္ဂလန် ပရီးမီးယားလီဂ်အတွက် စည်းမျဉ်းသစ်မှာ ခြောက်ခုအထိ ပြောင်းလဲအသုံးပြုသွားရန်ရှိနေသည်။ အဆိုပါ စည်းမျဉ်းသစ်များတွင် လက်ထိဘောနှင့်ပတ်သက်၍ စည်းမျဉ်းပြောင်းလဲမှု၊ အလွတ်တည်ကန်ဘောနှင့်ပတ်သက်၍ စည်းမျဉ်းပြောင်းလဲမှု၊ ပင်နယ်တီ ပြစ်ဒဏ်ဘောနှင့်ပတ်သက်၍ စည်းမျဉ်းပြောင်းလဲမှု၊ လူစားလဲမှုနှင့်ပတ်သက်၍ စည်းမျဉ်းပြောင်းလဲမှု၊ နည်းပြများအတွက် အဝါကတ်၊ အနီကတ်နှင့်ပတ်သက်၍ စည်းမျဉ်းပြောင်းလဲမှု၊ ဒိုင်ဘောနှင့်ပတ်သက်၍ စည်းမျဉ်း ပြောင်းလဲမှုတို့ပင်ဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် လက်ထိဘောဖြစ်သည့် အခြေအနေများကို သေသေချာချာ စစ်ဆေးသွားမည်ဖြစ်ပြီး ရည်ရွယ်ချက်မပါဘဲ မတော်တဆ လာထိသည့် လက်ထိဘောများကို ပင်နယ်တီပေးတော့မည် မဟုတ်ကြောင်း သိရသည်။ ထို့အပြင် တမင်သက်သက်ဖြစ်စေ၊ မတော်တဆ ဖြစ်စေ လက်နှင့် ဂိုးသွင်းယူမိခြင်းမျိုး၊ လက်နှင့် ဂိုးဖန်တီးပေးမှုမျိုးများကိုလည်း ခွင့်ပြုပေးတော့မည်မဟုတ်ဘဲ လက်ထိဘောအဖြစ်သာ သတ်မှတ်ပေးသွားမည်ဖြစ်သည်။ အလွတ်တည်ကန်ဘော ကန်ရာတွင် အသင်းဖော်များကို ပြိုင်ဘက်ကစားသမားများ၏ ခံစစ်တံတိုင်းနှင့်ရောရှောရပ်သည်ကို ခွင့်ပြုပေးတော့မည် မဟုတ်ကြောင်းနှင့် အဆိုပါခံစစ်အတိုင်း၏ တစ်မီတာအတွင်းတွင် ပြိုင်ဘက်ကစားသမားများ ရပ်နေရ မရတော့ကြောင်း သိရသည်။

ပင်နယ်တီ စည်းမျဉ်းအသစ်မှာ ပင်နယ်တီကန်သွင်းတော့မည့် အချိန်တွင် ဂိုးသမားအနေဖြင့် ဂိုးစည်းပေါ်တွင် အနည်းဆုံး ခြေထောက်တစ်ဖက် ထိထားရမည်ဖြစ်သလို ပင်နယ်တီ ကန်သွင်းယူတော့မည့်အချိန်တွင် ဂိုးသမားသည် ဂိုးစည်းပေါ်၌ ဟိုဘက်ဒီဘက် လျှောက်သွားနေခြင်းမျိုး၊ ဂိုးတိုင်ကို သွားထိခြင်းမျိုးကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း သိရသည်။

အနိုင်ရထားသည့် အသင်းက ပွဲပြီးခါနီး လူစားလဲရာတွင် အချိန်ဆွဲခြင်းများကို လျှော့ချနိုင်ရန်အတွက် လူစားလဲမှု စည်းမျဉ်းသစ်ကို ထည့်သွင်းလာခြင်းဖြစ်သည်။ စည်းမျဉ်းသစ်အရ လူစားလဲခံရသည့် ကစားသမားသည် ယခင်ကကဲ့သို့ လူစားလဲမည့် ဧရိယာအထိ လျှောက်လာစရာမလိုတော့ဘဲ ၎င်းနှင့် အနီးစပ်ဆုံးနေရာမှ ကွင်းပြင်သို့ ထွက်ခွာရမည်ဖြစ်သည်။ လာမည့်ရာသီတွင် နည်းပြများအတွက် စည်းမျဉ်းသစ်များလည်း ပါဝင် လာသည်။ တာဝန်ရှိဒိုင်လူကြီးများ၏ စိတ်ရှည်သည်းခံမှုကို သွားစမ်းသပ်သည့် မည်သည့်နည်းပြမဆို အဝါကတ်၊ အနီကတ်ပြ အပြစ်ပေးခံရမည်ဖြစ်သည်။ ကွင်းအပြင် နည်းစနစ်ဧရိယာတွင် ဆိုးရွားသည့် အပြုအမူများအတွက် အဝါကတ်နှင့် အနီကတ်များ ပြသခံရမည်ဖြစ်သည်။

Drop Balls ခေါ် ဒိုင်ဘောတွင် ဘောလုံးကို ဦးရာလူယူစေဆိုသည်မျိုး မဟုတ်တော့ဘဲ နောက်ဆုံးဘောလုံးထိခဲ့သည့် အသင်းကသာ ဘောလုံးနှင့် ပြန်လည်စတင်နိုင်တော့မည်ဖြစ်သည်။ သို့သော် ဒိုင်လူကြီးအနေနှင့် ပင်နယ်တီဧရိယာထဲတွင် ပွဲကို ရပ်တန့်လိုက်ရပါက အဆိုပါဧရိယာက ဂိုးသမားကိုသာ ဘောလုံးပေးပြီး ပွဲကို ပြန်လည်စတင်သွားရမည်ဖြစ်ကြောင်း သိရသည်။

အသင်းမှ ဟာဇက် ထွက်ခွာမည်ကို လွန်စွာဝမ်းနည်းမိကြောင်း ဝီလီယံဖွင့်ဟ

ချယ်လ်ဆီးအသင်းမှ တောင်ပံကစားသမား ဝီလီယံက အသင်းမှ ဟာဇက်ထွက်ခွာသွားမည်ကို လွန်စွာပင်ဝမ်းနည်းမိကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ ဟာဇက်သည် လာမည့် အပြောင်းအရွှေ့ရာသီ ဖွင့်သည်နှင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားသူဖြစ်သည်။

ဝီလီယံက 'ကစားသမားကောင်းတွေ မဖြည့်နိုင်တဲ့အသင်းမှာ ရှိရင်းစွဲ ကစားသမားကောင်းတွေ ထွက်သွားမှာကိုတော့ မလိုလားပါဘူး။ လက်ရှိအချိန်မှာ ကျွန်တော်တို့အသင်းက အသင်းကြီးတစ်သင်းမှာ ရှိသင့်ရှိထိုက်တဲ့ တိုက်စစ်မျိုး မရှိပါဘူး။ ဟာဇက်ကသာ အသင်းရဲ့ အဓိကအားထားရာပါ။ ဒီလိုကစားသမားမျိုးက အသင်းကို စွန့်ခွာသွားမယ်ဆိုတော့ အသင်းအတွက် နစ်နာမှုတွေရှိသလို ကျွန်တော်တို့အတွက်လည်း မျှားစွာစိတ်မကောင်းဖြစ်ရပြီး ဝမ်းနည်းရပါတယ်။ သူလိုကစားသမားမျိုးကို ပြန်အစားထိုးဖို့ဆိုတာ မလွယ်ပါဘူး။ သူ့ကို အသင်းမှာပဲ ဆက်ပြီး ရှိနေစေချင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အခွင့်အရေးကို ကျွန်တော်တို့ တားဆီးပိုင်ခွင့်မရှိပါဘူး'ဟု ပြောဆိုခဲ့သည်။

ထို့အပြင် ဝီလီယံက ဟာဇက်မှာ ချယ်လ်ဆီးအသင်းအတွက် မျှားစွာ အကျိုးပြုပေးခဲ့သူဖြစ်ကြောင်း၊ မိမိအနေဖြင့်သာမကဘဲ ချယ်လ်ဆီးအသင်းသားများအားလုံးကလည်း ဟာဇက်ကို သတိရနေမည်ဖြစ်ကြောင်း၊ ဟာဇက်အနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် စပိန်မြေတွင် အောင်မြင်မှုရရှိမည်ကို မိမိအနေဖြင့် ယုံကြည်ကြောင်း ထပ်မံပြောကြားလိုက်သည်။ ဟာဇက်သည် ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ရန် အလုံးစုံပြောဆိုထားပြီး ဖြစ်ကြောင်း သိရသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး . . . မှအဆက်

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Job Creation Sector Coordination Group – JCSCG) သည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံရှိ အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရောက်ပြီးသူများအတွက် သင့်တော်သည့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ (Development Partner – DP) ထံမှ အကူအညီများရယူနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် အလုပ်အကိုင်များ ရရှိစေရေးအတွက် ကဏ္ဍခွဲအလိုက် ရယူလိုသည့်အကူအညီများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်လိုသည့် ကဏ္ဍများ၊ ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များ၊ ဖွံ့ဖြိုးမှုအကူအညီများပေးရာတွင် လုပ်ငန်းများ ထပ်မနေစေရေးနှင့် ကဏ္ဍခွဲအလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ JCSCG ၏ လက်အောက်ရှိ သက်ဆိုင်ရာ ဦးစားပေးကဏ္ဍငါးခုမှ တာဝန်ရှိသူများ၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံသံရုံးများမှ တာဝန်ရှိ သူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် GIZ, JICA, ILO, ADB, World Bank တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးအပြီး ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် မိုဇမ်ဘစ်နိုင်ငံမှ National Director of Trade ဖြစ်သူ Mr. Amilcar Carlos ARONE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် USAID မှ Chief of Party ဖြစ်သူ Mr. Steve Parker ဦးဆောင်သော ကိုယ်စားလှယ်များအား ဝန်ကြီးဌာန ဧည့်ခန်းမ (၁) တွင် လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ USAID ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှု သတင်းအချက်အလက်များ ဘဏ်တိုက် National Trade Portal Website ၏ မူရင်းကုတ် Source Code အား မိုဇမ်ဘစ်နိုင်ငံ၏ Mozambique Trade Portal တည်ထောင်နိုင်ရေးအတွက် ကူညီပေးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် Mozambique Trade Portal အတွက် ဆက်လက်ကူညီပေးသွားမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံနှင့် မိုဇမ်ဘစ်နိုင်ငံတို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

စဉ်	မြို့အမည်	စက်သုံးဆီ(ကျပ်/ဂါလံ)									
		ဓာတ်ဆီ					ဒီဇယ်ဆီ				
		မေ ၁၇	မေ ၂၀	မေ ၂၁	မေ ၂၂	မေ ၂၃	မေ ၁၇	မေ ၂၀	မေ ၂၁	မေ ၂၂	မေ ၂၃
၁	မြစ်ကြီးနား	၄၅၉၀	၄၅၉၀	၄၅၉၀	၄၆၃၀	၄၆၃၀	၄၇၀၂	၄၇၀၂	၄၇၀၂	၄၇၃၄	၄၇၃၄
၂	လားရှိုး	၄၄၀၀	၄၄၀၀	၄၄၀၀	၄၄၀၀	၄၄၀၀	၄၈၀၀	၄၈၀၀	၄၈၀၀	၄၈၀၀	၄၈၀၀
၃	ကျိုင်းတုံ	၄၉၅၀	၄၉၅၀	၄၉၅၀	၄၉၅၀	၄၉၅၀	၅၁၇၅	၅၁၇၅	၅၁၇၅	၅၁၇၅	၅၁၇၅
၄	တောင်ကြီး	၄၄၀၀	၄၄၅၀	၄၄၅၀	၄၄၅၀	၄၄၅၀	၄၇၅၀	၄၈၀၀	၄၈၀၀	၄၈၀၀	၄၈၀၀
၅	လွိုင်ကော်	၄၃၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၆၀၀	၄၆၀၀	၄၆၀၀	၄၆၀၀	၄၆၀၀
၆	ဘားအံ	၄၂၀၈	၄၂၀၈	၄၂၀၈	၄၂၀၈	၄၂၅၃	၄၇၀၂	၄၇၀၂	၄၇၀၂	၄၇၀၂	၄၇၄၈
၇	မော်လမြိုင်	၄၅၆၇	၄၅၆၇	၄၅၆၇	၄၅၆၇	၄၅၆၇	၄၇၄၇	၄၇၄၇	၄၇၄၇	၄၇၄၇	၄၇၉၂
၈	ထားဝယ်	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၆၃၅	၄၆၃၅	၄၆၃၅	၄၆၃၅	၄၆၃၅
၉	မြိတ်	၄၃၂၀	၄၃၂၀	၄၃၂၀	၄၃၂၀	၄၃၂၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀
၁၀	ရန်ကုန်	၄၀၅၀	၄၀၅၀	၄၀၅၀	၄၀၅၀	၄၀၅၀	၄၅၉၂	၄၅၉၂	၄၅၉၂	၄၅၉၂	၄၅၉၂
၁၁	ဟုသီမ်	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀
၁၂	စစ်တွေ	၄၁၆၀	၄၁၆၀	၄၁၆၀	၄၁၆၀	၄၁၆၀	၄၆၈၀	၄၆၈၀	၄၆၈၀	၄၆၈၀	၄၆၈၀
၁၃	ဟားခါး	၄၆၀၀	၄၆၀၀	၄၆၀၀	၄၅၄၀	၄၅၄၀	၄၆၅၀	၄၆၅၀	၄၆၅၀	၄၅၈၀	၄၅၈၀
၁၄	မုံရွာ	၄၄၀၀	၄၄၀၀	၄၄၀၀	၄၄၀၀	၄၄၀၀	၄၇၀၀	၄၇၀၀	၄၇၀၀	၄၇၀၀	၄၇၀၀
၁၅	မန္တလေး	၄၅၅၀	၄၄၅၀	၄၄၅၀	၄၄၅၀	၄၄၅၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀	၄၅၀၀
၁၆	ပခုက္ကူ	၄၂၀၀	၄၂၀၀	၄၂၀၀	၄၂၀၀	၄၂၀၀	၄၆၀၀	၄၆၀၀	၄၆၀၀	၄၆၀၀	၄၆၀၀
၁၇	မကွေး	၄၂၅၀	၄၂၅၀	၄၂၅၀	၄၂၅၀	၄၂၅၀	၄၇၉၅	၄၇၉၅	၄၇၉၅	၄၇၉၅	၄၇၉၅
၁၈	ပြည်	၄၄၀၀	၄၄၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၈၀၀	၄၈၀၀	၄၇၂၅	၄၇၂၅	၄၇၂၅
၁၉	ပဲခူး	၄၁၂၀	၄၁၂၀	၄၁၂၀	၄၁၂၀	၄၁၂၀	၄၅၂၀	၄၅၂၀	၄၅၂၀	၄၅၂၀	၄၅၂၀
၂၀	ဗျင်းမနား	၄၃၇၅	၄၃၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၇၉၀	၄၇၉၀	၄၇၉၀	၄၇၉၀	၄၇၉၀
၂၁	နေပြည်တော်	၄၃၇၅	၄၃၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၇၉၀	၄၇၉၀	၄၇၉၀	၄၇၉၀	၄၇၉၀
၂၂	ကလေး	၄၃၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၇၀၀	၄၇၀၀	၄၇၀၀	၄၇၀၀	၄၇၀၀

Source : DOCA-Domestic

၂၀၁၉ ခုနှစ် မေ ၂၃ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၁၀၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၀၂၀၊ အောက်တိန်း-92 တစ်လီတာလျှင် ၉၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၈၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်တွင် အာရှဒေသနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့တွင် စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့ပြီး မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ တောင်ကိုရီးယားနှင့် သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်တည်ငြိမ်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

ကော့သောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်

ကော့သောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့ခေတ် လူမှုဘဝနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက ဆယ်မိုင်ကျေးရွာအုပ်စု၊ တာညုံပါဒကျေးရွာ၊ ဥသဒ္ဓမ္မဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လွတ်တော်ကိုယ်စားလှယ်ရုံး တာဝန်ခံ ဦးသက်နိုင်ကအဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကော့သောင်းခရိုင် ဦးစီးအရာရှိ ဒေါ်ဇင်နန္ဒာဦးက ကျေးလက်ဒေသများတွင် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကော့သောင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဇော်က ယနေ့ခေတ် လူနေမှုဘဝတွင် ခေတ်မီတိုးတက်ပြောင်းလဲလာသည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကြောင့် ကျန်းမာရေး ထိခိုက်ကျဆင်းလာရသည့် ဆက်နွယ်မှုများ၊ ကျေးလက်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မျှတကာ အာဟာရ ပြည့်ဝစေနိုင်မည့် အစားအစာများ ရွေးချယ်စားသောက်တတ်ရေး၊ ကျန်းမာရေး အသိပညာ အစဉ်ပြည့်ဝကာ ရောဂါဘယကင်းရှင်း၍ သက်တမ်းစေ့ နေထိုင်နိုင်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားသည့် လူနေမှုစားသောက်ပုံစနစ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်များအားလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာရဲဂေါင်တင်က ယနေ့ခေတ်ပေါ် ဖြည့်စွက်အစားအစာနှင့် ဆေးဝါးများကြောင့် ဖြစ်ပွားလာရသည့် မကူးစက်နိုင်သော ရောဂါများဖြစ်သော ကင်ဆာ၊ နှလုံး၊ သွေးတိုး၊ ဆီးချိုစသည့် ရောဂါများမဖြစ်ပွားရေး ဓာတုဗေဒဆိုးဆေးများပါ အစားအသောက်များ သတိပြုဆင်ခြင် စားသောက်တတ်ရေး၊ သက်တမ်းလွန် စားသောက်ကုန်များ၊ ပြည်ပမှ တရားမဝင် တင်သွင်းလာသည့် စားသောက်ကုန်များနှင့်အတူ ဖြစ်ပွားလာနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ အသင့်စားသုံးနိုင်သည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဝယ်ယူစားသုံးရာတွင် သတိပြုရမည့်အချက်များ၊ ရှောင်ရန်ဆောင်ရန် အချက်များအားလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြသီတာက ကျေးလက်နေပြည်သူများ ဝယ်ယူစားသုံးသည့် အစားအသောက်များ၊ ကုန်ပစ္စည်းများနှင့်ပတ်သက်၍ နစ်နာမှု၊ မကျေနပ်မှု၊ ရပိုင်ခွင့်ဆိုင်ရာ သိသင့်သိထိုက်သည့်ကိစ္စများ၊ စားသောက်ကုန်အာမခံချက်ဆိုင်ရာ သိသင့်သည်များ၊ စားသုံးသူ အငြင်းပွားမှုဆိုင်ရာ သိသင့်သည့် ပြဿနာများဖြစ်စဉ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်တင်ထွန်းက ပြည်ပမှတင်သွင်းလာသည့် အသား၊ ငါးများ စားသုံးမှုနှင့်ဆက်စပ်၍ စားသုံးသူ ကျေးလက်ဒေသ ပြည်သူများ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်မဖြစ်ပေါ်ရေး သတိပြုသင့်သည်များ၊ တိရစ္ဆာန်နှင့် အသား၊ငါးများ မှတစ်ဆင့် လူတို့ထံကူးစက်ဖြစ်ပွားလာနိုင်သည့်ရောဂါများနှင့် လိုက်နာရမည့် နည်းလမ်းများအား လည်းကောင်း အသီးသီး ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးလက်ပြည်သူများ၏ သိလိုသည့်မေးမြန်းချက်များအား ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး စားသုံးသူရေးရာ ဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

ပါချန်သူ (ကော့သောင်း)

စစ်ကိုင်းခရိုင်၌ သုံးစွဲရန်နှင့် စားသုံးရန် မသင့်သည့် သိမ်းဆည်းရမိသော ပစ္စည်းများ မီးရှို့ဖျက်ဆီး

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန၌ သုံးစွဲရန်နှင့် စားသုံးရန်မသင့်သည့် သိမ်းဆည်းရမိသော ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်ငါးလုပ်ငန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ခရိုင်စီမံကိန်းဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ကျန်းမာရေးဌာန၊ ခရိုင်စက်မှုကြီးကြပ်ဌာန၊ ခရိုင်ပညာရေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ စားသုံးသူကိုယ်စားလှယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်းမြို့နယ် ရွှေမင်းဝံဈေးတို့မှ သိမ်းဆည်းရမိသောပစ္စည်းခုနစ်မျိုးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အခမ်းနားဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

သင်းယုန္နယ် (DOCA) စစ်ကိုင်း

ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည့် ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)

| မောင်မောင် (မန္တလေး) |

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရန်အတွက် ပြောင်းလဲလာသော ခေတ်နှင့်အညီ နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်လည်း နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန်တာဝန်ယူဆောင်ရွက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် 'ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်'ဟူသော မျှော်မှန်းချက် (vision)ထားပြီး မဏ္ဍိုင်ကြီး (၆) ရပ်ဖြစ်သည့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး (Trade facilitation)၊ ကုန်သွယ်မှု မြှင့်တင်ရေး (Trade Promotion)၊ ကုန်သွယ်မှုပညာပေးရေး (Trade Education) ၊ ကုန်သွယ်မှုဖြေလျှော့ဆောင်ရွက်ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ စားသုံးသူအကာအကွယ်ပေးရေး (Consumer Protection) တို့ကို ကဏ္ဍအလိုက်ဟန်ချက်ညီ ဆောင်ရွက်လျက်ရှိသည်။

ကဏ္ဍကြီးတစ်ရပ်ဖြစ်သည့် ကုန်သွယ်မှုပညာပေးရေး (Trade Eduaction)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင်ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute) (TTI) ကို ၂၀၁၂ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ကာ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) တွင် ကုန်သွယ်မှုအခြေခံသင်တန်းများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှု ပညာပေးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ရာမှာ စီးပွားကုန်သွယ်မှုနှင့် ဆက်စပ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကုန်သွယ်မှုများ တိုးချဲ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်မည့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အသစ်များ၊ ကုန်သွယ်စီးပွားလုပ်ငန်းရှင်အသစ်များကို ပြုစုပျိုးထောင်မွေးထုတ်ရန်၊ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်စေရန်၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ကုန်သွယ်မှုသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်သည်။

ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံသားများအားလုံး လွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်ရန်၊ တရားမဝင် ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိပြီး ကုန်သွယ်မှု ပမာဏတိုးမြှင့်လာစေရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးတက်ရရှိစေရန်၊ ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေ လွယ်ကူချောမွေ့စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၃၁. ၃. ၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/ ၂၀၁၅)အရ(၁. ၄. ၂၀၁၅)ရက်နေ့မှစ၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခဲ့သည်။

မန္တလေးဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုပြုရာမှာ ဗဟိုအချက်အချာကျသည့် နေရာ၌တည်ရှိသည့်အတွက် အဓိက ကုန်သွယ်မှုပြုလုပ်သည့် ဒေသတစ်ခုဖြစ်သည်။ မန္တလေးဒေသရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေး စိတ်ဝင်စားသူလူငယ်များ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ လုပ်ငန်းအတွေးအခေါ် ဗဟုသုတများ ပိုမိုရှင်သန်လာစေရန်နှင့် အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန် လေ့ကျင့်ယူးထောင်ပေးခြင်းဖြင့် အလုပ်အကိုင်အရည်အချင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရန်အတွက် ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)မှာ ကုန်သွယ်မှုအခြေခံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပို့ချပေးလျက် ရှိသည်။ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၁)ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ စတင်ခဲ့ပြီး အမှတ်စဉ်(၈)ထိ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၄၃ ဦး မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။ ယခု အမှတ်စဉ်(၉)ကို သင်တန်းသား၊ သင်တန်းသူ ၆၅ ဦးဖြင့် မေလ ၁၀ ရက်မှ သြဂုတ် ၃၀ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ (၂)ရက်ဖြင့် ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ် ပို့ချသွားမည်ဖြစ်သည်။

ဖွင့်လှစ်ပို့ချခဲ့သည့် ကုန်သွယ်မှု အခြေခံသင်တန်းများ

သင်တန်းအမှတ်စဉ်	သင်တန်းသား/သူ ဦးရေ
အမှတ်စဉ် (၁) (၅ - ၉ - ၂၀၁၆ မှ ၂၃ - ၉ - ၂၀၁၆ ထိ)	၅၂ ဦး
အမှတ်စဉ် (၂) (၃၁- ၁၀ - ၂၀၁၆ မှ ၂-၁၂-၂၀၁၆ ထိ)	၃၃ ဦး
အမှတ်စဉ် (၃) (၃၀ - ၁ - ၂၀၁၇ မှ ၂၄ - ၂ - ၂၀၁၇ ထိ)	၃၇ ဦး
အမှတ်စဉ် (၄) (၁၅ - ၅ - ၂၀၁၇ မှ ၉ - ၆- ၂၀၁၇ ထိ)	၃၄ ဦး
အမှတ်စဉ် (၅) (၃၉ - ၅ - ၂၀၁၇ မှ ၁၉ - ၁၁- ၂၀၁၇ထိ)	၄၅ ဦး
အမှတ်စဉ် (၆) (၁၅ - ၁ - ၂၀၁၈ မှ ၈ - ၄ - ၂၀၁၈ ထိ)	၄၆ ဦး
အမှတ်စဉ် (၇) (၁ - ၆ - ၂၀၁၈ မှ ၃ - ၉ - ၂၀၁၈ ထိ)	၅၀ ဦး
အမှတ်စဉ် (၈) (၅ - ၁၁ - ၂၀၁၈ မှ ၁၅ - ၂ - ၂၀၁၉ထိ)	၄၆ ဦး
စုစုပေါင်း	၃၄၃ ဦး

ကုန်သွယ်မှုအခြေခံသင်တန်းတွင် ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများစသည့် လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့် ကုန်ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးခြင်းလုပ်ငန်းတို့ကို ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စသည့် ဌာနဆိုင်ရာများမှ ကျွမ်းကျင်ပညာရှင်များ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှနည်းပြများ၊ ပြင်ပကျွမ်းကျင် ပညာရှင်များ လာရောက်ဆွေးနွေးပို့ချလျက်ရှိသည်။ ယခုဖွင့်လှစ်လျက်ရှိသည့် အမှတ်စဉ်(၉)မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်စသည့် လုပ်ငန်းဌာန အဖွဲ့အစည်း (၃)ခုတို့၏ လုပ်ငန်း ဆောင်ရွက်မှုများကို ဖြည့်စွက်ပြီး ဆွေးနွေးပို့ချသွားမှာဖြစ်သည့်အတွက် ဘာသာရပ်ပေါင်း (၃၉)ခု ဆွေးနွေးပို့ချသွားမည်ဖြစ်ပါသည်။ ထင်းအပြင် သင်တန်းသား၊ သင်တန်းသူများကို ကုန်သွယ်မှု ဗဟုသုတများရရှိစေရန်အတွက် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းဌာနများနှင့် ချိတ်ဆက်ပြီး လေ့လာရေးခရီးစဉ်များကို စီစဉ်ဆောက်ရွက်ပေးလျက်ရှိသည်။

ဆွေးနွေးပို့ချမည့်ဘာသာရပ်များမှာ

(၁) Competition Law
(၂) Safe Guard law
(၃) Comsumer Protection law
(၄) ASEAN Economic Community
(၅) Myanmar Trade Portal
(၆) National Export Strategy
(၇) Certiticate of Origin
(၈) Rules of Origin
(၉) IT Application in International Trade
(၁၀) MOC IT Application for E-Government
(၁၁) Full Online Licensing Procedure
(၁၂) International Economic Trade Restriction ; Tariffs (မိတ္ထီလာစီးပွားရေးတက္ကသိုလ်)
(၁၃) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၀၁၆ / မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)
(၁၄) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ
(၁၅) The Role of MRCCI for Private Sector Development in Myanmar
(၁၆) MACCS System (Myanmar Automated Cargo Clearance system)
(၁၇) မြန်မာ့အကောက်ခွန် ဥပဒေများ၊ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း
(၁၈) ED/ID ထုတ်ပေးခြင်းနှင့် ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်
(၁၉) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဘာသာရပ် (FDA)
(၂၀) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း
(၂၁) ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း
(၂၂) ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများ
(၂၃) ITC ကတ်ဖြင့် ပို့ကုန်သွင်းကုန်ဆောင်ရွက်ခြင်း။
(၂၄) ကုန်သွယ်မှုဆိုင်ရာ ဥပဒေများအကြောင်း။
(၂၅) ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။
(၂၆) ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များနှင့် လိုင်စင်ထုတ်ပေးခြင်း။
(၂၇) မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်မှု။
(၂၈) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြောင်း သိကောင်းစရာများ။
(၂၉) မြန်မာနိုင်ငံနှင့် အိမ်နီးချင်း အခြားနိုင်ငံများအကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များ။
(၃၀) အခွန်အခများပေးဆောင်မှုနှင့် ပြည်တွင်းအခွန်ဆိုင်ရာ ဥပဒေများ။
(၃၁) မြန်မာနိုင်ငံနှင့် အိမ်နီးချင်းအခြားနိုင်ငံများအကြောင်း၊ နှစ်နှိုင်ငံကုန်သွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များ။
(၃၂) အလုပ်ရုံနှင့် အလုပ်သမားဥပဒေများ။
(၃၃) Market Intelligence
(၃၄) To Be Competitive
(၃၅) Traditional Management To Modern Management
(၃၆) အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများနှင့် ဝန်ဆောင်မှုကုန်သွယ်ရေး။
(၃၇) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ။
(၃၈) အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ။
(၃၉) အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများတို့ဖြစ်သည်။

■

ဘရက်ဇစ်အကျပ်အတည်းကြောင့် ဗြိတိသျှဝန်ကြီးချုပ် နုတ်ထွက်

ဘရက်ဇစ် Brexit ပြဿနာကို မဖြေရှင်းနိုင်သည့်အတွက် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဗြိတိ သျှဝန်ကြီးချုပ် ထရီဇာမေက မေ ၂၄ ရက်ကမျက်ရည်လည်ရွဲဖြင့် ပြောကြားခဲ့ရာ ဥရောပသမဂ္ဂနှင့် ပြတ်ပြတ်သားသားခွဲထွက်နိုင်မည့် နည်းလမ်းကိုဖော်ဆောင်နိုင်သော ဝန်ကြီးချုပ်သစ်တစ်ဦးကို ရွေးချယ်ရတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မီးစ်မေနုတ်ထွက်မှုကြောင့် ဘရက်ဇစ် အကျပ်အတည်းမှာ ပိုမိုနက်ရှိုင်းလာနိုင်သည်။ ဇူလိုင်လ အကုန်တွင် တာဝန်ယူတော့မည့် ခေါင်းဆောင်သစ် အနေဖြင့် ပိုမိုပြင်းထန်သော ခွဲထွက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရတော့မည်ဖြစ်သည်။ အီးယူနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့်ပြဿနာမှာ ပိုမိုမြင့်မားလာပြီး အချိန်တိုအတွင်း ပါလီမန်ရွေးကောက်ပွဲကို ကျင်းပပေးရဖွယ်ရှိနေသည်။

မေကိုဆက်ခံမည့်သူအဖြစ် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘောရစ်ဂျွန်ဆင်ကို အများစုက ခန့်မှန်းကြသည်။ သူသည် အီးယူအဖွဲ့က သဘောတူညီမှုပေးအောင် အတင်းအကျပ်ဆောင်ရွက်မည့် သဘောတူညီမှုမျိုးကို မဆောင်ရွက်ဘဲ ဗြိတိန်နိုင်ငံက ပြင်ဆင်သင့်သည်ဟု ယုံကြည်နေသူတစ်ဦးဖြစ်သည်။

ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသဖြင့် ၎င်းကိုဆက်ခံမည့်သူအား ရွေးချယ်ရမည့်ပြိုင်ပွဲ စတင်တော့မည်ဖြစ်သည်။ နုတ်ထွက်တော့မည်ဖြစ်ကြောင်း မေကကြေညာပြီး နာရီပိုင်းအကြာမှာပင် ခေါင်းဆောင်နေရာ ရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း လက်ရှိ နိုင်ငံခြားရေးဝန်ကြီး ဂျယ်ရမီဟန့်က အတည်ပြုပြောကြားခဲ့သည်။

ဘရက်ဇစ်ကိစ္စကိုအောင်မြင်အောင် မဆောင်ရွက်နိုင်သည့်အတွက် လွန်စွာဝမ်းနည်းမိကြောင်းနှင့် အမြဲတမ်းလည်း ထိုသို့ခံစားမိမှာဖြစ်ကြောင်း မေကပြောသည်။ သူ့ကို ဆက်ခံသူက ၂၀၁၆ ခုနှစ် ဆုံးဖြတ်ချက်ကို တညီတညွတ်အတည်ပြုနိုင်မည့် နည်းလမ်းကို တွေ့ရှိနိုင်ပါလိမ့်မည်ဟုလည်း သူကထပ်လောင်းပြောကြားခဲ့သည်။

တိုင်းပြည်၏အနာဂတ်ကိုပြည်သူတို့က အဆုံးအဖြတ်ပေးနိုင်ရန် ဝန်ကြီးချုပ်သစ်သည် ရွေးကောက်ပွဲ သစ်တစ်ခုကိုကျင်းပပေးရမှာဖြစ်ကြောင်း အဓိကအတိုက်အခံ လေဘာပါတီခေါင်းဆောင် ဂျယ်ရမီကော်ဘင်းက ပြောသည်။

■

အီးကောမတ်စ်က ဗီယက်နမ် ပို့ကုန်လုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေသော ပလက်ဖောင်းဖြစ်

ကမ္ဘာ့စျေးကွက်သို့ကုန်ပစ္စည်းများကိုတင်ပို့ရာတွင် အီးကောမတ်စ်ကြောင့်ရလာမည့် အကျိုးကျေးဇူးများ ဗီယက်နမ် စီးပွားရေးလုပ်ငန်းအရဖမ်းယူသင့်ကြောင်း မေ ၂၃ ရက်က ဟိုချီမင်းစီးတီးတွင် ပြုလုပ်သော အလီဘာဘာဒေါ့ကွန်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ပို့ကုန်တင်ပို့မှုနှင့် အီးကောမတ်စ်ဆိုင်ရာ ကွန်ဖရင့်တွင် ကျွမ်းကျင်သူတို့ကပြောသည်ကို ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

အီးကောမတ်စ် အကြံပေးလုပ်ငန်းများကိုဆောင်ရွက်နေသော စင်ကာပူကုမ္ပဏီ Innovative Hub Pte Ltd နှင့် ဗီယက်နမ်ရှိ အလီဘာဘာဒေါ့ကွန်း၏ တရားဝင်ကိုယ်စားလှယ်တို့သည် အလီဘာဘာဒေါ့ကွန်းတွင် ဗီယက်နမ် ပို့ကုန်လုပ်ငန်းရှင်များ ဝက်ဘ်ဆိုက်ထူထောင်ရာတွင် အကူအညီပေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရေးနှင့် ကုန်သွယ်ရေးတို့အတွက် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးနေကြောင်း Innovative Hub ၏အုပ်ချုပ်မှုဒါရိုက်တာ ဇိုးအီဇိုဇက ပြောသည်။

အလီဘာဘာဒေါ့ကွန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးပုဂ္ဂလိကလုပ်ငန်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်သော အီးကောမတ်စ်စျေးကွက်တစ်ခုဖြစ်ပြီး ဗီယက်နမ်ပို့ကုန်လုပ်ငန်းများ အနေဖြင့် WebPageတစ်ခုထောင်ထားပါက အလီဘာဘာနှင့် လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံပေါင်း ၂၀၀ ကျော်နှင့်ဆက်သွယ်ဆောင်ရွက်နိုင်သည်။

ဗီယက်နမ်ကုန်ပစ္စည်းများသည် လက်ရာကောင်း၊ အရည်အသွေးမြင့်ပြီး စျေးသက်သာသောကြောင့် ယေဘုယျအားဖြင့် အရှေ့တောင်အာရှနှင့်အာရှဒေသရှိဝယ်လက်အများစုသည် ဗီယက်နမ်ရှိပစ္စည်းရောင်းချသူများကို အဆက်အသွယ်ရရန်ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲက ၂၀၁၉ ခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်မည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ပြော

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲက ၂၀၁၉ ခုနှစ်ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကိုထိခိုက်စေပြီး စားသုံးသူ ယုံကြည်မှုကို ကျဆင်းစေကာ စားသုံးသူများ ဝယ်ယူစားသုံးရာတွင် ကုန်စျေးနှုန်းများကို မြင့်တက်စေနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)ကမေ ၂၃ ရက်တွင်သတိပေးပြောကြားကြောင်း ချန်နယ် နယူးအေးရှသတင်းတွင် ဖော်ပြသည်။

တိုးမြှင့်သော အခွန်များကို တရုတ်နိုင်ငံက ပေးရခြင်းဖြစ်ပြီးသူ၏ ပြင်းထန်သော လုပ်ရပ်များက အမေရိကန်ပြည်ထောင်စု၏ ပြည်ပလိုင်ငြေပြမှုကို လျှော့ချရာတွင် အထောက်အကူရနိုင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားကြောင်း အိုင်အမ်အက်ဖ် စီးပွားရေးပညာရှင်များအဖွဲ့ အကြီးအကဲ ဂီတာဂိုပီနတ်က ပြောသည်။

တရုတ်နိုင်ငံမှ တင်သွင်းကုန်အားလုံးအပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံဖို့ ထရမ့်ကဆက်လက်ခြိမ်းခြောက်လာပါက စီးပွားရေးတွင် ဖြစ်ပေါ်လာမည့် ဆုံးရှုံးမှုများမှာ ပို၍ပင်ဆိုးရွားလာနိုင်ကြောင်း ဂိုပီနတ်နှင့်စာတမ်းပြုစုသူတို့က သတိပေးထားသည်။ ထိုသို့သော အခြေအနေမျိုးဖြစ်လာပါက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ရေတိုတွင် တစ်ရာခိုင်နှုန်းကျဆင်းနိုင်သည်ဟုဖော်ပြသည်။

စေ့စပ်ညှိနှိုင်းမှုများရနိုင်တော့မည့် အနေအထားသို့ရောက်လာသည့်အတွက် ယခုလလဆန်းပိုင်းက စီးပွားရေးနှင့်ပတ်သက်၍ အကောင်းမြင်မှုများရှိလာခဲ့သည်။သို့သော် ယခင်နှစ်ကပေးထားခဲ့သော ကတိကဝတ်များကို တရုတ် အစိုးရက ဖောက်ဖျက်သည်ဟု ထရမ့်က စွပ်စွဲခဲ့ပြီးနောက် တင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့သည်။

ထိုသို့ စွပ်စွဲပြီးနောက် အမေရိကန်ဒေါ်လာဘီလီယံ ၂၀၀ ဖိုးရှိတရုတ်သွင်းကုန်များအပေါ်တွင် အခွန်နှုန်းဆတိုးမြှင့်ကာ ၂၅ ရာခိုင်နှုန်းအထိကောက်ခံခဲ့ပြီး နှစ်စဉ်တင်သွင်းနေသော အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ ဖိုးရှိ ကျန်တရုတ်ထုတ်ကုန်များအပေါ်တွင် အလားတူ အခွန်တိုးမြှင့်ကောက်ခံမည် ဖြစ်ကြောင်း ထရမ့်က ခြိမ်းခြောက်ခဲ့သည်။

"ကုန်သွယ်ရေးတင်းမာမှုကြောင့် အမေရိကန်နဲ့ တရုတ်စားသုံးသူတွေ ဆတူဆုံးရှုံးကြမှာ ဖြစ်ပါတယ် ။အခွန်တိုးတဲ့ဒဏ်ကို အမေရိကန် သွင်းကုန်လုပ်ငန်းတွေက ခံရမှာဖြစ်ပါတယ်" ဟု ဂိုပီနတ်က ပြောသည်။

■

မိုဒီအောင်မြင်မှုရပြီးနောက်ပိုင်း မူဝါဒများကို လျှော့ချလိမ့်မည်ဟု နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတို့မျှော်လင့်

နိုင်ငံရေးတည်ငြိမ်မှုအတွက် ဆောင်ကြဉ်းပေးမည့် ဝန်ကြီးချုပ် နရေန္ဒြာမိုဒီ၏အောင်မြင်မှုကို အိန္ဒိယရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့က ကြိုဆိုသော်လည်း ယခင်နှစ်ကကျင့်သုံးခဲ့သည့် ကိုယ်ကျိုးစီးပွားကာကွယ်မှုရပ်တည်ချက်ကို လျှော့ချပေးစေလိုသည့် ဆန္ဒရှိကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

စီးပွားရေးလုပ်ငန်းများကို အားပေးသော မိုဒီ၏ပုံရိပ်နှင့် အိန္ဒိယနိုင်ငံ၏ အသက်ငယ်ရွယ်သော လူဦးရေက နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ခဲ့သည်။ အမေဇုန်ဒေါ့ကွန်း၊ ဝေါလ်မတ်နှင့် မတ်စတာကတ် စသည့် အမေရိကန်စီးပွားရေးလုပ်ငန်းများက ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံကြပြီး အလုပ်အကိုင်များကို တိုးမြှင့်ခန့်ထားလာကြသည်။

အိန္ဒိယနိုင်ငံသည် ဖေ့စ်ဘုတ်နှင့် သူ၏လက်အောက်ခံကုမ္ပဏီဖြစ်သော WhatsAppကို အသုံးပြုနေကြသော စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသောစျေးကွက်တစ်ခု ဖြစ်သည်။

သို့ရာတွင် ဟိန္ဒူအမျိုသားရေး ခေါင်းဆောင်ဖြစ်သော မိုဒီသည် ၂၀၁၇ ခုနှစ်ဝန်းကျင်က အီးကောမတ်စ်နှင့် နည်းပညာ စသည့် နယ်ပယ်များတွင် တင်းမာပြီး ကိုယ်ကျိုးစီးပွား ကာကွယ်သည့် လမ်းကြောင်းကို ကျင့်သုံးခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲမတိုင်မီကာလတွင် မျိုးချစ်စိတ်ဓာတ်ကို အားပေးသောမူဝါဒအချို့ကို ချမှတ်ခဲ့သည်။

"အခုတော့ သူက စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ဆွဲဆောင်လာမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"ဟု ကမ္ဘာ့နည်းပညာကုမ္ပဏီများကို အကြံပေးနေသော နယူးဒေလီအခြေစိုက် နည်းပညာမူဝါဒလေ့လာဆန်းစစ်သူ ပရာဆန်တိုရွိုင်းက ပြောသည်။ နိုင်ငံရေးတည်ငြိမ်မှုနှင့် ကြိုတင်မှန်းဆနိုင်မှုမရှိသည့်အတွက် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများက ကြီးစွာ စိုးရိမ်မှုရှိနေဆဲဖြစ်ကြောင်းနှင့် ဤစိုးရိမ်မှုက ကမ္ဘာ့ရင်နှီးမြှုပ်နှံသူများအတွက် စိုးရိမ်စရာဖြစ်နေကြောင်း သူကပြောသာည်။

ဆန့်ကျင်ဆန္ဒပြမှုများနှင့် အမေရိကန်အစိုးရ၊ အမေရိကန်-အိန္ဒိယ ကုန်သွယ်ရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများက အပြင်းအထန်တောင်းဆိုနေသည့်တိုင်အောင် အိန္ဒိယအစိုးရသည် သူ၏မူဝါဒများကို ဆက်လက်စွဲကိုင်နေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီးယူအဖွဲ့က သဘောတူညီမှု ပေးအောင် အတင်းအကျပ်ဆောင် ရွက်မည့်သဘောတူညီမှုမျိုးကို မဆောင်ရွက်ဘဲ ဗြိတိန်နိုင်ငံက ပြင်ဆင်သင့်သည်ဟု ယုံကြည်နေသူတစ်ဦးဖြစ်သည်။

စံမီအောင် စုစည်းသည်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

WUN YAN KHA

ALL CAR AUTO SERVICE CENTER

ဝိတ်ဆွေတို့အတွက် လိုအပ်သော အဂေါ်အဝဲများကို
- မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်း။
- စစ်မှန်သော ပစ္စည်းများဖြင့်သာ ပြုပြင်အသုံးပြု တပ်ဆင်ပေးခြင်း။
- သက်သာသော ဝန်ဆောင်ခများဖြင့် ဆောင်ရွက်ပေးခြင်း။
- တစ်နေ့ရာထဲမှာ ဆေး၊ ဘော်ဒီ၊ ကားရေဆေး၊ စက်ပေါ်လစ်၊ အတွင်းခန်းအား အထူးသန့်ရှင်းရေး ဝန်ဆောင်မှုပေးခြင်း။ ကားပေါ်လစ်တင်ခြင်း။ ဆေးသားများ ရေရှည်ခံနိုင်ရန် Coating တင်ပေးခြင်း လုပ်ငန်းများကို တစ်နေ့ရာထဲ အပြီးဆောင်ရွက်ပေးနေပါပြီ။
- IKBZ၊ AMI တို့တွင် အာမခံထားရှိထားသော ကားများကိုလည်း ရိုတ်ဆက်ကာ ပြုပြင်ဆောင်ရွက်ပေးနေပါပြီ။

(No.1) Baho Road, Between Butar Yone Street & Parami Street, Hlaing Township,
Yangon, Myanmar. Phone : 01 - 230 5377, 01 - 230 5388, 09 - 455 022 577

Branch of Singapore

HTG
YOUR LOGISTICS PARTERNER

WING POWER COMPANY LIMITED

(Freight Forwarding & General Services)

Address : Building 40,No#2,Yanshin Road,Yankin Township,
Yangon,Myanmar.
H.P : +95 973053154, 09 420000204

Ocean
SUPERCENTER

"အတန်းသုံးသော"
ကျောင်းသုံးပစ္စည်းများ

25th April ~ 5th June, 2019

အထူးလျှော့ဈေး

UP TO **30%** OFF

COMMERCE
INTERNATIONAL

တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကြားက Huawei နှင့် Google

တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု တို့၏ ကုန်သွယ်ရေးစစ်ပွဲ အရှိန်မြင့်လာသည့် ကာလတွင် အမေရိကန်၌ ရောင်းချနေသည့် Huawei ဖုန်းများကို ကန့်သတ်ရန် Huaweiကုမ္ပဏီ အား နာမည်ပျက်စာရင်းသို့ မေ ၁၆ ရက်က ထည့်သွင်းလိုက်သည်။

အမေရိကန်အစိုးရက တရုတ်နည်းပညာ ကုမ္ပဏီဖြစ်သည့် Huawei အား နာမည်ပျက်စာရင်း ထည့်သွင်းရန် ကမ္ဘာအနှံ့အပြား စည်းရုံးရေး ဆင်းနေသည့်ကာလတွင် Alphabet Inc ၏ Google က လိုင်စင်ဖွင့်ပေးထားသည့် အများပြည်သူအသုံးပြုနိုင်သော အမာထည်များ (hardware)၊ ဆော့ဖ်ဝဲလ်များ (software)နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများမှအပ ကျန်အမာထည်များ၊ ဆော့ဖ်ဝဲလ်များနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ လွှဲပြောင်းရန် လိုအပ်နေသည့် Huaweiနှင့် လုပ်ငန်းလုပ်ကိုင်ခြင်းကို ဆိုင်းငံ့ထားကြောင်း မေ ၁၇ ရက်တွင် ရိုက်တာသတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် Google apps နှင့် လက်ရှိ Huawei စမတ်ဖုန်းများ ကိုင်ဆောင်ထားသူများမှာ Google မှ ပံ့ပိုးသော app များကို ဆက်လက်အသုံးပြုနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ ပြုပြင်မွမ်းမံမှုများ (updates)ကို အင်တာနက်က ရယူသွားနိုင်မည်ဖြစ်ကြောင်း Google ၏ ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားခဲ့သည်။

ထိုသို့ ဆိုင်းငံ့လိုက်မှုကြောင့် တရုတ်၏ နည်းပညာကုမ္ပဏီကြီးသည် Google ၏ Android operating system သို့ ဝင်ရောက်ကာ အချိန်နှင့်တစ်ပြေးညီ ပြုပြင်မွမ်းမံမှုများ (updates)ပြုလုပ်ရန် ဝင်ရောက်နိုင်မှု ချက်ချင်းပျောက်ဆုံးသွားလိမ့်မည်ဖြစ်သောကြောင့် တရုတ်နိုင်ငံပြင်ပရှိ Huawei၏ စမတ်ဖုန်းလုပ်ငန်းများအား လုပ်ရကိုင်ရ ခက်ခဲသွားစေနိုင်သည်။ Android အပေါ် အခြေပြု၍ နောက်ထပ်ထုတ်လုပ်မည့် Huawei စမတ်ဖုန်း၏ ပုံစံအသစ်များမှာလည်း Google Play Store နှင့် Gmail အပြင် YouTube apps များ အပါအဝင် လူကြိုက်များသည့် ဝန်ဆောင်မှုများ သို့ ဝင်ရောက်ကြည့်ရှုနိုင်မှု မရှိနိုင်တော့ပါ။

Huawei ဖုန်းများသည် Android ၏ အများပြည်သူ အသုံးပြုနိုင်သည်များကို သာ ရရှိနိုင်တော့မည်ဖြစ်ပြီး Google က မူပိုင်ခွင့်ပြုထားသည့် apps များနှင့် ဝန်ဆောင်မှုများသို့ ဝင်ရောက်အသုံးပြုနိုင်တော့မည် မဟုတ်ပါ။

ထရမ့်အဓိုးရသည် မေ ၁၆ ရက်တွင် Huawei နည်းပညာကုမ္ပဏီအား ကုန်သွယ်ရေးနာမည်ပျက်စာရင်းတွင် ထည့်သွင်းခဲ့ပြီး အမေရိကန်မိတ်ဖက်များနှင့် လုပ်ငန်းလုပ်ကိုင်ရန် ကုမ္ပဏီ အတွက် အလွန်အမင်း အခက်တွေ့သွားနိုင်ရန် ကန့်သတ်မှုကို ချက်ချင်းပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

Huawei သည် တစ်ကမ္ဘာလုံးသို့ ရောင်းချထောက်ပံ့သည့်ကွင်းဆက် ရှိနေသောကြောင့် အမေရိကန်အစိုးရ၏ နာမည်ပျက်စာရင်းကြောင့် မည်ရွေ့မည်မျှ နစ်နာသွားစေသည်ဟူသည်ကို သိရှိခြင်းမရှိသေးပါ။ အမေရိကန်၏ အကူအညီ မရှိဘဲ ဆက်လက်လည်ပတ်ရန် Huawei ၏ စွမ်းရည် ရှိုးမရှိကို ကျွမ်းကျင်သူများက မေးခွန်းထုတ်ထားကြသည်။

ဆိုင်းငံ့မှုကြောင့် သက်ရောက်မည့် အထူးပြုဝန်ဆောင်မှုများ၏ အသေးစိတ်ကို Google ၌ ဆွေးနွေးနေဆဲဖြစ်ကြောင်း၊ Huawei ၏ ရှေ့နေများကလည်း နာမည်ပျက်စာရင်း၏ အကျိုးသက်ရောက်မှုများကို လေ့လာနေဆဲဖြစ်ကာ နှစ်ဖက်လုံးမှ မှတ်ချက်တစ်စုံတစ်ရာ ချက်ချင်းပြုနိုင်ဦးမည်မဟုတ်ကြောင်း သိရသည်။

Huawei ဘက်ကလည်း အကယ်၍ Android အသုံးပြုမှုမှ ပိတ်ပင်ခြင်းခံခဲ့ရပါက ၎င်း၏ကိုယ်ပိုင်နည်းပညာ အစီအမံတစ်ရပ်ကို ပြီးခဲ့သည့်နှစ် အနည်းငယ်အတွင်း ပြင်ဆင်ထားကြောင်း ပြောကြားထားမှုများလည်း ရှိနေပြီး ဤနည်းပညာ၏ အချို့ကို တရုတ်နိုင်ငံတွင် ရောင်းချသည့် ကုန်ပစ္စည်းများတွင် အသုံးပြုထားပြီးဖြစ်သည်။

တရုတ်၏ ဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်သည့် Huawei တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ RenZhengfei ၏ ဂျပန်သတင်းဌာနနှင့် တွေ့ဆုံရာတွင် ပြောကြားချက်အရ အမေရိကန်အစိတ်အပိုင်းများပေါ် မှီခိုနေရမှုကို လျှော့ချသွားပြီး ဝါရှင်တန်၏ ဖိအားပေးမှုကို ရင်ဆိုင်သွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

Huawei အနေဖြင့် ပြင်ပဖောက်သည်များပေါ် မှီခိုနေရမှုကိုလျှော့ချရန် ၎င်း၏ကိုယ်ပိုင်အစိတ်အပိုင်းများကို ဆက်လက်ဖွံ့ဖြိုးသွားမည်ဖြစ်ပြီး 5G နည်းပညာတွင် ဦးဆောင်နေမှုကို လျင်မြန်စွာတိုးချဲ့သွားမည်ဟု အမှုဆောင်အရာရှိချုပ်က ထည့်သွင်းပြောကြားခဲ့သည်။ Huawei သည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံဖိုးရှိ အစိတ်အပိုင်းများကို ဝယ်ယူပြီး ၎င်းအနက် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံခန့်တန်ဖိုးရှိ အစိတ်အပိုင်းများကို အမေရိကန်ပြည်ထောင်စုမှ ဝယ်ယူခြင်းဖြစ်သည်။

အမှုဆောင်အရာရှိချုပ်ဖြစ်သူ အသက် ၇၄ နှစ်ရှိ MrRen သည် ၎င်း၏ ကုမ္ပဏီအပေါ် ဖိအားပေးမှုများတိုးမြင့်လာသဖြင့် မကြာသေးမီလများ အတွင်းကမှ အများပြည်သူရှေ့မှောက်သို့ ပေါ်ထွက်လာခြင်းဖြစ်သည်။ MrRen ၏ စစ်တပ်နောက်ခံနှင့် Huawei ၏ မရှင်းလင်းမှုတို့ကြောင့် အချို့နိုင်ငံများတွင် ၎င်းကုမ္ပဏီမှာ တရုတ်စစ်တပ်နှင့် ထောက်လှမ်းရေးဝန်ဆောင်မှုတို့နှင့် ဆက်နွယ်မှုရှိကြောင်း သံသယများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

တရုတ်ဈေးကွက်တွင်မူ Tencent နှင့် Baidu ကဲ့သို့သော ပြည်တွင်းလုပ်ငန်းပြိုင်များမှ ဖြန့်ချိသော အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်သည့် mobile apps များရှိပြီး Google mobile apps အများစုကို ပိတ်ပင်ထားသောကြောင့် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိရန် မျှော်လင့်ထားသည်။ Huawei ၏ ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်သည့် ဥရောပတွင်မူ Google ဝန်ဆောင်မှုကို Huawei က လိုင်စင်ယူရသဖြင့် ထိခိုက်နိုင်သည်။ ဥရောပကဲ့သို့ဒေသများတွင် ဈေးကွက်ဆက်လက်ပြိုင်ဆိုင်နိုင်စေရန် ၎င်း apps များကို ရယူထားရေးမှာ အခရာဖြစ်ကြောင်း CCS Insight ၏ ဒုတိယသုတေသန ဥက္ကဋ္ဌက ပြောကြားသည်။

Huawei အပေါ် အမေရိကန်၏ ပြင်းထန်စွာကန့်ကွက်မှုများပြုလုပ်ရန် ပစ်မှတ်ထားမှုသည် လာမည့် 5G မိုဘိုင်းကွန်ရက်များ တည်ဆောက်ရာတွင် တရုတ်နိုင်ငံအား နေရာမပေးရန် မဟာမိတ်များကို ဆွဲဆောင်မှုပြုရန် အမေရိကန်က ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။ အမေရိကန်အစိုးရ အေဂျင်စီများကိုလည်း Huawei ထံမှ အသုံးအဆောင်များ၊ ကိရိယာများ ဝယ်ယူမှုမပြုရန် တားမြစ်ထားပြီးဖြစ်သည်။

Google ၏ စာရင်းအရ ကမ္ဘာတစ်ဝန်းတွင် လက်ရှိ Android စက်များကို အသုံးပြုနေသူပေါင်း ၂ ဒသမ ၅ ဘီလီယံခန့်ရှိကြောင်းသိရသည်။

ရင်းမြစ်။ Reuters/de/jt နှင့် channelnewsasia.com

ဒေါက်တာရွှေစင်ကို
စီးပွားရေးသံမှူး (နန်နင်းမြို့)

ဟောင်ကောင်တွင်ဈေးကွက်ရရှိရန် ကွမ်ရှီးပြည်နယ်၏ အရည်အသွေးမြင့် စီးပွားရေးလုပ်ငန်း ၂၉ ခုကို 'ကျန့်' ပုံနှိပ်ပေး၍ အသိအမှတ်ပြုခံရ

မကြာသေးမီက ကွမ်ရှီး(ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စီးပွားရေးလုပ်ငန်းဌာနသည် ဟောင်ကောင်တွင် ခင်းကျင်းပြသရောင်းချသည့် စီးပွားရေးလုပ်ငန်းပေါင်း ၂၉ ခုတို့မှ ထုတ်လုပ်သော ကွမ်ရှီးအထူးပြုကုန်စည်များ၏ နိုင်ငံရပ်ခြား ဈေးကွက်အတွက် "ကျန့်"ပုံနှိပ်ပေးကာ ၎င်းတို့ကို အသိအမှတ်ပြုခဲ့သည်။ ၎င်းအထူးပြုကုန်စည်များမှာ လက်ဖက်၊ ဆန်၊ ဆန်ခေါက်ဆွဲနှင့် သစ်သီးဝလံများဖြစ်ကြပြီး ဟောင်ကောင်မှတစ်ဆင့် နိုင်ငံခြားဈေးကွက်ဆီသို့ တင်ပို့ရေးအတွက် အလွန်အရေးကြီးသည့် ကုန်ပစ္စည်းများဖြစ်ကြသည်။

ယခုနှစ်တွင် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ၎င်း၏အထူးပြုကုန်စည်များကို ဈေးကွက်ရှာဖွေရေးအတွက် အမျိုးသားအဆင့် အဆင့်မြှင့်တင်ဆောင်ရွက်မှုကိုလည်း ပြုလုပ်သွားမည်ဖြစ်ကာ ၎င်းကို "Guizihao" ကုန်အမှတ်တံဆိပ်တွဲ စီမံကိန်းဟုခေါ်သည်။ ၎င်းစီမံကိန်းမှာ"Guicha (ကွမ်ရှီးလက်ဖက်)"၊ "Guiguo (ကွမ်ရှီးသစ်သီးဝလံ)"၊ "Guijiu (ကွမ်ရှီးအရက်)"၊ "ကွမ်ရှီးဆန်ခေါက်ဆွဲ" များနှင့် အခြားကုန်စည်များအပေါ် အလေးထားသွားမည်ဖြစ်ကာ နှစ်ကာလကြာရှည်စွာ တစ်သမတ်တည်း ထုတ်လုပ်လာသည့် (Time-honored) အမှတ်တံဆိပ်များနှင့် "Guizihao" ကုန်အမှတ်တံဆိပ်တွဲ အုပ်စုဖြစ်သော အွန်လိုင်းမှ ရောင်းချသည့် ကုန်စည်များနှင့် "မြို့တစ်မြို့အတွက် ကုန်စည်တစ်မျိုး" လက်ဆောင်အမှတ်တံဆိပ်များကို မြှင့်တင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် "ကွေ့ကျိုး" နှင့် "ကွမ်ရှီး" ဆန်ခေါက်ဆွဲများအတွက် အရောင်းမြှင့်တင်မှုများကို ပြုလုပ်ပေးထားရာ အပြုသဘောဆောင်သည့် ရလဒ်များ ရရှိထားပြီးဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ဒေသထွက် အများပြည်သူပိုင် အမှတ်တံဆိပ်အခု ၅၀၊ ကုန်ပစ္စည်း အမှတ်တံဆိပ်အခု ၁၀၀ နှင့် ကော်ပိုရိတ် အမှတ်တံဆိပ်များကို တည်ဆောက်သွားရန် ကွမ်ရှီးက စီစဉ်ထားသည်။ ထိုသို့ စီစဉ်ထားရှိမှုမှာ ဇောင်းလူမျိုး၏ ဘဝ-အကျိုးပြုသော၊ လှပသော၊ လတ်ဆတ်သော၊ ရန့်ကောင်းသော ကုန်စည်များကို ပြည်နယ်နှင့် ကမ္ဘာသို့ ပြသရန် အတွက် အမှတ်တံဆိပ်ရှိပြီး အရည်အသွေးမြင့်မားကာ စံနှုန်းပြုထားပြီးဖြစ်သည့် အထူးပြုထုတ်လုပ်သော ကုန်စည်များ ဖွံ့ဖြိုးတိုးတက်လာမှုကို မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ရင်းမြစ်။ Nanning Daily

ဒေါက်တာရွှေစင်ကို
စီးပွားရေးသံမှူး (နန်နင်းမြို့)

If you can't reuse it,refuse it
ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ
သုံးရန်ငြင်းဆန်ကြ။